


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၀၈၀၉၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၃၄၁၁၁၀

ထုတ်ဝေသူ ● ဦးကျော်ဆန်း၊ (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ရွှန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ● ဦးကျော်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ မတ်လ။

အုပ်ရေ ● ၅၀၀ အုပ်

တန်ဖိုး ● ၁၀၀ ကျပ်

ဖြန့်ချိရေး ● ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
တန်ခူးလေပြေ
ချိန်းတဲ့ရက် / တန်ခူးလေပြေ။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၀၉။
၁၇၀ စာ၊ ၁၃ . × ၂၀.၇ စင်တီ။
(၁) ချိန်းတဲ့ရက်


BURMESE CLASSIC .com

## အခန်း(၁)

လေထုသည် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကကဲ့သို့ သန့်ရှင်းစင်ကြယ်ခြင်းမရှိတော့သော်လည်း သက်ရှိတို့ ရှင်သန်နေနိုင်ဆဲဖြစ်သော ကမ္ဘာလောကကြီးမှာ နှစ်လိုဖွယ် လှပနေဆဲရှိ၏။ တိုက်ခတ်နေသော လေညှင်းသွဲ့သွဲ့အား ဖမ်းချုပ်ဆုပ်ကိုင်၍ ဓာတ်ခွဲတိုင်းတာစစ်ဆေးကြည့်လျှင် ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှုနှုန်း မည်မျှရှိနေမည်လဲ။

လေထုညစ်ညမ်းမှုပမာဏကို သာမန်လူတို့ အလွယ်တကူတိုင်းတာသိရှိနိုင်စွမ်းမရှိသဖြင့် အန္တရာယ်ကင်းတန်ကောင်းပါရဲ့ဟူသော အတွေးနှင့်သာ အသက်ရှူမှုကို ပြုနေကြရ၏။

ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်ဟုဆိုလျှင် လေအသက်ကား မိနစ်ပိုင်းမျှသာ။ ရေကိုချင့်ချိန်သောက်၍ လေကိုလိုသလောက် ရှူခွင့်ရနေခြင်းကပင် အဟောဝတ ကောင်းလေစွဖြစ်နေသည်မဟုတ်လား။ လေကို ပိုးစိုးပက်စက်ရှူ၍ အခွန်ဆောင်ရသည်မှ မဟုတ်ဘဲလေ။

အိုဇုန်းလွှာ အပေါက်အပြဲများနှင့် ကောင်းကင်ပွင့် တုပ်ကွေးဖြစ်နေသော ငှက်များချို့နွဲ့စွာ ပျံသန်းနေကြ၏။ အာကာသနှင့် အန္တာတိတ်

www.burmeseclassic.com

www.burmeseclassic.com

မှ ရေခဲပြင်ထုထည်အားလျော့ပါးသွားစေရန် အင်နာဂျီဖြည့်တင်းနေသော နေမင်းသည်လည်း အိုဗာတိုင်ဆင်းနေရသည်ထင့်။

မည်သို့ပင်ဖြစ်စေ ချိန်းနဲ့ ကမ္ဘာကြီးပေါ် လူအသစ်များက စက္ကန့်မခြား တိုးပွားနေ၏။ မနုသတ္တဘာဝေါဒုလ္လဘော၊ လူ့အဖြစ်သည် ရခဲ၏။ ထိုဒုလ္လဘတရားကြီး မင်းမြတ်တို့ မိသားစုထံ ဧည့်စာရင်းမတိုင်ဘဲ အလည်ရောက်လာတာ တော်တော်ကြာခဲ့ပါပြီ။

တိတိပပဆိုရလျှင် ခုနစ်လရှိခဲ့ပြီလည်းဖြစ်၏။ အကြားအမြင်မဟုတ် ဗေဒင်လည်းမဟုတ်ဘဲ အာထရာဆောင်းအလိုအရ အသစ်စက်စက် လူထီးလေးတစ်ယောက်ကို ကြိုဆိုခွင့်ရတော့မည်။ လာခြင်းကောင်းသော လူကလေးဖြစ်စေရန် ဆုတောင်းပြီး မိသားစုအားလုံး မျှော်လင့်ခြင်းနှင့် ရင်ခုန်နေကြရပြီဖြစ်သည်။

မင်းမြတ်၊ မေမေဒေါ်မြရီနှင့် ငွေမှုံတို့ ကညွတ်ကွင်းမြို့ တိုက်နယ်ဆေးရုံထဲသို့ ဝင်လာကြ၏။ ဒီနေ့ ငွေမှုံ ဗိုက်ပြရမည့်နေ့ဖြစ်သည်။

မင်းမြတ်က ငွေမှုံကို အမေနှင့်အတူ တယုတယဖေးမတွဲခေါ်လာ၏။ လူနာမှတ်တမ်းစာအုပ်ထပ်ပြီး အလှည့်ကျဝင်၍ ပြသခွင့်ရရန် စောင့်ဆိုင်းရသည်။

ခဏအကြာတွင် နပ်စ်မလေးတစ်ယောက်က ဗိုက်ကြီးသည်များအား ဆီးစစ် သွေးစစ်ရန် ပုလင်းငယ်လေးများ လိုက်ဝေ၏။ မင်းမြတ် ထိုဆရာမလေးကို မြင်မိသည့်အခိုက်အတန့်မှာပင် ဘယ်ဘက်ရင်ညွှန့်အတွင်းမှ နှလုံးသားအား ကဝေတစ်ကောင်က ဆုပ်ညှစ်ဖြစ်ညှစ်လိုက်သလို ခံစားလိုက်ရသည်။

အဖြူအစိမ်း ဝတ်စုံ အဖြူရောင်ခေါင်းဆောင်းနှင့် ရှင်းသန့်ဝင်းဖန့်သော အသားအရေပိုင်ရှင် ဆရာမလေးအား မင်းမြတ် လွန်စွာနှစ်သက်သဘောကျသွားမိတော့၏။



မမိတ်မသုန်အကြည့်များနှင့် မလွတ်တမ်း ရှုစားနေမိရာ ပတ်ဝန်းကျင်ကိုပင် မေ့လျော့သွားရသည်။ အနားရောက်လာသော ဆရာမလေးမှာ မင်းမြတ်၏ အငမ်းမရ အကြည့်များကို ရိပ်မိသွားပြီး ဒေါ်ပွကာ မျက်စောင်းထိုး၏။

'ကိုယ်ဝန်ဆောင် နာမည်နဲ့ အသက်ပြော'

'ငွေမှုံ အသက် ၂၄ နှစ်ပါ ဆရာမ'

ဆရာမ အမေး၊ ငွေမှုံ၏အဖြေအပြီးတွင် ဆရာမလေးက ငွေမှုံနာမည်ရေးလိုက်သော ပင်နီစလင်ပုလင်းနှစ်လုံး လှမ်းပေးရင်း...

'ပုလင်းတစ်လုံးထဲ ဆီးထည့်ပေးပါ၊ နောက်တစ်လုံးက သွေးဖောက်ဖို့၊ ဟိုစားပွဲက လူဆီသွား၊ ဒါနဲ့ ခင်ပွန်းနာမည်က...'

ဆရာမလေးကို မျက်ခြေမပြတ် ကြည့်နေသော မင်းမြတ်က သွက်လက်စွာ အဖြေပေးလိုက်သည်။

'မင်းသစ်ပါ ဆရာမ'

ဆရာမလေးက စာရွက်စာတန်းတွင် မှတ်သားပြီး တာဝန်ကျရာသို့ ဆက်လက်ထွက်ခွာသွား၏။ မင်းမြတ် အကြည့်က ထက်ချပ်မကွာ။ ခေါ်တောသောင်စင်ဝပ်အားနှင့် ဒလစပ်ငမ်းနေသော မင်းမြတ်အား အမေက လှမ်း၍တို့ရင်း ပြောလိုက်သည်။

'ဟဲ့... သား၊ ငွေမှုံသွေးဖောက်ရအောင် လိုက်ပို့ဦးလေ၊ အမေ ဒူးနာနေတာ သိလျက်နဲ့၊ ကူလုပ်ပေးလိုက်ဦး'

'ဗျာ... ဪ... ဟုတ်ကဲ့၊ လာ... ငွေမှုံ'

ငွေမှုံကို တွဲထူဖေးမပြီး သွေးနှင့်ဆီးစစ်နိုင်ရန် ကူညီပေးရ၏။ ထိုသို့ခေါက်တုံ့ခေါက်ပြန် သွားလာနေစဉ် ဆရာမလေးနှင့် ခဏခဏပြန်ဆုံရ၏။ ဆရာမလေး၏ အလှတွင် နစ်မွန်းပျော်ဝင်နေပြီဖြစ်သော မင်းမြတ်မှာ ယောကျ်ားပီပီ ဓာတ်လမ်းအစပျိုးရန် စူးစူးရဲရဲ ကြည့်၏။

www.burmeseclassic.com

ဆရာမလေးက ဗိုက်ကြီးတကားကားနှင့် မိန်းမတစ်ယောက်
ကို တွဲပြီး အငမ်းလစ်မစ်တွေ မြင့်တက်လျက်ရှိသော မင်းမြတ်အား
ဘုကြည့်ကြည့်၏။ ထိုအကြည့်ကို မင်းမြတ်က အကဲပိုလိုက်တာ
ဆရာမရာဟု ဘာသာပြန်၏။

ငွေမှုံ ကိုယ်ဝန်နှင့်ပတ်သက်ပြီး ဆေးရုံနှင့် ဆက်နွှယ်ရမည့်
နောက်လုပ်ငန်းစဉ်များရှိနေသေးသည်မို့ ဆရာမကို မရရအောင် လိုက်
တော့မည်ဟု မင်းမြတ် ဆုံးဖြတ်ချက်ချ၏။

ဒူးနာနေသော မေမေ့ကြောင့် ငွေမှုံ၏ ကိစ္စအဝဝမှာ မင်းမြတ်
တာဝန်ဖြစ်နေသည်။ စစ်ဆေးစမ်းသပ်မှုအားလုံး ငွေမှုံနှင့်အတူ
တကောက်ကောက်လိုက်၍ ဆောင်ရွက်ပေးရ၏။

ကိစ္စအားလုံး ပြီးစီးမှ သန့်ရှင်းရေးဝန်ထမ်းတစ်ယောက်အား
ချဉ်းကပ်၍ ဆရာမလေးကို ညွှန်ပြပြီး နာမည်မေးမြန်းစုံစမ်းရသည်။
လက်ဖက်ရည်ဖိုးပေးပျော်လှသော နာမည်တစ်လုံး သိခဲ့ရ၏
ဆောင်းနှင်းဝေတဲ့။ လူရော နာမည်ပါ လှလိုက်တာလေ။ မင်းမြတ်
ဘယ်ဘက်ရင်အုံဆီမှ ဒုတ်ဒုတ် ဒုတ်ဒုတ်နဲ့တောင် မြည်လို့။

❀

မင်းမြတ်တို့နေသော ဆင်ဇလုပ်ကျေးရွာသည် တောကျွဲအင်း
နှင့် ကညွတ်ကွင်းကြားတွင်ရှိ၏။ ရန်ကုန်-မန္တလေး အဝေးပြေးကား
လမ်းမကြီးပေါ်ရှိ ဂုံးတဲရွာလေးမှ လှမ်းမျှော်ကြည့်သော် ကွင်းချောင်း
ကြီးပေါ် မေးတင်နေသော ဆင်ဇလုပ်ရွာကို လှမ်းမြင်တွေ့နိုင်သည်။

ဤရွာတွင် မင်းမြတ်တို့ ဘိုးဘွားဘီဘင်လက်ထက်ကတည်း
က ဇာတိချက်မြှုပ်အဖြစ်နေလာကြခြင်းဖြစ်၏။ ဖေဖေဦးဟန်မြတ်နှင့်
မေမေဒေါ်မြရီတွင် မင်းသစ်နှင့် မင်းမြတ် မည်သော သားနှစ်ယောက်
ရှိသည်။



ဦးဟန်မြတ်မှာ လယ်နှင့်ကိုင်းရောနှောလုပ်ကိုင်သော တကယ့်
တောင်သူလယ်သမားအစစ်ဖြစ်၏။ လယ်ဧက ၃၀ တွင် ပုံမှန် စပါး
စိုက်ပြီး ကွင်းချောင်းမကြီး သောင်ထွန်းသောအခါကျမှ သောင်ထွန်း
မြေနုကျွန်းပေါ်တွင် ပဲ၊ ခရမ်းချဉ်၊ သခွား၊ ငရုပ်၊ ကြက်သွန်၊ နှံနှံ
စသည်တို့ကို စိုက်ပျိုး၏။ ဦးဟန်မြတ်၏ သားနှစ်ယောက်လုံး အဝေး
သင်တက္ကသိုလ်မှ ဘွဲ့ကိုယ်စီရထားပြီး စီးပွားရေးလည်း အတန်အသင့်
အဆင်ပြေသဖြင့် ဆင်ဇလုပ်မှာတော့ ရွာမျက်နှာဖုံးများ ဖြစ်ကြသည်။
မင်းသစ်မှာ ပညာစုံသည်နှင့် ကြင်ယာပါခုံမင်သော အိမ်ထောင်သည်
တစ်ယောက်ဖြစ်ခဲ့ပြီ။

အစ်ကိုဖြစ်သူ မင်းသစ် အိမ်ထောင်ကျပြီးမကြာခင်မှာပင်
မလေးရှားသို့ သုံးနှစ်သက်တမ်းနှင့် အလုပ်ထွက်လုပ်သည်။ မင်းသစ်
က မိရိုးဖလာ အလုပ်ကို စိတ်မဝင်စား၊ အိမ်ထောင်သက် တစ်နှစ်ခန့်
တွင် စီးပွားရှာဖို့ထွက်သွားတော့ သူ့ဇနီး ငွေမှုံမှာ ကိုယ်ဝန်နှစ်လနှင့်
ကျန်ခဲ့၏။

ငွေမှုံက မင်းသစ်၊ မင်းမြတ်တို့နှင့် တစ်ရွာတည်းသား သူငယ်
ချင်းများဖြစ်ပြီး မင်းမြတ်နှင့် ရွယ်တူဖြစ်ကာ ဆော့ဖော်ဆော့ဖက်များ
ဖြစ်ဖူးသည်။ အမေ့ချွေးမအဖြစ် အိမ်ကိုပါလာပြီးနောက် အိမ်ထောင်
ထိန်းသိမ်းမှု ကျွမ်းကျင်ခြင်း၊ အလုပ်အကိုင်လာဘ်မြင်ခြင်း လင်သား
ကို ရိုသေမြတ်နိုး၍ ပီယဝါစာ စကားကိုသာ ဆိုတတ်ခြင်းတို့ကြောင့်
အမေ၏ ချစ်ခင်အားကိုးမှုကို အရယူနိုင်ခဲ့သည်။

သမီးမိန်းကလေးလိုချင်တပ်မက်မှု ကွက်လပ်အား ငွေမှုံက
ဖြည့်ပေးခဲ့သည်မို့ အဖေ အမေတို့၏ အချစ်တော်လည်း ဖြစ်ခဲ့သည်။
မင်းသစ် ရေခြားမြေခြားသို့ ထွက်သွားပြီးနောက် တဖြည်းဖြည်း
ကိုယ်ဝန်ရင့်လာသောအခါ ငွေမှုံမှာ ချွေးမမှ သမီးအရင်းဖြစ်သွား၏။

အာထရာဆောင်းရိုက်ပြီး ယောကျ်ားလေးမှန်း သိရသည်နှင့်

www.burmeseclassic.com

အဖေက လက်ခမောင်းခတ်၍ မြေးရှင်ပြုဖို့ စိတ်ရည်သန်ကာ အပျော်ကြီးပျော်နေတော့သည်။ ငွေမှုံ၏ ဂျူးဒိတ် (ခနဲ့မှန်းမွေးဖွားရက်)မှာ ရက်သတ္တခြောက်ပတ်ခန့်သာ လိုတော့ရာ အဖေနှင့်အမေက မြေးဦးကိုယ်ဝန်လွယ်ထားရသော ချွေးမ၏ ကိုယ်ရံတော်နှင့် အိမ်ဖန်စောင့်များဖြစ်သွားသဖြင့် မင်းမြတ်တစ်ယောက်တည်း လယ်ကိစ္စ ယာကိစ္စကိုလုံးပန်းရတော့၏။

စာရင်းငှား ဖိုးကူးနှင့်သာ ဒင်တို့ရှိ၍သာ တော်တော့သည်လေ။ လက်တွန်းလယ်ထွန်စက်တစ်စီး၊ နွားတစ်ရှဉ်းနှင့် လယ်များကိုဦးစီး၍ ထွန်ယက်နေရသည်။ အချိန်အခါအလိုက်လုပ်ရသော အလုပ်ဖြစ်၍ ဖင့်နွဲ့နေ၍ မရပေ။

အမြန်ဆုံး ထွန်တုံးပိတ်နိုင်အောင် ကြိုးစား၍ ပျိုးကြဲပြီးမှသာလျှင် အနားရတော့မည်ဖြစ်၏။ ဒီနေ့ညနေ မှောင်ရီပျိုးအလုပ်သိမ်းတော့နောက်ထပ်ထွန်စရာ နှစ်ဧကသာ ကျန်တော့၍ စိတ်အေးရသည်။

ထွန်စက်တွန်းပြီး လယ်ထွန်ခဲ့ရသည်မှာ တစ်နေကုန်နီးပါးဖြစ်၍ မင်းမြတ်တစ်ကိုယ်လုံး အကြောအချင်များ တောင့်တင်း ကိုက်ခဲလျက်ရှိ၏။ အိမ်သို့အမြန်ပြန်၍ ထွန်စက်သိမ်းပြီးသည်နှင့်ရေမိုးသန့်စင် ရသည်။ မရီးတော် ငွေမှုံ၏ အခြေအနေမေးရင်းထမင်းကို ခပ်သွက် သွက်စား၏။

ညဦးပိုင်း ကိုယ်ပိုင်အချိန်လေးကိုတော့ ရွာက ကာလသားတို့ထုံးစံအတိုင်း အနားယူအပန်းဖြေရဦးမည်လေ။ မင်းမြတ်မှာ သရဲကြောက်တတ်သော်လည်း မသွားဘဲလည်းမနေနိုင်သဖြင့် စားသောက်ပြီးသည်နှင့် အပြင်သွားဦးမည်ဟု အဖေ့ထံ ခွင့်တောင်းပြီး ဓာတ်မီးတစ်လက်ဆွဲကာ ကျင်တိတ်တို့ ဗီဒီယိုရုံသို့ ထွက်လာခဲ့သည်။ ခေတ်ကာလတိုးတက်လာသည့်အလျောက် ရွာရှိ လူဦးရေထက်ဝက်ကျော်မှာ အပေါ်စက်အောက်စက်များ ရှိနေပြီဖြစ်ရာ ကျင်တိတ်လည်း ဗီဒီယို



ပြစား၍ မကိုက်တော့သဖြင့် ဘောလုံးပွဲသာ အဓိကထားကာ ပြသစီးပွားရှာနေရပြီ ဖြစ်သည်။

ညနေခြောက်နာရီတွင် မြန်မာကားတစ်ကား၊ ဝတ္ထုရားကျေပြသမြဲဖြစ်ပြီး နွမ်းပါးသော မိသားစုမှ အမျိုးသမီးများ၊ ကလေးများအားပေးကြ၏။ ညနက်ပိုင်းမှ ဘောလုံးပွဲရှိလျှင် ရှစ်နာရီတွင် အချစ်ဇာတ်ကြမ်းကားတစ်ကား ကြားဝင်ခုသည်။

ဘောပွဲစောလျှင်တော့ ဘာကားမှ မပြတော့။ ကိုကျင်တိတ်ဗီဒီယိုရုံဝန်းကျင်သည် ရွာ၏ အစည်ကားဆုံး အပိုင်းလည်းဖြစ်၏။ ထမင်းကြော်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ဒေါ်နီအသုတ်ဆိုင်၊ အရက်ဆိုင်၊ ကုန်စုံဆိုင်နှင့် ကုန်မာဆိုင်များရှိ၏။

အရက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်တွင် ကာလသားများစတည်းချပြီး ရွာသူလုံမတို့ကို ဖိုသံပေးကြ၊ ငေးကြ၏။ ကျင်တိတ်ကမီးစက်နှင့် မီးပေးသည့် အလုပ်ကိုပါ လုပ်လေရာ ရွာလမ်းတစ်လျှောက်ချောက်တီးချောက်တောက် လင်းထိန်နေ၏။ ဗီဒီယိုရုံနားတဝိုက်ကားမီးအလင်းဆုံး အစည်ကားဆုံးပင်ဖြစ်သည်။

သို့ဖြစ်၍ ညဦးပိုင်းတွင် လုံမတို့ အလှပြင်၍ လမ်းသလားရနေရာလည်းဖြစ်နေလေ၏။ ထိုဗီဒီယိုရုံသည် ရှေးက ရေတွင်းရေကန်လိုဖြစ်နေ၏။ ရှေးက လုံမတို့ ရေခပ်ဆင်းချိန်တွင် လုလင်ပျိုတို့ပလွေကြို လူရေးပြကာ ချစ်ဖွဲ့ဟာဆင်ခဲ့ကြသလို ကျင်တိတ်၏ဓာတ်ရှင်ရုံသည်လည်း ရွာလူငယ်ထု၏ နှလုံးသား ပန္နက်ချရာနေရာဖြစ်လာသည်။

ဒေါ်နီ၏ လက်ဖက်သုပ်၊ ဂျင်းသုပ်၊ ရှောက်သီးသုပ်၊ ခရမ်းချဉ်သီးသုပ်၊ မြင်းခွာရွက်သုပ်၊ ဆေးဘဲဥသုပ်ဆိုင်ကလေးမှာ လုံမတို့အလှပြရာ အရပ်ဖြစ်သလို အရက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်ကားကာလသားတို့ ဘူမိနက်သန်ဖြစ်နေလေတော့သည်တတား။

www.burmeseclassic.com

www.burmeseclassic.com


မင်းမြတ် ဗီဒီယိုရုံတန်းသို့ ရောက်သောအခါ ညဈေးတန်းက စည်ကားနေပြီဖြစ်သည်။ ဝီရိယကောင်းသော အောင်ဘနှင့် သာဂိတို့လည်း သားကောင်ချောင်းသော ကေသရာဇာကဲ့သို့ ရှိနေချေ၏။

လက်ဖက်ရည်ဆိုင်မှ သာဂိတို့ စားပွဲဝိုင်းဝင်ထိုင်လိုက်သော်လည်း အောင်ဘနှင့်သာဂိမှာ မင်းမြတ်ကို မမြင်ရှာ။ ၎င်းတို့မျက်လုံးများက သနားစရာကောင်းလောက်အောင် အလုပ်များနေကြသည်လေ။

ဒေါ်နီအသုပ်ဆိုင်၌ လက်ဖက်သုပ်စားချင်ယောင်ဆောင်၍ လူလုံးပြနေကြသော လုံမပိုင်းတွင် ဆင်ဇလုပ်ဥက္ကဋ္ဌသမီး မုံရွှေရည်ရှိနေသလို သူဌေးဦးဘောဂ၏ သမီးသဇင်နွယ်လည်းရှိနေ၏။

သူတို့နှစ်ယောက်က အောင်ဘနှင့် သာဂိတို့ပစ်မှတ်ပင်ဖြစ်သည်။ မင်းမြတ်သူငယ်ချင်းများထဲမှ အောင်ဘမှာ ကညွတ်ကွင်းမြို့ရှိ ဆန်စက်မှ မန်နေဂျာဖြစ်ပြီး သာဂိမှာ ဆိုင်ကယ်ကယ်ရီမောင်းသလို ကြုံရာကျပန်း အလုပ်စုံ အကုန်လုပ်သူတစ်ယောက်ဖြစ်လေသည်။

သာဂိနှင့်အောင်ဘမှာ မင်းမြတ်ကို လုံးဝစိတ်မဝင်စား။ အာသာငမ်းငမ်းသွားရည်တမြားမြားကျအောင်ပင် မျက်လုံးများနှင့် ၃၇၆ ပြစ်မှုကြီးကို ပိုးစိုးပက်စက် ကျူးလွန်နေကြ၏။ ငါးဆယ့်ကိုးစက္ကန့်တိတိစောင့်ဆိုင်းပြီးသည်အထိ အရေးမလုပ်ကြသောအခါ မင်းမြတ်သည်းမခံနိုင်တော့။ ဒေါ်ပွပွနှင့် သာဂိရှေ့မှ ပါဝါအအေးပုလင်းကို လှမ်းဆွဲပြီး ကောက်မော့ရန် ဟန်ပြင်လိုက်သည်။ ထိုအခါကျမှ…

'ဟာ… ဟေ့ကောင်… မှားကုန်မယ်၊ မှားကုန်မယ်၊ အဲဒါသူ့ချည်းသာလောမဟုတ်ဘူး၊ ဖေနဲ့ရောထားတာ၊ မှောက်သွားလိမ့်မယ်'

သာဂိက ပါဝါပုလင်းကို ဘိုးဘွားအမွေအနှစ် ရတနာသော့တွားအလား အသည်းအသန် လုယူကာ ရင်ခွင့်ပိုက်ထား၏။

'ဘယ်လို သူ့ချည်းပဲ မဟုတ်ဘူး၊ ပါဝါချည်းပဲ မဟုတ်ဘူး၊ ဇေပါရောထားတယ်၊ ဒါဆို အရက်ပေါ့'

'ဟာ… ဒီကောင် တိုးတိုးပြောစမ်းပါဟ၊ လက်ဖက်သုပ်စားနေတဲ့ ငါ့အသည်းလေး ကြားသွားပါဦးမယ်'

သာဂိက အသောက်သမား၊ နေအကျမှာ လေထရှာသော်လည်း သဇင်နွယ်ကို ဂေါ်ရေးပြလိုသေးသဖြင့် အအေးထဲ အရက်ရောသောက်ရင်း အလုပ်နှစ်လုပ် တစ်ဘရိတ်တည်း လုပ်နေခြင်းဖြစ်၏။

'အောင်မလေးကွာ၊ ဘယ်လိုပဲ ဟန်ဆောင်ဆောင် မင်းကဇော်သမားဆိုတာ တစ်ရွာလုံး သိပြီးသားပဲ ဥစ္စာ၊ ဆင့်သေကောင်ပုဆိုးခြုံလို့ လုံမလား'

'ဟေ့ကောင်… မင်းမြတ်၊ နင်းသတ်လိုက်လို့ ပြားကပ်သွားမယ်၊ သိသာသိစေ မမြင်စေနဲ့ဆိုတဲ့ စကားက အလကားပေါ်လာတာမဟုတ်ဘူး၊ ရိုးသားကြိုးစားတဲ့ လင်ကောင်းရဖို့ အရက်တော့ ငုံ့ပေးရဲရမှာပေါ့၊ ဒါပေမဲ့ အခုနေ မြင်သွားလို့တော့ မဖြစ်ဘူးလေကွာ၊ ဒါကို ပြောတာ'

'ဟား… ဟား… ဟား… သူ့ကိုယ်သူများ လင်ကောင်းသားကောင်းတဲ့၊ ကြားကောင်းအောင် ပြောတဲ့စကားမှာတောင် အရက်နံ့က သင်းလို့ ဟား… ဟား'

မင်းမြတ်က ဟောင်ဖွာ ဟောင်ဖွာနှင့် သာဂိကို အပြတ်ဖြုတ်နေတော့ အောင်ဘက စစ်ကူဝင်လာ၏။

'ဟုတ်သားပဲ မင်းမြတ်ရာ၊ မင်းလို အတိတ်မရှိ အနာဂတ်မရှိ ပစ္စုပ္ပန်မှာ ပေါလောမြောနေတဲ့ကောင်အတွက်ကတော့ ဘာအရေးလဲကွာ၊ တို့မှာက အချစ်ကို ကျောထောက်နောက်ခံပြုပြီး ဘဝတစ်ခု အစပြုဖို့ ပြင်ဆင်နေကြတာလေ၊ မကူညီချင်နေ၊ မနှောင့်ယှက်နဲ့၊ လက်ဖက်ရည်မှာသောက်ပြီး အေးအေးထိုင်နေ'

www.burmeseclassic.com

'အောင်မာ ပန္နူပွာန်မှာ ပေါလောမြောနေတာ ငါမဟုတ်ဘူး မင်းကြီးတော်'

'ဟား... ဟား... ဟား... ကဲ ဒါဆိုပြောစမ်း၊ မင်းမှာ မှန်းရှယ်ရည်စူးမြတ်နိုးဖူးသူ ရှိလို့လား'

နှစ်ကောင်ပေါင်း၍ တိုက်စစ်ဆင်လာတော့ မင်းမြတ်လည်း မခံချင်စိတ်နှင့် ငုပ်လျှိုးနေသော မာနကို ပြာမချဘဲဖြစ်သမျှကို လှစ်ဟ ဆိုလိုက်၏။ သူ့အသည်းနှလုံးပိုင်နက် နယ်မြေအား အတင်းအဓမ္မ ချဉ်းနင်းဝင်ရောက် ကျူးကျော်သိမ်းပိုက် ထိုးနှန်းစိုက်၍ ကိုလိုနီပြုသွား သော နပ်စ်မလေးအကြောင်း ပြန်ပြောင်းပြောပြလိုက်ရ၏။

သာဂိက ညာညီသလို အောင်ဘကိုလှည့်ကြည့်ရင်း မခိုးမခ နှင့် ငါးသလဲထိုးပြုံး ပြုံးကာ နှိပ်ကွပ်စကားဆိုသည်။

'ဩော်... ဆေးရုံမှာ အစပြုသန္ဓေတည်ခဲ့တာဆိုတော့ အစိမ်း သေ အပမီလာတာပေါ့၊ ခေါစာကျွေးပြီး မွေးထားမယ်ဆိုတဲ့သဘော သား'

'ဟာကွာ သာဂိရာ၊ နှိုင်းရက်တယ်ကွာ၊ မထော်မနန်း'

'ဟုတ်သားပဲ သာဂိ၊ အဲလိုတော့ မပြောသင့်ပါဘူး၊ ခုဟာက သူ့မရီးရဲ့ ကိုယ်ဝန်နဲ့ အစပြုပြီး ဆုံရတာဆိုတော့ ဒါဟာ ဇာတ်ပေါ့ မဟုတ်ဘူးလား'

'ဟဲ... ဟဲ... ဟုတ်တယ် အောင်ဘ၊ ဟုတ်တယ်၊ အချစ် သစ် အစပြုရာ ဇာတ်က ဆေးရုံပေါ့၊ ဒီလိုမဟုတ်လား၊ မင်း တော် တယ်'

အောင်ဘ၏ လက်သီးပုန်းကို မမြင်မိသော မင်းမြတ်မှာ အောင်ဘစကားကို သွားအဖြဲသားနှင့် ထောက်ခံမိ၏။ သာဂိမှာ မလို တမာမဲ့ရွဲ့လိုက်ရင်း ပါဝါနှင့်ရောသမထားသော အရက်ပုန်းကို ပိုက် နှင့် မှုတ်၍စုပ်ပြီး အရသာခံနေ၏။



'အိမ်း... သို့သော်လည်း မပြည့်စုံသေးဘူးကွာ'

'ဒါဆိုလည်း ပြည့်စုံအောင် လုပ်လေကွာ'

'အဟင်း... ဆေးရုံဟာ အစပြုရာ ဇာတ်ဖြစ်သလို ဆေးရုံရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ ရင်ခွဲရုံကျတော့ အဆုံးသတ်မရဏသဘော မဟုတ်လား'

'ဟော့ကောင်... ဟော့ကောင်'

'ဒီလိုပဲ မင်းရဲ့အချစ်တွေ ရင်ခွဲရုံမှာ နိဂုံးတံသွားမှာပါ'

နှစ်ကောင်ပေါင်းပြီး ရယ်လိုက်ကြသည်မှာ မင်းမြတ်အား တောထုတ်လိုက်သလိုမို့ မခံချိ မခံသာဖြစ်သွားရ၏။

'ဩော်... မင်းတို့က အတူတူနဲ့အနူနူ ဘိန်းစားချင်း တစ်လုံး ပိုရှူချင်ကြသေးတယ်ပေါ့၊ ကောင်းပြီ၊ ဘယ်သူ ရည်းစားအရင်ရမလဲ ဘယ်သူမိန်းမအရင်ရမလဲဆိုတာ စောင့်ကြည့်လိုက်၊ အဲဒါကမှ ယောကျ်ားတစ်ယောက်ရဲ့ အောင်မြင်မှုအစစ်'

'စိန်ခေါ်တာလား မင်းမြတ်၊ စိန်ခေါ်ရင် တိမ်ပေါ်အထိ တက်တတ်သလို ယှဉ်ပြိုင်ရင် ဖင်ထိုင်သွားအောင် လုပ်တတ်တယ် နော်'

ရီဝေဝေ သာဂိက ရီသဲ့သဲ့နှင့် ချဲလင်းလုပ်သဖြင့် မင်းမြတ် ဒေါပွသွားပြီး စိန်ခေါ်မှုကို လက်ခံလိုက်၏။

'ကောင်းပြီ သာဂိ၊ ငါထက်စောပြီး မင်းမင်္ဂလာဆောင်နိုင်ရင် ဖိတ်စာကုန်ကျစရိတ် တာဝန်ယူမယ့်အပြင် ဆိုင်ကယ်တစ်စီးပါ လက်ဖွဲ့ မယ်ကွာ'

'ဟား..., ဟား... ကြိုက်တယ်ကွာ၊ ပိုက်ဆံသာစုထားလိုက် တော့ မင်းမြတ်...'

သာဂိနှင့် မင်းမြတ်၏ စိန်ခေါ်ပွဲတွင် အောင်ဘက ဒိုင်လူကြီး မလုပ်ပါ။ အချိန်ရှိခိုက် လုံ့လစိုက်ဟူသော စကားအတိုင်း ဆင်ဇလုပ်

www.burmeseclassic.com

www.burmeseclassic.com

ရှာ ကွမ်းတောင်ကိုင် ဥက္ကဋ္ဌသမီး မုံရွေရည်အား ချစ်မျက်ဝန်းနှင့် ညှို့ယူဖမ်းစားနေလေ၏။

မုံရွေရည်ကလည်း အောင်ဘအား တစ်ချက်တစ်ချက် ခိုးခိုးပြီးကြည့်သည်။ အခြေအနေက အပြန်အလှန် စိတ်ဝင်စားသည့်ဟန်မို့ ပီတိဝေဖြာနေ၏။

သာဂိမှာလည်း ပြိုင်ပွဲဝင်တစ်ယောက်ဖြစ်နေပြီမို့ သဇင်နွယ်ကို အပီရှိုးပြီး ဂေါ်မိုးစွေနေတော့သည်။ ထိုအခါ မင်းမြတ်မှာ သင်းကွဲငှက်လို ဖော်ကွာဝေးနေရသည်မို့ မျှော်ကာငေးစရာမရှိသော သူ့ဘဝ သူအားငယ်နေရရှာသည်။

ဤသို့ဤနှယ် လူငယ်ဘဝ ဂေါ်ရေးပြနေကြသည်မှာ လက်ဖက်သုပ်တစ်ပွဲကုန်သည့် အချိန်တွင် လုံမတို့ လှုပ်လှုပ်ရွရွဖြစ်လာပြီး ပြန်ရန်ဟန်ပြင်တော့၏။

ချက်ဆိုသည်နှင့် နားရွက်ပါ မီးလောင်အောင် အကင်းပါးကြကုန်သော အောင်ဘနှင့် သာဂိက ပိုက်ဆံရှင်းလိုက်ကြသဖြင့် မင်းမြတ်မှာ ဘာမှမသောက်ရသေးဘဲ ပြန်ရမလိုဖြစ်သွား၏

'ဟေ့ကောင်တွေ ငါ့မှာ လက်ဖက်ရည်တောင် မသောက်ရသေးဘူးဟ'

'မသောက်ဖူးတာ ကျနေတာပဲ၊ အချိန်မရဘူးကွ၊ ဆင်ဇလုပ်ရဲ့ ဂေါ်လီမလေးတွေကို တော်ကီစကျွေးဖို့ ပြင်ဆင်ရဦးမှာ၊ တို့မှာက အားတာ မဟုတ်ဘူး၊ အချိန်နဲ့တပြေးညီ လှုပ်ရှားနေရတာ'

ဂေါ်မှုရေးရာ အဖြာဖြာနှင့် လက်ရုံးမီးတောက်နေသူများ၏ စကားကြီးစကားကျယ်ကြောင့် မင်းမြတ်တင်းသွားသော်လည်း သာဂိနှင့်စိန်ခေါ်ပွဲ ဆင်နွှဲထားသည့်အတွက် ဒီကောင့်အခြေအနေကို ခရေစေ့တွင်းကျသိထားဖို့လိုနေပြန်ရာ လက်ဖက်ရည်ကို ဘွာခတ်၍ အောင်ဘတို့နောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့ရတော့သည်။



ညမှောင်မှောင် လမှောင်မှောင် ကြယ်ရောင်ပြောက်ကြားအလင်းအားချို့တဲ့သော ရွာလမ်းအတိုင်း လုံမတို့ နောက်မှ ကာလသားတစ်သိုက်လိုက်သွားကြ၏။ မင်းမြတ်၏ ဓာတ်မီးရောင်က အားလုံးကိုလမ်းပြလျက်ရှိသည်။ အောင်ဘနှင့်သာဂိမှာ ဆိုင်ရာ ဆိုင်ရာ လုံမတို့နှင့်တိုးကပ်သွားသဖြင့် မင်းမြတ်တစ်ယောက်တည်း နောက်နားမှာ ကျန်ခဲ့၏။

'မုံရွေရည် ခိုင်မာလာနှင်းဆီ ကြိုက်ကာသာသင်းကြည် ခင်ခင်ပျိုလေး နှင်းဆီပန်းကို လက်လှမ်းကာချူမည်'

'ရှင့်လခလေးတစ်ပဲခြောက်ပြားနဲ့ လောက်ငဖို့မလွယ်ဘူး'

အောင်ဘ၏ စကားနှင့် မုံရွေရည်အဖြေက ခမ္ဘာသောကသီချင်းပဟေဠိဖြစ်နေတာ ကြားရတော့ မှောင်ထဲမှာပင် မင်းမြတ်ပါးစပ်ပိတ်၍ ရယ်မိသည်။ ဒီဘက်က မဟန်သဖြင့် သာဂိဘက်လှည့်စပ်စုမိပြန်၏။

'သဇင်နွယ်ရယ် ပင်လယ်ရေ ဘယ်မခန်းဆိုသလို ကိုကိုဂိရဲ့ အချစ်တွေကလည်း ဘယ်တော့မှ ခန်းသွားမှာ မဟုတ်ပါဘူး'

'ဘာတွေလာပြောနေတာလဲ ကိုသာဂိရယ်'

'ကိုကိုဂိအတွက်တော့ တစ်ပင်တည်း ရင်ထဲကနွယ်ဆိုတာ သဇင်နွယ်ပါလို့ ရှင်းပြနေတာလေ'

'အရက်သမားစကား မယုံစားရဲပါဘူးရှင်'

သဇင်နွယ့်စကားကြောင့် သာဂိလည်း သာကူလို ပျော့ပျော့ပြဲပြဲဖြစ်သွားရ၏။ ကိုယ့်ဘော်ဒါတွေ အရေးမလှသော်လည်း မိမိအတွက် အချိန်ရသေးသဖြင့် မင်းမြတ် ဝမ်းသာသွားသည်။

အောင်ဘက ငုပ်မိသဲတိုင် တက်နိုင်ဖျားရောဆိုဘိသကဲ့သို့ မလျှော့သော ခွဲလုံ့လနှင့်ထပ်၍ထပ်ကာ စကားဆိုပြန်ပါသည်။

'မုံရွေရည် ကိုယ်မင်းကိုချစ်တယ်ဆိုတာ ဒဏ္ဍာရီမဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com

တသွင်သွင် စီးဆင်းနေတဲ့ စိမ့်ရေ စမ်းရေလို သက်ဝင်လှုပ်ရှားနေတဲ့ ပကတိအရှိတရားပါ၊ ကိုယ့်မေတ္တာကို တုံ့ပြန်မိလို့ နောင်တရစရာ အကြောင်း မရှိပါဘူး မှုံရွှေရည်ရာ'

'ကဲ… ဒါဆို… ရှင့်ကို စကားထာနဲ့ အဖြေပေးလိုက်မယ်၊ အဲဒီစကားထာကို ဖော်နိုင်ရင် ကျွန်မ သဘောထားကို ကိုအောင်ဘ သိသွားမှာပါ'

'ဗျာ… စကားထာ၊ ဟုတ်ပြီဗျာ၊ ပြော… ကိုယ် ရအောင် ဖော်မယ်'

'ရှမ်းဘုရင် ကြွေနှစ်ပွင့်၊ တံငါမင့်လက်သုံးတဲ့၊ ကဲ… ရှင် ရအောင်ဖော်တော့'

မှုံရွှေရည်၏ အမေးစကားအဆုံးမှာ အတွေးများလုံးသွားတာက ကာလသားသုံးယောက်သာဖြစ်ချေသည်။ အဖြေကို စဉ်းစားကြပါသော်လည်း ရေးရေးမှ မပေါ်ဘဲ အကျပ်ရိုက်နေကြတော့၏။

အနိုင်ပြုံးများနှင့် ထုံဝေစည်နေသော မှုံရွှေရည်က…

'ကဲ… အဖြေစဉ်းစားလို့ရမှ ကျွန်မနဲ့ ထပ်တွေ့ဖို့လိုမလိုဆိုတာ ရုပ်လုံးပေါ်လာမှာ၊ အဲဒီတော့မှ ဓာတ်လမ်းဆက်လို့ ရမရ အတိအကျသိရမှာလေ၊ သွားပြီနော်'

မှုံရွှေရည်က ညှိမြူသာ ပြောပြီး အဖော်လုံမတို့လက်ကိုဆွဲ၍ အပြေးထွက်သွားကြ၏။ မှုံရွှေရည်တို့ အိမ်နှင့်လည်း နီးလာသည်မို့ ကာလသားတစ်သိုက်မှာ ဆက်မလိုက်ရဲကြတော့ဘဲ မှောင်မိုက်မဲသော ညအလယ်တွင် သနားစဖွယ် ကျန်ခဲ့ကြရှာတော့၏။

'ရှမ်းဘုရင် ကြွေနှစ်ပွင့်၊ တံငါမင့်လက်သုံးတဲ့၊ အဲဒါ ဘာလဲကွာ'

အောင်ဘမှာ ပဟေဠိကို အဖြေညှိမရသဖြင့် ခေါင်းကုပ်ညည်းညူနေရှာ၏။



သာဂိက သူ့ကိုယ်သူ ဦးပုညလိုလို ဖိုးရာဇာလိုလို ဂိုက်ဖမ်းပြီး မဟုတ်တရုတ် အဖြေပေးသည်။

'ရှမ်းဘုရင်ဆိုတာ စော်ဘွားကွာ၊ ကြွေနှစ်ပွင့်ဆိုတာ ခရေကွာ၊ တံငါမင့်လက်သုံးက ငါးမျှားတံကွာ'

'အဲဒီတော့'

'အဲဒီတော့ စော်ဘွားက ခရေပန်းနဲ့ ငါးမျှားနေတယ်လို့ပြောတာနေမှာပေါ့'

'ဟာကွာ၊ ပေါက်ကရတွေ၊ စကားထာဆိုတာ အဲလိုမျိုး မဟုတ်ဘူး၊ ခပ်လွယ်လွယ် အဖြေတစ်ခုပဲ ထွက်တာ'

သာဂိ၏ အဖြေကို အောင်ဘက ပယ်ချ၏။ မင်းမြတ်က တွေးတွေးဆဆ ပြောလိုက်သည်။

'ဒီလို စကားထာဝှက်တယ်ဆိုတာ ရှေးလူကြီးတွေပဲ သိတာကွ၊ ဒီတော့ လူကြီးတွေကို ချဉ်းကပ်မေးမြန်းမှ အဖြေမှန်ရမှာ'

'အေး… ဟုတ်တယ်၊ ငါလည်း လိုက်မေးမယ်၊ မင်းတို့လည်းနီးစပ်ရာ ကူပြီးမေးကြဦး'

'ကောင်းပြီ'

ထိုညက အဖြေမရှိသော ပဟေဠိကို ကိုယ်စီလွယ်ပိုး၍ လမ်းခွဲခဲ့ကြရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ဆောင်းနှင်းဝေနှင့် သင်းရနံ့တို့နှစ်ယောက် ညနေခြောက်နာရီတွင် ဂျူတီပြီး၍ နှစ်ယောက်အတူငှားနေသော အိမ်လေးဆီသို့ ပြန်လာကြ၏။ တာဝန်ပြီး၍ လွတ်လပ်ပေါ့ပါးသွားရသော ခံစားမှုမှာ ဘာနှင့်မျှ အစားထိုးမရအောင် ချိုမြိန်လွန်းလှသည်။

အိမ်အပြန်လမ်း၌ ထုံးစံအတိုင်း တကောက်ကောက်လိုက်လာသူ ကောင်လေးနှစ်ယောက်ကလည်း ဝတ္တရားမပျက်တာ သတိပြုမိလိုက်ကြသည်။ သို့သော် ဆောင်းနှင်းဝေနှင့် သင်းရနံ့တို့မှာ ဂျူတီချိန်ချင်းတူသဖြင့် သွားအတူ လာအတူ မခွဲဘဲ အမြဲတွဲနေကြသည်ဖြစ်ရာ ထိုကောင်လေးနှစ်ယောက် ဘယ်သူ့ကို ရည်ရွယ်ပြီး လိုက်နေမှန်းမသိကြရပေ။

အသွားအပြန် တကောက်ကောက်လိုက်နေရုံမှအပ အနားကပ်၍ စကားပြောခြင်း စာပေးခြင်းတို့ကိုလည်း မလုပ်ကြသဖြင့်သာ၍ပင် ဝေခွဲမရဖြစ်ကြရ၏။ ကြာတော့ စိတ်အနှောင့်အယှက်ဖြစ်သလို ခံစားလာကြရသည်လေ။

'ရနံ့ ငါတော့ နောက်ကနှစ်ကောင်ကြောင့် လွတ်လပ်မှု ဆုံးရှုံးရသလို ခံစားရတယ်ကွာ၊ သွားလေရာ ကပ်ပါလာတာ ကြာတော့ စိတ်ကုန်လာပြီ'



'ဘာလဲ ဆောင်း၊ လိုက်ရုံပဲ လိုက်ပြီး ဘာမှလာမပြောလို့ ဒေါပွနေတာလား'

'အောင်မယ် အပြောခံချင်နေတာ မဟုတ်ဘူး၊ စိတ်ရှုပ်လို့'

'စိတ်ရှည်ရှည်ထားပါ ဆောင်းရယ်၊ သူတို့ ဆီးဆားဗစ်ယူနေတုန်းမို့လို့ပါ'

'ဆီးဆားဗစ်ယူရအောင် ငါတို့က သင်္ဘောမှ မဟုတ်တာ'

'ဟား… ဟား… ဟား… အဲဒီလို ဆီးဆားဗစ်ကို ပြောတာ မဟုတ်ဘူး၊ sea ဆီးမဟုတ်ဘူး see ဆီးဟဲ့၊ ပင်လယ်ကိုဆိုလိုတာ မဟုတ်ဘူး၊ မျက်မှန်းတန်းမိအောင် ကြိုးစားနေတာကို ပြောတာ'

'ဟင်… ဒီလိုလား၊ ပေါက်ပေါက်ရှာရှာ ရနံ့ရယ်၊ ဟင်း… ဟင်း… ဟင်း'

စကားတပြောပြောနှင့် လျှောက်လာကြရာ အိမ်သို့ပင် ပြန်ရောက်လာခဲ့ကြသည်။ လိုက်လာသော ချာတိတ်နှစ်ယောက် ခပ်လှမ်းလှမ်းမှ ကွမ်းယာဆိုင်တွင် ရပ်ကျန်ခဲ့တာကို ခြံတံခါးပြန်ပိတ်ရင်း ဆောင်း လှမ်းမြင်လိုက်ရ၏။

ဆောင်း သက်ပြင်းချလိုက်ပြီး အိမ်ထဲဝင်လာခဲ့သည်။ အိမ်ထဲရောက်မှပဲ စိတ်လွတ်လပ်ပေါ့ပါးသွားရတော့သည်လေ။

အခန်းထဲရောက်ရောက်ချင်း ဆောင်းက ခုတင်ပေါ် ပစ်လှဲပြီး အညောင်းဆန့်လိုက်၏။ ရနံ့ကတော့ ယူနီဖောင်းကိုချွတ်ပြီး ချည်သားအင်္ကျီပွပွကို လဲလှယ်ဝတ်ဆင်နေသည်။

'ဆောင်း… နှင်တစ်ခါမှ ရည်းစားမထားဖူးဘူးလား'

'ဟေ့အေး'

'ယုံရမှာလား'

'ယုံလိုက်စမ်းပါဟာ၊ ငါယောကျာ်းတွေကို အမြင်ကပ်လွန်းလို့'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ရည်းစားမရှိဘူးဆို၊ ရင်နာစရာ ကိစ္စက ဘယ်လို ကြုံခဲ့ရတာလဲ၊ ပြောစမ်းပါဦး'

'ဘယ်သူက ရင်နာတယ်ပြောလို့လဲ၊ အမြင်ကပ်တယ်ပဲ ပြောတဲ့ဟာကို'

'ဘာဖြစ်လို့'

'တလောက ဆေးရုံမှာ မိန်းမကိုယ်ဝန်လာပြတဲ့ လူတစ်ယောက်လေ၊ အရှက်မရှိဟယ်၊ ငါ့ကိုငမ်းတာများ၊ ကိုယ့်မယားဗိုက်ကိုမှ အားမနာ၊ ဒီလိုအချိန်မှာ ဒီလောက်ထိ ဖြစ်စရာလား'

'ဟင်… ဒါဆို အမေတို့ပြောတာ မှန်နေပြီပေါ့'

'နှင့်အမေက ဘာပြောလို့လဲ'

'ယောက်ျားတွေရဲ့ အိမ်ထောင်ရေးဖောက်ပြန်မှုဟာ သူတို့မိန်းမတွေ ကိုယ်ဝန်ဆောင်ချိန်မှာဖြစ်နိုင်ချေ ပိုများသတဲ့၊ နှင့်ကို ငမ်းတဲ့ အဲဒီအကောင်က အဲသလိုလူစားမျိုးဖြစ်မှာပေါ့'

'အင်းနော်၊ တော်တော်စိတ်ပျက်ဖို့ ကောင်းတဲ့လူပဲ'

'အေး… အဲဒီလူ သူ့မိန်းမ မမွေးမချင်း ဆေးရုံနဲ့ ပတ်သက်နေမှာနော်၊ နင် သတိထားပြီးတော့သာ ရှောင်ပေတော့'

'စိတ်ချ ရန့်၊ ဒီလိုလူမျိုးလာကပ်လို့ကတော့ မှတ်လောက်အောင် ဆုံးမပစ်မယ်၊ သိလား၊ ကဲပါ စိတ်ရှုပ်တယ်၊ ငါ ရေချိုးလိုက်ဦးမယ်'

ဆောင်းနှင်းဝေ ပုဆိုးဖောင်းချွတ်ပြီး ထဘီအဟောင်းတစ်ထည်ရင်လျားကာ အိမ်နောက်ဖေးသို့ ထွက်လာခဲ့၏။ ရေမိုးချိုးရင်းဆောင်း သူ့အကြောင်း သူတွေးနေမိသည်။

သူနှင့် သင်းရန့်တို့ ဒီအိမ်ကလေးမှာ နေခဲ့ကြတာ တစ်နှစ်ပြည့်တော့မည်။ သူနာပြုတက္ကသိုလ်တက်စဉ်ကတည်းက သင်းရန့်နှင့် တွဲလာခြင်းဖြစ်ပြီး အလုပ်ရတော့လည်း ကညွတ်ကွင်းဆေးရုံတွင် အတူတူတာဝန်ကျ၏။

ဆောင်းနှင်းဝေက တောင်ငူမှဖြစ်ပြီး သင်းရန့်က ရန်ကုန်မှဖြစ်သည်။ ဆောင်းနှင်းဝေ၏မိဘများက တောင်ငူမှ ကျောင်းဆရာ၊ ဆရာမများဖြစ်၏။ မိသားစုဝင်အားလုံး အလုပ်ကိုယ်စီနှင့်မို့ လူချင်းဆုံရန် မလွယ်လှသဖြင့် ဖုန်းဖြင့်သာ အဆက်အသွယ်လုပ်ကြရသည်။

တစ်ဦးတည်းသော သမီးလေး ဆောင်းနှင်းဝေကို စိတ်မချသဖြင့် ဆောင်းနှင်းဝေ၏အဖေက ပင်စင်ယူဖို့ ကြိုးစားနေသောကြောင့် အားလုံးက ဝိုင်းတားနေကြရ၏။ တောင်ငူနှင့်ကညွတ်ကွင်း လာချင်ရင် အနီးလေးဆိုသော်လည်း တာဝန်ထမ်းနေရသူများဖြစ်နေသလို ငွေကြေးကို ချိန်ဆတွက်ချက်နေကြရသဖြင့် အနီးလေးနှင့်ခရီးဝေးနေကြရခြင်းဖြစ်သည်။

ဆောင်းနှင်းဝေ ရေချိုးရင်း အတွေးတွေ ကရှုတ်ကင်းလျှောက်ပြီး အိမ်ကို သတိရနေမိ၏။ ရေခွက်ကိုင်ရင်း တွေတွေငေးငေးဖြစ်နေသော ဆောင်းနှင်းဝေအား ခြံရင်းအိမ်မှ အစ်မသန်းက လှမ်းနှုတ်ဆက်၏။

'ဆရာမလေး ရေချိုးရင်း ဘာတွေတွေးနေတာလဲ၊ အအေးပတ်နေဦးမယ်'

'ရှင်… ဪ… အစ်မသန်းရေ အမေ့ကို သတိရလို့၊ ဒါနဲ့ အစ်မသန်းလည်း ဂျူးဒိတ်နီးနေပြီနော်၊ ဂရုစိုက်ဦး'

'အောင်မလေး ဆရာမရယ်၊ တစ်နှစ်တစ်ယောက်နှုန်းနဲ့မွေးလာတာ နည်းမှတ်လို့ ထူးပြီး ပူပန်စရာမလိုတော့ပါဘူး'

'ဒီတစ်ခါမွေးရင် သားကြောဖြတ်လိုက်ပါလား အစ်မသန်း၊ ကျွန်မ ကူညီပေးမယ်လေ'

www.burmeseclassic.com

www.burmeseclassic.com

'နေပါစေ ဆရာမရယ်၊ သားသမီးဆိုတာ ဘုရားပေးသလောက်ရတာလေ၊ မတားဆီးကောင်းပါဘူး'

အစ်မသန်း စကားကြောင့် ဆောင်းနှင်းဝေ တော်တော်စိတ်ပျက်သွားရသည်။ ဒီလိုမြို့ပေါ်မှာတောင် သားဆက်ခြားစီမံကိန်းက ထူးထူးခြားခြားအောင်မြင်မှု မရတာ သတိပြုမိ၏။

ကိုယ်မွေးထားသော သားသမီးကို မငတ်အောင် ကျွေးမွေးပြုစုနိုင်ရုံဖြင့် မလုံလောက်တာ မပြည့်စုံတာ မိဘတာဝန်မကျေတာ သူတို့မသိကြဘူးလား။ တချို့မိဘများနှင့် အိမ်ထောင်သည်အမျိုးသမီးများမှာ ပဋိသန္ဓေတားဆေးသုံးရမည်ကို အကုသိုလ်အလုပ်တစ်ခုသဖွယ် သဘောထားနေကြတာ လေ့လာတွေ့ရှိရ၏။ သဘာဝကို လွန်ဆန်ခြင်းမို့ မဖွယ်မရာလုပ်ရပ်ဟု သဘောထားပြီး ဘုရားပေးသော သားသမီးကို မတားစကောင်းဟု ယူဆနေကြ၏။

တကယ်တော့ လူလူချင်းပေါင်းဖက်ပြီး လူသားတို့ ထပ်မံပေါက်ဖွားလာခြင်းမှာ ဘုရားသခင်နှင့်ဘယ်လိုမှ မပတ်သက်ပါ။ ကိုယ်ဝန်ဆောင်ခြင်းနှင့်ပတ်သက်ပြီး အတွေးတွေ ခရီးဆန့်သွားလိုက်တာ မင်းသစ်ဆိုသော ကလေးအဖေလောင်းဆီအထိ ရောက်သွားသဖြင့် ဒေါသဖြစ်မိရပြန်သည်။

နေညိုနိုက် တိုက်သည့်လေကြောင့် ချမ်းစိမ့်စိမ့်ဖြစ်လာသဖြင့် ဆက်တွေးနေပါက အအေးပတ်တော့မည်မို့ ဝါးလုံးတန်းတွင် လှန်းထားသော မျက်နှာသုတ်ပဝါကို ဆွဲယူခြုံလွှမ်း၍ အိမ်ပေါ် ခပ်သုတ်သုတ်တက်ခဲ့ရလေတော့၏။



ညအရေးတွင် လကွေးကွေးက မှိုအားမပြည့်သော မီးသီးနှယ် တုန့်တုန့်ချိချိ လင်းလက်နေ၏။ သုံးရက်လ ခုံးမျက်စလခြမ်းကွေးမှာ သူ့ဘာသာ လှနေရှာသော်လည်း ညကိုတော့ အလှမဆင်နိုင်ရှာ။

သုတ်ဖြူးနှောင့်နှေးနေသော လေပြည်ထဲတွင် ညမွှေးပန်းရနံ့က တွဲနိုပါလာပြီး စိတ်လန်းအောင် သင်းပျံ့ကြိုင်လှိုင်ပေးနေလေ၏။ ရွာတောင်ဖျားဆီမှ ကြက်တွန်သံသဲ့သဲ့ကြားရသည်။ ထိုကြက်ကို သူငယ်တိတ်ဆိတ်ဟု အစဥ်အလာအရ သတ်မှတ်ခဲ့ကြ၏။

တစ်ခါတစ်ရံတွင် တွံတေးစိုးအောင်၏ သီချင်းသံသည် မယ်ဒလင်သံစဥ်ကို ဝတ်ခွစီး၍ ပြေးဝင်လာတတ်၏။ သည်အချိန်သည် သူငယ်တိတ်ဆိတ်ဖြစ်သလို သက်လတ်ရွာရိုးနောက်ပိုးလျှောက်ချိန်လည်းဖြစ်သည်။

ဂီတကို မြတ်နိုးသော နောက်ပိုးတချို့တို့၏ လျှောက်ပြန်သံပေး ခြေအေးဝမ်းရောင် F.M မှ တွံတေးသိန်းတန်၊ တွံတေးစိုးအောင်၊ ဟသ်ာတထွန်းရင်၊ ဟသ်ာတအောင်တင်ဝင်းနှင့် ဗညားဟန်တို့၏ တေးသံသာများကို အလှည့်ကျ လွှင့်ထုတ်ပေးလျက်ရှိ၏။

ဂီတနှင့်ဝေး၍ လေပင် ဖြောင့်ဖြောင့်မချုန်တတ်သော မင်းမြတ်တို့အုပ်စုမှာ ကျင်တိတ်ညဈေးတန်း မော်ဒယ်လ်ရှိုးမှ အလှပြ ရှုသူတို့အား တစ်ဝမ်းပြီးနောက် အိမ်ပြန်လမ်းကို လျှောက်နေကြ၏။

မှောင်ကြီးမည်းထဲ ကျင့်သားရမျက်လုံးများနှင့် လျှောက်လာကြသူလူသိုက်ထဲမှ အောင်ဘအား စကားထာတခွန်းက ခြောက်လှန့်နေဆဲပင်ဖြစ်သည်။

'ဘယ်လိုမှ အဖြေမပေါ်ဘူးကွာ'

'ဟေ··· အဖေ မပေါ်ဘူး၊ ဘယ်သူလေးလဲ'

အောင်ဘ မပွင့်တပွင့်ညည်းသျှလိုက်သည်ကို နားစွန်နားဖျား

www.burmeseclassic.com

www.burmeseclassic.com

ကြားသော သာဂိက အဖေမပေါ်ဘဲ ဗိုက်ကြီးတာ ဘယ်သူလဲဟု ပြန်မေး၏။ အောင်ဘ ဒေါပွသွားရသည်။

'အဖေ မပေါ်တာ မင်းညီမဟေ့၊ မင်းညီမ၊ တကတည်းကွာ စကားထာအဖြေ စဉ်းစားလို့မရတဲ့ကြားထဲ မင်းက တစ်မျောက်'

အောင်ဘ ဟောက်၍ သာဂိ ငြိမ်သွား၏။ မင်းမြတ်က စကားထာအား ရယ်ဗီရှင်ပြန်လိုက်သည်။

'ရှမ်းဘုရင် ကြွေနှစ်ပွင့်၊ တံငါမင့်လက်သုံးနော်၊ ဟုတ်လား အောင်ဘ'

'အေး… ဟုတ်တယ် မင်းမြတ်၊ ဘာလဲ မင်းစဉ်းစားလို့ ရပြီလား'

'ဟေ့အေး'

'ဒါနဲ့များကွာ၊ ဆရာကြီးလေသံနဲ့ ပြောနေရသေးတယ်'

'အောင်မယ်၊ ဒီမှာ အောင်ဘ၊ ငါက မင်းကို ကူညီမလို့၊ စေတနာပျက်အောင် မလုပ်နဲ့နော်'

'ဟော… ဟဲ… ဟဲ… ယောက်ဖကလည်းကွာ၊ ကဲ… ပြော၊ ပြော၊ ဘယ်လိုကူညီမှာလဲ၊ ဘာနည်းလမ်းရှိလဲ'

'ငါ့အဖေက ဒါမျိုးတွေ ကျွမ်းတယ်ကွ၊ အဖေ့ကိုဆည်းကပ်ရင် မင်းရဲ့အမြီးပြတ်ဝေဒနာ သက်သာသွားလိမ့်မယ်'

'ဟာ… ဟုတ်တယ်၊ မင်းမြတ် အဖေက ရွှေမှီနောက်မှီ ဒရင်းဘက်ကွ၊ အဲဒီအကြံကောင်းတယ် အောင်ဘ'

'ကောင်းတာတော့ ကောင်းပါတယ်ကွာ၊ ဒါပေမဲ့ ရက်စရာကြီး၊ ကိုယ့်ညံ့တာ အထုပ်ဖြည်ပြရမှာ၊ ပြီးတော့လည်း လူငယ်တွေရဲ့ နှလုံးသားကိစ္စကွ၊ မလေးမစားဖြစ်နေမှာပေါ့'

အောင်ဘက ရှည်ရှည်ဝေးဝေးစဉ်းစားကာ တွေးပူပြီး အလေးမူ၍ ပြောရှာသည်။



'ဒါဆို မင်းအဖြေ ဘယ်လိုလုပ်ရမလဲ၊ ငါတို့လည်း မစဉ်းစားတတ်ဘူး၊ အဖေက နားလည်မှုရှိပါတယ်ကွ'

'ဟုတ်သားပဲ အောင်ဘရာ၊ ဒါမှ ငါတို့လည်း ခေါင်းစားသက်သာပြီး မင်းလည်း ထမင်းဖြောင့်ဖြောင့်စားနိုင်မှာလေ'

ယထာဘူတကျသော စကားထာဖြေရှင်းနည်းဖြစ်နေသဖြင့် အောင်ဘလည်း ပါးစပ်ပိတ်၊ နှုတ်ဆိတ်၍ အဖမ်းခံရသော တရားခံတစ်ယောက်လို မင်းမြတ် နောက်မှ ငြိမ်သက်စွာ လိုက်ပါလာခဲ့ရ၏။

သို့နှင့် စကားထာဘေးဒုက္ခသည် အောင်ဘမှာ မင်းမြတ်အဖေ ဦးဟန်မြတ်ရှေ့မှောက်တွင် တရားခွင်ရောက် အပြစ်သားတစ်ယောက်လို ငုပ်တုပ်ငိုင်တိုင်ရှိနေလေတော့သည်။

အဖေက ကွပ်ပျစ်ပေါ် သင်ဖြူးခင်းရင်း လက်ဖက်သုပ်ရေနွေးကြမ်းတို့နှင့် အနားယူနေခိုက်ဖြစ်၍ အဆင်ပြေစွာပင် စကားထာ အင်တာဗျူးလုပ်ခွင့်ရသွားခဲ့သည်။

'အဲဒါပဲ အဖေရေ၊ ပဟေဠိ ဘေးသင့်နေတဲ့ အောင်ဘကို အဖေကယ်မှ ထောင်ကျတော့မှာ၊ အဲလေ ညိုးအိပ်ဟော့ခွေနေတဲ့ အောင်ဘ ထောင်ထလာမှာမို့ ပြောတာပါ ဟဲ… ဟဲ'

အောင်ဘ၏ အခက်အခဲကို ကြားနာပြီးနောက် မင်းမြတ်ဖခင် ဦးဟန်မြတ်မှာ ပညာရှိ တရားသူကြီးမင်း ဟန်ပန်နှင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ဦးစွာပထမ လှုပ်ရှားမှုအနေနှင့် ရေနွေးတစ်ခွက်ငှဲ့သောက်လိုက်လေသည်။ ပြီးမှ…

'အဟမ်း… မင်းတို့မေးမှပဲ တို့ငယ်ဘဝက ဝဲလင်းဆောင်ဝင်ရတာတွေတောင် ပြန်သတိရမိတယ်ကွာ'

ဦးဟန်မြတ်၏ လွမ်းတသသ သံစဉ်ကြောင့် မင်းမြတ်တို့လူငယ်တစ်သိုက်မှာ သိချင်စိတ်တို့ ဖြန်းဖြန်းထလာ၏။ မနေနိုင်တော့သော သာဂိက…

www.burmeseclassic.com

www.burmeseclassic.com

'ဝဲလင်းဆောင်ဆိုတာ ဘာလဲ ဦးလေး'

'ဝဲလင်းဆောင်ဆိုတာ အိမ်မကြီးရဲ့ခြေရင်းမှာ အဖီထုတ်ထားတဲ့အဆောင်ပေါ့၊ ဟိုးရှေးက အရွယ်ရောက်တဲ့ မိန်းကလေးတိုင်း ညဖက်ဆို အဲဒီဝဲလင်းဆောင်မှာ ဝါဖန်တာ၊ မိုင်းငင်တာ၊ ချည်ချတာ သနပ်ဖတ် ပြောင်းဖူးလိပ်တာတွေ လုပ်ကြရတာကွ၊ ညဦးနက်တော့ ကာလသားတွေ အလည်လာကြရောဆိုပါတော့'

'ဟာ… ကောင်းလှချည်လား ဦးလေးရ'

'မြန်မာ့ဓလေ့ အစစ်တွေပေါ့ကွာ၊ စကားထာဝှက်တာကို ပန်းဖွက်တယ် ပန်းဝှက်တယ်လို့ သုံးနှုန်းကြသေးတယ်လေ၊ ဝဲလင်းဆောင်ပိုင်ရှင် လုံမက သူ့ရဲ့ ဝဲလင်းဆောင်မှာ သနပ်ခါးကျောက်ပျဉ်၊ ဆေးလိပ်ခွက်၊ ကွမ်းအစ်၊ သောက်ရေအိုးနဲ့ ငှက်ပျောဖက်ခွေပြီးထည့်ထားတဲ့ ပန်းတွေဆောင်ထားသလို လာလည်တဲ့ ကာလသားရဲ့ ခါးပိုက်ထောင်ထဲမှာလည်း ပန်းမျိုးစုံပါလာလေ့ရှိတယ်ကွ'

'အဲဒါ ဘာသဘောလဲ ဦးလေး'

'ကာလသားရဲ့ ဉာဏ်ရည်ကို စမ်းတဲ့အနေနဲ့ လုံမက စကားထာဖွက်တယ်လေ၊ အဲဒီစကားထာကို မဖြေနိုင်ရင် ကာလသားက ပန်းပေးပါပြီ နမရယ်ဆိုပြီး ခါးပိုက်ထောင်ထဲက ပန်းတွေ လုံမရှေ့မှာ ပုံပေးရတာပေါ့'

'သြော်… ဒီလိုကိုး'

မင်းမြတ်၊ အောင်ဘ၊ သာဂိတို့မှာ ဦးဟန်မြတ်၏ ရှေးဟောင်းနှောင်းဖြစ် တော်ကီရေယာဉ်ကြော၌ မျောပါကုန်ကြတော့၏။ မင်းမြတ်က…

'အဖေ ရှမ်းဘုရင်ကိစ္စ ရှင်းပေးလိုက်ဦး'

'သြော်… အေး… ဒါက လွယ်ပါတယ်ကွာ၊ ဒါပေမဲ့ သုံးပုံဖဲကစားနည်းကို သိမှ ဖြေနိုင်မှာလေ'



'ဒီလိုကိုး ဒါကြောင့် ကျွန်တော်တို့ စဉ်းစားလို့မရတာကိုး'

အောင်ဘက အရှက်ပြေဝင်ပြော၏။ ရှေးမြန်မာတွေ ကစားခဲ့ကြသော သုံးပုံဖဲအကြောင်း မသိသဖြင့် အဖြေစဉ်းစားမရကြောင်း သက်သေထူ၏။ သာဂိက စိတ်မရှည်တော့သလို အကျိုးမျှော်ကာ နှိုးဆော်ရှာ၏။

'အဲဒီစကားထာရဲ့ အဖြေက ဘာတဲ့လဲ ဦးလေး'

'ဒီလိုကွ၊ သုံးပုံဖဲရဲ့ မြန်မာဖဲနဲ့ ရှမ်းဖဲဆိုပြီး နှစ်မျိုးရှိသကွ၊ ရှမ်းဖဲခြောက်စုံမှာ ကျူးဆိုတဲ့ ဖဲက အပွင့်အကြီးဆုံးလေ၊ ဒါကြောင့် ကျူးဖဲကို ဘုရင်လို့ခေါ်ရတယ်၊ ဒါကြောင့် ရှမ်းဘုရင်ဆိုတာ ကျူးပေါ့'

'ဟား… ဟား… ဟား… အဲဒါကို သာဂိက ရှမ်းဘုရင်ဆိုတာ စော်ဘွားတဲ့'

'ငါမှမသိဘဲကိုးကွ'

ကြားထဲက မင်းမြတ်နှင့်သာဂိ ဝင်ထောက်နေသဖြင့် စကားထာအဖြေက မဆုံးသေးဘဲ ဖြစ်နေရာ အောင်ဘမှာ ရိုးတိုးရွတ ဖြစ်နေရှာ၏။

'ဦးလေး ကြွေနှစ်ပွင့်နဲ့ တံငါမင့်လက်သုံး ကျန်သေးတယ်လေ'

'အေးပါကွာ၊ ကြွေနှစ်ပွင့်ဆိုတာကလည်း ရှေးတုန်းက ပဆစ်ကစားနည်းထဲက အသုံးအနှုန်းကွ၊ ပဆစ်ကစားရာမှာ ကြွေခြောက်ပွင့်ထဲက နှစ်ပွင့်လန်ရင် နှစ်လို့မခေါ်ဘူး ပါလို့ခေါ်တယ်'

'ဒါဆို ကျူးပါဖြစ်သွားပြီ၊ တံငါမင့်လက်သုံးပဲကျန်တော့တယ်'

'အေး… တံငါလက်သုံးကတော့ ရှင်းပါတယ်ကွာ၊ တံငါတွေသုံးတာ ပိုက် မဟုတ်ဘူးလား၊ ပိုက်… ပိုက်'

www.burmeseclassic.com

www.burmeseclassic.com

ဒီတော့မှ မင်းမြတ်တို့ သုံးယောက်အဖြေကို ဝိုင်း၍ ရွတ်ကြည့်ကြ၏။

'ကျူး ပါ ပိုက်'

'ကျူးပါပိုက်ဆိုတော့ မင်းကို ကြိုက်ပါဘူးလို့ ပြောလိုက်တာ အောင်ဘရ၊ မင်းတော့ သွားပြီ'

'ဟား… ဟား… ဟား… ဟား… ဟား'

မျက်နှာငယ်လေးနှင့်အောင်ဘမှာ မင်းမြတ်တို့ သားအဖနှင့် သာဂိ၏ ရယ်သံကြောင့် ကြိုးကွင်းတန်းလန်းနှင့်ဒေါက်ဖြုတ်ခံရသော သေမိန့်ကျ အကျဉ်းသားလိုဖြစ်သွားရရှာတော့၏။

'အားမငယ်ပါနဲ့ မောင်အောင်ဘရယ်၊ သူ့စကားထာကို ဖော်နိုင်ပြီပဲ မင်းက စကားထာနဲ့ ထပ်ပြီး တောင်းဆိုလိုက်ပေါ့'

'ဘယ်လို၊ ဘယ်လိုတောင်းဆိုရမှာလဲ ဦးလေး'

'မင်းရဲ့ ကောင်မလေးကို ပဒုမ္မာယုန်ထောင်လို့ ပြန်ပြောလိုက်'

'အဲဒါ… အဲဒါကကော ဘာတဲ့လဲ ဦးလေး'

'ပဒုမ္မာဆိုတာဘာလဲ'

'ကြာပေါ့ ဦးလေးရ'

'အေး… ပဒုမ္မာက ကြာ၊ ယုန်ထောင်တာက ပိုက်၊ ကြာပိုက်ဆိုတော့ ကြိုက်ပါပေါ့၊ ကြိုက်ပါဘူးလို့ ပြောတဲ့ ကောင်မလေးကို ကြိုက်ပါလို့ ပြန်ပြောလိုက် အောင်ဘ'

'ဟား… မိုက်တယ် ဦးလေး၊ မိုက်တယ်၊ ပဒုမ္မာ ယုန်ထောင်လို့ ကျွန်တော် ပြန်ပြောလိုက်မယ် ဟား… ဟား'

'အော်ဝ်မလေး ခွေးအလှည်းနင်းဘဝက ခုမှပဲ ဥဩအော်မြည်ဖြစ်တော့တယ် အောင်ဘရယ်'

'ဟဲ… ဟဲ… သာဂိ လာမရိနဲ့ ဒါကြည့်'



အောင်ဘက ပြောပြီးဆိုပြီး လက်သီးထောင်ပြလိုက်သည်။ ခုမှပဲ အောင်ဘ မျက်နှာ လန်းဖြာလာတာပဲဖြစ်၏။ စကားထာတွင် ဟက်ထိသွားကြပြီဖြစ်သော လူငယ်များက သိချင်ကြားချင် စူးစမ်းချင်ကြသေးသည်။ သာဂိက လက်တည့်စမ်း အသုံးပြုရန် ရည်ရွယ်၍ ထပ်မေးပြန်သည်။

'ဦးလေး… ထခြားစကားထာတွေကော မရှိဘူးလား'

'ဟာ… ရှိပြီလားကွာ၊ စကားထာမှ အမျိုးမျိုးကွ၊ နဘေထပ်စကားထာ၊ သချ်ာဉာဏ်စမ်း စကားထာ၊ စကားလိမ်စကားထာ၊ ပဟေဠိစကားထာ ဆိုပြီးရှိတာ၊ ဥပမာ ကျွန်းတုံးကြောင်လျှောက်ဆိုရင် အဖြေက လွှမ်းတုန်းမောင်ရောက်ဆိုသလိုပေါ့'

'ဩော်… ဒီလိုကိုး၊ ကာရံနဲ့ နဘေနဲ့ပေါ့'

သာဂိမှာ အရမ်းကရော သဘောကျနေရှာလေ၏။

'ငါ့နွားတစ်ကောင် ဘို့တစ်ထောင်ဆိုတာကော'

'ဒီလောက်တော့ သာဂိသိပါတယ် ဦးလေးရာ၊ အဲဒါ ကြက်ဟင်းခါးသီး'

'ဟား… ဟား… ကိုင်း… ဒါဆို နွေခေါင်ခေါင် စောင်ခြုံထားတဲ့ မုန့်၊ အဲဒါ ဘာမုန့်လဲပြော'

ဦးဟန်မြတ်၏ ပညာစမ်းမေးခွန်းကြောင့် သုံးယောက်လုံး ပါးစပ်ပိတ်ပြီး အိုင်စတိုင်းလိုလို ဘီလ်ဂိတ်လိုလို ဟန်ဆောင်စဉ်းစားကြကုန်၏။ အဖြေကားမရ။

မုန့်ဖက်ထုပ်ဟု ဖြေသူဖြေ။ ဂျုံဒိုးနတ်ဟုပြောသူပြောနှင့် သောသောညံကုန်ကြသည်။ တစ်ယောက်မှလည်း အဖြေမမှန်ကြ။ နောက်ဆုံးမှ ဦးဟန်မြတ်ကပင် အဖြေပြောပြရ၏။

'နွေခေါင်ခေါင်စောင်ခြုံတဲ့မုန့်ဆိုတာ မုန့်ပိန်းပေါင်းလေကွာ၊ မင်းတို့ ဝယ်စားတော့ အုပ်ထားတဲ့ ပိတ်စိမ်းပါးလေးလှပ်ပြီးမှ လှီးပေး

www.burmeseclassic.com

www.burmeseclassic.com

တာမဟုတ်ဘူးလား၊ အဲဒါ စောင်ခြုံမုန့်ပေါ့'

'ဟာ… ဟုတ်သားပဲ ဦးလေးရာ၊ ဟား… ဟား… ဟား၊ အဖြေကနီးလွန်းတော့ မမြင်ဆိုသလိုဖြစ်သွားတာကိုး၊ ဟား… ဟား… ကဲ နောက်ကော ဘာဉာဏ်စမ်းတွေ ရှိသေးလဲ ဦးလေး'

'ပြောပြရရင်တော့ တစ်ထိုင်တည်း ဘယ်ကုန်ပါ့မလဲဟ၊ အများကြီးပဲ ဥစ္စာ၊ ဥပမာ စံပယ်ဖူးစ ဆီးယောက်မ၊ အဲဒါကော သိလား'

'ကြားတော့ ကြားဖူးတယ် ဦးလေးရ၊ ရုတ်တရက် စဉ်းစားလို့က မရဘူးဖြစ်နေတာ'

ဦးဟန်မြတ်၏ အမေးကို အောင်ဘက အဖြေပေး၏။ သို့နှင့် အဖြေကို ဦးဟန်မြတ်ပင် ရှင်းပြရပြန်သည်။

'စပယ်ဖူးစဆိုတော့ မငုံဘူးလားကွာ'

'ငုံတယ် ဦးလေး'

'ယောက်မကကော မမွှေဘူးလားကွာ'

'မွှေတယ်ဗျာ'

'ငုံမွှေဆိုတော့'

'ငွေမှုံပေါ့ ဦးလေးရ ဟား… ဟား… ဟား'

'ဟော့ကောင် အောင်ဘ၊ အဲဒါ ငါ့မရီးကွ၊ စွတ်အော်နေတော့ သူ့ကို ခေါ်တယ်ထင်ပြီး ထွက်လာဦးမယ်'

ဒီတစ်ခါတော့ အောင်ဘက ပညာပြပြန်သည်။

'အောင်မာ မင်းမြတ်၊ မင်းက အစ်ကို့မယား အိပ်ချင်တာကို ဒီလောက်ပဲ ကြောက်နေရလား'

'ဘာလဲ၊ အစ်ကို့မယား အိပ်ချင်တော့ ဘာဖြစ်လဲ'

'ဟာ… ဒီကောင် တုံးပဲ၊ အစ်ကို့မယားဆိုတာ မရီးလေ၊ အိပ်ချင်တော့ မသမ်းဘူးလား'



'သမ်းတယ်'

'အေးလေ၊ ဒီတော့ မရီးသမ်း မင့် မရီးငွေမှုံ သမ်းနေပြီဆိုတော့ မရီးအိပ်ရေးပျက်မှာစိုးလို့ ငါတို့ကို ပြန်တော့လို့ နှင်နေတာလားလို့မေးတာ'

'အောင်ဘ ငပေါ ဘာတွေလျှောက်ပြောမှန်းမသိဘူး၊ မရီးသမ်းဆိုတာ မရမ်းသီးကို စကားထာဖွက်တာ ဒီလောက်တော့ ငါသိပါတယ်ကွာ'

သာဂိက အစ်ကို့မယား အိပ်ချင်သည့်စကားထာကို ရှင်းပြရင်း ဆရာဖြစ်သင်တန်းဆင်းတစ်ယောက်လို ဂိုက်ပေးလျက် ရှိ၏။ စကားကောင်းနေကြသည်မှာ အမှန်တကယ်လည်း ညနက်နေပြီမို့ မင်းမြတ်က

'အဲဒါပေါ့ကွ၊ ညှို့သည်လူမိုက် အိမ်ရှင်ငိုက်၏ဆိုတာ ဒါမျိုး'

တည့်တည့်ပြောမှ ရေးရေးလောက်ရိပ်မိသော အောင်ဘနှင့် သာဂိ ထိုအခါမှ အဓိပ္ပာယ်ပေါက်ပြီး ပြန်ရန်ဟန်ပြင်ကြသည်။ ဦးဟန်မြတ်အား တရိုတသေနှုတ်ဆက်ပြန်သွားကြမှ မင်းမြတ်တို့သားအဖလည်း ကွပ်ပျစ်ရေနွေးဝိုင်းကို သိမ်းကာ အိမ်ထဲဝင်ခွင့်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

လီဘာကုန့်တင်မောင်းနှင်လာသော သာဂိ၏ဆိုင်ကယ်ကြောင့် ဖုံလုံးကြီးများတလိပ်လိပ်ထကာ လေတွင်ဝဲ၍ လွင့်မျောကျန်ရစ်ခဲ့ကြ၏။

မင်းမြတ်တို့လယ်ထဲ ပျိုးကြဲပြီးပြီမို့ အချိန်အခါအလိုက် ကျွေးမွေးစိုက်ထည့်ရမည့် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများအကြောင်း စုံစမ်းရန် မင်းမြတ်မှာ သာဂိ၏ ကယ်ရီနှင့် မြို့ပေါ်တက်လာခဲ့ခြင်း ဖြစ်သည်။

စိုက်ပျိုးရေးရာသီအမီ တီဗီကြော်ငြာများကလည်း မိုးဦးကျမှိုလိုပွထနေလေရာ ဆေးနာမည်များကိုပင် မမှတ်မိချင်တော့။ အာမိုသြဘာ၊ မြင်းကျား၊ ကျားနဂါးစသည်ဖြင့် ခေါ်ရလွယ်တာတွေ ရှိသလို တောသူတောင်သားလျှာလိပ်စေမည့် အင်္ဂလိပ်နာမည်ဆန်းဆန်းနှင့် ကြော်ငြာသည်များလည်း ရှိ၏။

ဈေးကွက်စီးပွားရေး တည်ထောင်ဆဲကာလမှာပင် စိုက်ပျိုးရေးရပ်ကွက်နှင့်နီးသော မြို့ကြီးများတွင် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်များ အလျှိုလျှိုပေါ်လာပြီး အပြိုင်အဆိုင် ကြော်ငြာကာရောင်းချပေးကြသည်။ စိုက်ပျိုးရေးပညာရှင်များကိုပင် ငှားရမ်းကာလယ်သမားတို့ သိလိုသမျှ ဆွေးနွေးအကြံပေးကြ၏။



မင်းမြတ်မှာ ယခင်နှစ်များကလို အဆောတလျင် ဝယ်ယူခြင်းမပြုဘဲ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် လေ့လာစုံစမ်းနေ၏။ ဆေးတို့၏အာနိသင်၊ အထွက်နှုန်းပေါ်အကျိုးသက်ရောက်မှု၊ ဈေးနှုန်းကွာခြားမှုနှင့် ဝန်ဆောင်မှုများကို အသေးစိတ် စပ်စု၏။

နောက်ဆုံးတော့ ငါးဧကအတွက် အသုံးပြုရန် မြေသြဇာ၊ ပိုးသတ်ဆေးနှင့်အားဖြည့်ဆေးများ ဝယ်ယူပါက အရောက်ပို့ဆောင်ပေးသော အရောင်းဆိုင်တစ်ဆိုင်နှင့် ညှိနှိုင်းအဆင်ပြေ၍ ဝယ်ယူမှာထားခဲ့၏။

ကိစ္စအားလုံးဆောင်ရွက်ပြီးမှ သာဂိနှင့်အတူ လံက်ဖက်ရည်ဆိုင်ထိုင်ဖြစ်သည်။ နံနက်ကြီးသုပ်နှင့်လက်ဖက်ရည် မှီဝဲပြီးစမှာပင် ဆိုင်ရှေ့မှ မိန်းကလေးနှစ်ယောက် ဖြတ်လျှောက်သွားတာသတိပြုမိ၏။

အလှအပလေးများကို သဘောတကျ ခံစားရင်း အမှတ်တရရှိသွားသောအခါ မင်းမြတ် အထိတ်တလန့်ရေရွတ်လိုက်မိတော့သည်။

'ဟင်··· ဆရာမ··· ဆရာမ ဆောင်းနှင်းဝေပါလား၊ ဟေ့ကောင် သာဂိ ဒီမှာ ခဏစောင့်၊ ငါပြန်လာခဲ့မယ်'

သာဂိအား ကမန်းကတန်း မှာကြားရင်း ကသောကမျောပြေးထွက်လာခဲ့၏။ ယူနီဖောင်းနှင့်မဟုတ်သဖြင့် ရုတ်တရက် မမှတ်မိဘဲ ဖြစ်ရခြင်းကို အားမလိုအားမရ ညည်းညူ၍ မင်းမြတ် ပြေးလိုက်သွား၏။

'ဆရာမ··· ဆရာမ'

မင်းမြတ်၏ ခေါ်သံကြောင့် ကောင်မလေးနှစ်ယောက်လုံး ခြေစုံရပ်၍ နောက်သို့လှည့်ကြည့်သည်။ မျက်နှာချင်းဆိုင် အနေအထားတွင် မင်းမြတ်က နှုတ်ဆက်စကားဆိုလိုက်၏။

'ဆရာမဆောင်းနှင်းဝေ ဟုတ်ပါတယ်နော်၊ ကျွန်တော့်ကို မှတ်မိလား'

www.burmeseclassic.com

'ဟင်… ရှင်… ရှင်… ဟို… ဟိုတလောက မိုက်ကြီး သည်လာပြတဲ့လူ'

'ဟုတ်ပါတယ်၊ ဆရာမက မှတ်မိသားပဲ'

'အခုဘာကိစ္စလဲ'

'အဟဲ… ကြုံတုန်း ဆရာမတို့ကို ညှေ့ခံချင်လို့ပါ၊ တစ်ခုခု လိုက်စားပါဦးလား၊ ခင်မင်မှု အမှတ်တရအနေနဲ့ပေါ့'

ဆောင်းနှင်းဝေရဲ့ သူငယ်ချင်း သင်းရနံ့က ရိပ်ဖမ်းသံဖမ်းနဲ့ တင် လာစကားပြောတဲ့သူ ဘယ်သူလဲဆိုတာ ရိပ်မိနေပါပြီ။ ဒါကြောင့် မျက်နှာထားတင်းတင်းနဲ့ ခါးထောက်ပြီး ကြည့်နေ၏။

'ဒီမယ် ကိုအတာ… ကျွန်မတို့ကို ညှေ့ခံရင်း အချိန်ဖြုန်းမယ့် အစား မွေးကာနီး ဖွားကာနီး ရှင့်မယားကို ပြန်ပြီး ဂရုစိုက်တာ ပို ကောင်းမယ် ထင်တယ်'

'ဗျာ… ဆရာမ ဘာကိုပြောတာလဲ'

'ဟင်… ရှင်တော်တော် မျက်နှာပြောင်တဲ့လူပါလား၊ မိန်းမ ရှိလျှက်နဲ့ ဘာလို့ ကျွန်မတို့ကို လိုက်နှောင့်ယှက်နေတာလဲ'

'နှောင့်ယှက်တာ မဟုတ်ပါဘူး၊ ကျွန်တော်က ခင်မင်ချင်လို့ ပါ၊ ပြီးတော့ ကျွန်တော့်မှာ မိန်းမမရှိဘူး'

'ရှင်ဟာလေ၊ တော်တော်အကျင့်မကောင်းတဲ့လူပဲ'

'ကဲပါ ဆောင်းရယ်၊ ဒီလိုလူကို စကားလက်ခံပြောနေစရာ အကြောင်းကို မရှိဘူး၊ လာ… သွားစို့'

သင်းရနံ့က ဆောင်းနှင်းဝေကို ဆွဲခေါ်ပြီး ထွက်သွားတော့ ရာ မင်းမြတ်မှာ ကြောင်အမ်းအမ်းနှင့် ကျန်ခဲ့ရသည်။ အထင်လွဲမှုကို ဖြေဖျောက်ရန် စကားတစ်ခွန်းကိုတော့ ဆရာမလေးများထံ လှမ်း၍ ပစ်ပေါက်ပို့ပေးခဲ့၏။



'ဆရာမ ကျွန်တော် လူပျိုနော်၊ ကျွန်တော့်မှာ မိန်းမ မရှိဘူး၊ ဆရာမ မှားနေတာ၊ ကျွန်တော်က လူပျိုစစ်စစ်ပါ ဆရာမ'

ချစ်ရသူ အထင်လွဲမည်စိုး၍ ကမန်းကတန်း လှမ်းအော်ပြော လိုက်သည်။ ပြီးမှ လမ်းသွားလမ်းလာများ၏ ထူးထူးဆန်းဆန်းနှင့် သင်္ကာမကင်းအကြည့်များကို ပက်ပင်းခံစားလိုက်ရသဖြင့် မင်းမြတ် ရှက်အိုးကွဲကာ ထူပူသွားရ၏။

အရှက်ကြောင့် မူမမှန်သော ခြေလှမ်းများနှင့် သာဂိရှိရာ လက်ဖက်ရည်ဆိုင်သို့ ပြန်လည်ဆုတ်ခွာလာခဲ့ရသည်။ အခြေအနေကို အကဲခပ်ခွင့်ရလိုက်သော သာဂိက မေးမြန်းစုံစမ်း အစီအစဉ်နှင့် ဆီးကြို ၏။

'ဟေ့ကောင်… အဲဒါ ဘူယေးတွေလဲ၊ တကယ့်အကောင်း စားလေးတွေကွ၊ မင်းနဲ့ ဘယ်လိုပတ်သက်နေတာလဲ၊ မင်းကို ဝိုင်းပြီး ကောသွားကြတာလား၊ မင်းက ဘာလုပ်လိုက်လို့လဲ'

'သာဂိ ဒီနှစ်ထဲမှာ မင်းရဲ့မေးခွန်းတွေက ပြီးဦးမှာလား'

'အဟဲ… သိချင်လွန်းလို့ပါကွာ'

'ဟူး… အဲဒါ ငါပြောတဲ့ဆေးရုံက ဆရာမလေးပေါ့၊ ငါ့ကို ရန်တွေ့သွားတဲ့အကြောင်းက ငွေမှုံကို ငါ့မိန်းမလို့ သူတို့ထင်နေကြလို့'

'ဟေ… ဒီလိုကိုး၊ ဒါဆိုရင်တော့ ဖြေရှင်းဖို့ သိပ်မလွယ် လောက်ဘူး'

'အေးကွာ၊ ငါလည်း အဲဒါကို စိတ်ဓာတ်ကျနေတာ၊ ဘယ်လို ရှင်းပြရမှန်းတောင် မသိတော့ပါဘူးကွာ'

'အင်း… မင်းအဖြစ်ကလည်း ရုံးမထုတ် အမိန့်မချရသေးခင် ထောင်အရင်ကျတဲ့ အဖြစ်မျိုးပါပဲလား'

'အေးလေ ဟမ်… ဘာ၊ ဘာကွ၊ သာဂိ မင်း ဘာစကား ပြောတာလဲ၊ ဘာကိစ္စ ငါက ထောင်ကျရမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဟင်း… ငါက တင်စားတာပါကွာ၊ နည်းနည်းလွန်သွားလို့ ဟီး… ဟီး… ဆိုလိုတာက ချစ်သူတွေမှဖြစ်ရသေးခင် လွမ်းခန်းက စပြီဆိုတဲ့ သဘောပြောတာပါ ဟဲ… ဟဲ…'

မင်းမြတ် ပေါက်ကွဲနေမှန်းသိ၍ သာဂိက လျှော့ပေါ့စကားနှင့် ဖာထေး၍ ဖြေသိမ့်သည်။

'အမှန်တရားဆိုတာ ဖုံးကွယ်သိမ်းဆည်းထားလို့ ရတဲ့အရာ မဟုတ်ပါဘူး မင်းမြတ်ရာ၊ တစ်နေ့တော့ မင်း ဘာလဲဆိုတာ အဲဒီ ဆရာမလေး သေချာပေါက် သိသွားမှာပါ'

'အင်း… အဲလိုဖြစ်လာပါစေလို့ပဲ မျှော်လင့်ရတော့မှာပေါ့ကွာ'

ဝင်လုလု နေရောင်အောက်တွင် ပြိုလုလု အသည်းနှင့် ယိုင်နဲ့ဆိုင်ကယ်စီးလာရသည့် အပြန်ခရီးမှာ ခက်ခဲကြမ်းတမ်းပင်ပန်းလွန်းလှ၏။ အချစ်ကိုရှာဖွေတွေ့ရှိလိုက်သည့် အခိုက်အတန့်မှာပင် တစ်ဖက်က အမြင်မကြည်လင်မှု အထင်လွဲမှုများကို ရင်ဝယ်သိမ်းဆည်းထားပြီးသားဖြစ်နေသည်မှာ ရင်နာဖွယ်ရာပင် ဖြစ်တော့သည်။

ကျင်တိတ် ညဈေးတန်းက ယခင်ညများကကဲ့သို့ပင် စည်ကားမြဲ စည်ကားလျက်ရှိ၏။ မင်းမြတ်မှာ ချိုပေါ့ကျ သောက်ရင်း စိတ်ဓာတ်ဖရိုဖရဲဖြစ်မှုကို ကုစားနေရှာသည်။

သူ့အနီးရှိ သာဂိမှာ မျက်နှာချင်းဆိုင်အရပ် ဒေါ်နီအသုပ်ဆိုင်မှ သဇင်နွယ်ကို အငေးရောက်အကြည့်များနှင့်သာ လှမ်းကြည့်နေ၏။ သဇင်နွယ်ကိုယ်တိုင်ပြောလိုက်သော အရက်သမားစကား မယုံစားရဲဘူးဟူသည့် စကားစုအပေါ် မခံချိ မခံသာဖြစ်ပြီး အသည်းကို အယ်ယောနှင့်စိမ်ထားရန် ကြံစည်နေလေ၏။

အောင်ဘာကတော့ သတ္တိကိုခါးပုံစထဲ အပြည့်အသိပ်ထည့်ရင်း အသုပ်ဆိုင်မှ မုံ့ရှေ့ရည်၏ဘေးတွင် ခပ်တည်တည်နှင့် ထိုင်လျှက်ရှိ၏။ သူတို့တွေ ဘာဖြစ်နေကြသလဲ။ မင်းမြတ် စိတ်ဝင်စား၍မရပါ။ သူ့တွင်လည်း ဆရာမလေး ပေးထားသော ဝေဒနာတွေက တစ်ထမ်းတပိုးကြီးဖြစ်နေသည် မဟုတ်ပါလား။

မင်းမြတ်မှာ ဝန်းကျင်ကို မမြင်ဘဲ ကြည့်နေရင်းမှ ကျင်တိတ်၏ ဘောလုံးပွဲကြော်ငြာသင်ပုန်းဆီ ရောက်သွားရ၏။

ည ရှစ်နာရီခွဲတွင် မန်ချက်စတာယူနိုက်တက်နှင့် အဲဗာတန်၊ ည ဆယ်နာရီလေးဆယ့်ငါးတွင် ချယ်လ်ဆီးနှင့် ဆန်ဒါးလန်၊ ညနှစ်နာရီခွဲတွင် ဘာရာစီယာနှင့် ရီးမဟု ရေးထားတာ ဖတ်လိုက်ရသဖြင့် မျက်လုံးပြူးသွားရတော့၏။ သို့နှင့်သာဂိအား လက်တို့ပြီး ပြောပြရလေသည်။

'ဟာ… ဟေ့ကောင်… သာဂိ ကိုကျင်တိတ်ကြီး ဘာတွေ လျှောက်ရေးထားတာလဲကွ၊ ည နှစ်နာရီပွဲမှာ ဘာရာစီယာနဲ့ ရီးမဆိုပါလား၊ အဲဒါ ဘယ်ကအသင်းတွေလဲ'

မင်းမြတ်ပြောမှ သာဂိလည်း ကြော်ငြာကို လှမ်းကြည့်၏။

'ဘာရာစီယာနဲ့ ရီးမ၊ ဟား… ဟား… ဟား… ဟား… ခွီ… ခွီ… ခွီ… ထူးပါဘူးကွာ၊ မြေဖြူရှာပြီး ငါ သွားပြင်ပေးလိုက်မယ်'

'ဘယ်လိုပြင်မှာလဲ သာဂိ'

'ဘာရာစီယာနဲ့ ဆပ်စပိုင်ဒါလို့လေ၊ ဟား… ဟား… ဟား… အမှန်တကယ်ရေးရမှာက ဗယ်လင်စီယာနဲ့ ရီးမားဆိုပြီးဖြစ်ရမှာ'

'အေး… ဟုတ်တယ်၊ ငါလည်း သူရေးထားတာ ဖတ်ပြီး အသင်းနာမည် အမှန်ကိုတောင် စဉ်းစားမရဖြစ်နေတာကွ၊ ဟား… ဟား… ဟား'

www.burmeseclassic.com

www.burmeseclassic.com

မင်းမြတ်နှင့်သာဂိတို့၏ ရင်နှာတေးမှာ ကျင်တိတ်ရေးထား သော ဘောလုံးကြော်ငြာကြောင့် သက်သာရာ ရသွားကြလေ၏။ ထိုအခိုက်မှာပင် အသုပ်ဆိုင်မှ အောင်ဘ ဆိုင်ကူးလာသည်။

'ပဒုမ္မာယုန်ထောင်တော့ အကျိုးပေးပြီကွ၊ သိလား'

အရင်းမရှိ အဖျားမရှိ အောင်ဘ စကားကြောင့် သာဂိက အောင်ဘခြေထောက်နှစ်ဖက်ကို သေချာစွာကိုင်တွယ် ရှုစမ်းသည်။

'ဘယ်လိုအကျိုးပေးတာလဲ လင်းစမ်းပါဦး အောင်ဘရ၊ မင်းခြေသလုံးပုလွေရိုးကို မှုံရွှေရည်က ဘယ်လိုချိုးလိုက်လို့လဲ'

အားရပါးရပြောရန်ဟန်ပြင်နေသည့် အောင်ဘ ပါးစပ်ကြီးဟ ကာ ငြိမ်သက်သွားပြီး ဘုရှိုးရှိုးသည်။ မင်းမြတ်က စလိုးဒေါင်းအမှ အယာနှင့်လက်ပြနှစ်သိမ့်လိုက်တော့မှ ဆက်၍ကြွားနိုင်ရှာသည်။

'ဒီလိုကွ၊ ရှမ်းဘုရင် စကားထာကို အဖြေပေးပြီးတဲ့နောက် မှုံရွှေရည် ငါ့ကို အထင်ကြီးသွားပုံပဲကွ၊ ပြီးတော့ ပဒုမ္မာစကားထာ နဲ့ ကြိုက်ပါလို့လည်း ပြောလိုက်ရော တခစ်ခစ်နဲ့ ရီတော့တာပဲကွ'

'ဒီလောက်ပဲလား'

'ဘယ်ကမလဲကွ သာဂိရ၊ စကားထာ စကားလိမ်တွေ အကြောင်း ဆက်ပြောကြရင်းနဲ့ သူနဲ့ငါ တအားရင်းနှီးသွားကြတာ'

'ဒါပဲလား'

အောင်ဘ ကြည်နူးပျော်ရွှင်စွာ ပြောနေသည်ကို သာဂိက ရိသဲ့သဲ့နှင့် နောက်ပြောင်နေ၏။

'ရှိသေးတယ်၊ ငါ့ရဲ့မေတ္တာကိုလည်း လက်ခံစဉ်းစားပေးပါ့ မယ်တဲ့'

'ဩော်... ဒီလိုတဲ့လား'

'ဟေ့ကောင်... သာဂိ'

အောင်ဘအသံတုန်းမြင့်လာ၏။



'တော်ပါတော့ သာဂိရာ၊ အောင်ဘ ဝမ်းသာတယ်ဟေ့၊ ဒီစကားကတော့ တကယ့်မင်္ဂလာရှိတဲ့ စကားပဲကွ၊ အဲဒါ ငါ့အဖေကို မင်းကျေးဇူးတင်ရမယ်နော်'

'အေးပါ မင်းမြတ်ရာ၊ အဲဒါကို ငါက မေ့ပါ့မလားကွ၊ ဟား... ဟား... ဟား'

အောင်ဘနှင့်မှုံရွှေရည်တို့ ရင်းနှီးကျွမ်းဝင်မှု လမ်းစဖြစ်ထွန်း ခဲ့ပြီဟု သိလိုက်ရသောအခါ မင်းမြတ်မှာ ဆောင်းနှင်းဝေကို သတိရ မိ၏။

အင်း... ဒီညတော့ မန်ယူပွဲကြည့်ပြီး စိတ်ဖြေရတော့မည် လေ။ သာဂိကို အဖော်စပ်ပြီး ကျင်တိတ်၏ ဗီဒီယိုဘောလုံးကွင်းထဲသို့ ဝင်ခဲ့ကြသည်။ မနက်စောစော ဆန်စက်သွားရမည့် အောင်ဘကတော့ စောစောစီးစီး ပြန်သွားခဲ့ပြီ။

အိုးထရက်ဖို့ဒ်ကွင်းစပ်မှ ဖာဂူဆန်ကြီး ပီကေတွေဝါးနေသလို ကျင်တိတ်ကွင်းမှ ပရိသတ်များလည်း ကွမ်းကို အပြိုင်အဆိုင် ဝါးနေ ကြ၏။ ဆေးလိပ်နံ့ ကွမ်းနံ့ ချွေးနံ့တို့ဟောင်နေသော ကျင်တိတ်ကွင်း ထဲတွင် မင်းမြတ် လှောင်အိုက်နေသည်။

ပွဲစတော့ ထုံးစံအတိုင်း မန်ယူကပင် ဖိထား၏။ ဘောလုံး ပိုင်ဆိုင်မှုများနှင့် ဒလစပ်ထိုးဖောက်တိုက်စစ်ဆင်၏။

ရွှန်းနီနှင့်ပတ်ဂျီဆန်တို့ ခြေပေါ်စွာ ကစားနေကြသည်။ ပေါလ်စခိုးကလည်း ဘောလုံးကို နေရာမှန် လူမှန်အရောက်ပို့ပေးနေ ၏။ ကွင်းတစ်ဝက်ဖိကစားနေသဖြင့် မန်ယူဂိုးသမား ဘန်ဒါဆား အလုပ်လက်မဲ့ဖြစ်နေရှာသည်။ သို့သော် ဦးဆောင်ဂိုးကိုမူ မသွင်းနိုင် သေး။

အဲဗာတန်က ဂိုးသွင်းဖို့ မကြိုးစားဘဲ ခံစစ်ကိုသာ လုံအောင်ပိတ် ဆို့ဖျက်ထုတ်ကစားနေသဖြင့် မန်ယူထင်တိုင်းမပေါက်ဖြစ်နေ၏။ စိုးရိမ်

www.burmeseclassic.com

www.burmeseclassic.com

စိတ်များနေသော မန်ယူတိုက်စစ်မှူးများ အဆုံးသတ်တွင် ဂိုးပေါက် လွဲချော်နေတော့၏။

သို့နှင့်ဂိုးမရှိ သရေဖြင့်သာ ပထမပိုင်းပြီးသွားသည်။ ပူ လောင်အိုက်စပ်နေသော ကျင်တိုတ်ကွင်းထဲမှ အားလုံးပြေးထွက်ပြီး လေညှင်းခံ လက်ဖက်ရည်သောက် မုန့်စားရင်း အသက်ဝဝရှူကြရ သည်။

ဒုတိယပိုင်းဆက်ကန်တော့ ကစားအားကျသွားသည်လား မပြောတတ်။ ပွဲက လေးလေးတွဲ့တွဲ့ကြီးဖြစ်သွားသည်။ ဒီလိုအချိန်မှာ ကစားသမားအချင်းချင်းသာမက နည်းပြများပါ အားကုန်ညှစ်ရသည့် အချိန် ဖြစ်ခဲ့ပြီ။ အိုးထရက်ဖို့ဒ်ကွင်းထဲ နှင်းတွေဝေနေသော်လည်း ကျင်တိုတ်ကွင်းထဲ ချွေးတွေရွှဲနေကြ၏။

ပွဲကကြည့်မကောင်းသဖြင့် မင်းမြတ် မျက်တောင်စင်းပြီး ငိုက်လာသည်။ ဒူးပေါ်လက်တင် လက်ပေါ်မှောက်အိပ်ပြီး ဘော မကြည့်ဘဲ ငိုက်နေလေ၏။ ဆူဆူညံညံ၊ နံနံစော်စော်နှင့်ပင် မင်းမြတ် အိပ်ပျော်သွားသည်။

လူက အိပ်သွားသော်လည်း အိပ်မက်က အချိန်မီဆင်းနေ၏ အိပ်မက်ထဲတွင်လည်း ဘောလုံးပွဲရှိနေလေသည်။ အိပ်မက်ပွဲက မန်ယူ နှင့်အဲဗာတန်မဟုတ်။ ဘရာစီယာနှင့် ဆပ်စပိုင်ဒါလည်းမဟုတ်။ နပ်စ် မများအသင်းနှင့်ဗိုက်ကြီးသည်များအသင်း ယှဉ်ပြိုင်သည့်ပွဲဖြစ်၏

ထိုပွဲကလည်း ကြည့်မကောင်းပါ။ နပ်စ်မများက သွက်လွ လုပြီး ကိုယ်ဝန်ဆောင်အသင်းများက လေးဖင့်လွန်းနေသည်။ ခွဲစိတ် ခန်း ဝတ်စုံနှင့်စားကိုင်ထားသော ဆရာဝန်ကြီးက ဒိုင်လူကြီးလုပ်သည် ဆိုတော့ ဒီပွဲက တရားမျှတသောပွဲဖြစ်မည်မထင်။

ပရိသတ်များကလည်း ဗိုက်ကြီးသည်တွေ ကတုံးတုံးလို တော့ဟု အားမလိုအားမရ ဟစ်အော်ကြ၏။ ထိုအချိန်တွင် ဗိုက်ကြ



သည် ပိုင်နယ်တီ ဧရိယာထဲမှာ နာ့ပ်စ်တစ်ယောက် မူယာမာယာများပြီး လှဲချလိုက်၏။

ဆရာဝန်ဒိုင်လူကြီးက ပိုင်နယ်တီပေးလိုက်သည်။

တစ်ကွင်းလုံး ဆူညံစွာ အော်ဟစ်ကြတော့၏။ သို့သော် ကွင်း ထဲတွင် ဒိုင်ကသာ အာဏာပိုင်မဟုတ်လား။ ဘာကိုမှ အရေးမထားဘဲ ပိုင်နယ်တီ သွင်းရန် ပြင်ဆင်နိုင်းနေ၏။

အလို… ဘုရား၊ ဘုရား။ ပိုင်နယ်တီသွင်းမည့် ဘောသမား က ဆောင်းနှင်းဝေပါလား။ မင်းမြတ် စိုးရိမ်စိတ်နှင့် ဂိုးသမားကို လှမ်းကြည့်လိုက်သည်။ ဂိုးသမားမှာ စံပယ်ဖူးစ ဆီးယောင်းမ ငွေမှုံ ဖြစ်နေလေ၏။ ဒိုင်၏ ခရာတွတ်သံအဆုံး ဆောင်းနှင်းဝေက ရက်စက် စွာ အားပါစွာ ကန်သွင်းလိုက်သည်။

နာ့ပ်စ်မ ကန်သွင်းသော ဘောလုံးက ဂိုးသမား ဗိုက်ကြီးသည် ၏ဗိုက်ကို တိုက်ရိုက်ထိမှန်သွားသည်။ အရှိန်နှင့် ပြန်ထွက်လာစဉ် နာ့ပ်မတစ်ယောက် ပြေးလာကာ ဗိတ်ကန်၍ ထပ်သွင်း၏။ ဘောလုံး ဂိုးထဲ ဝင်သွားသည်။

'ဂိုး… ဂိုး… ဂိုး…'

အသံနက်ကြီး ဟိန်းထွက်လာသဖြင့် ငိုက်နေသော မင်းမြတ် လန့်နိုးသွား၏။ အိပ်ချင်မူးတူးနှင့် မင်းမြတ် ထကြည့်သည်။

ဂိုးဝင်သွားပုံကို အနှေးပြကွက်နှင့် ပြန်ပြနေ၏။ ပတ်ဂျီဆန် ပြေးဆွဲလာပြီး ဘောလုံးကို ပေါလ်စခိုးထံ ပို့ပေးလိုက်သည်။ ပေါလ်စခိုး က ရွှန်းနီရှေ့သို့ အလောတော်ချအပေး၊ ရွှန်းနီက မြေမကျ ဗိတ်ကန် သွင်း၍ ဂိုးဝင်သွားခဲ့သည်။

မင်းမြတ် သက်ပြင်းချလိုက်ရင်း ပြုံးစိစိဖြစ်သွားရ၏။ အိပ်မက်ဘောပွဲတွင် ဆောင်းနှင်းဝေနှင့် ငွေမှုံ ထိပ်တိုက်တွေ့ခဲ့ရသည် မဟုတ်လား။ စွဲလမ်းမှုက အိပ်မက်နယ်မြေထိ ကျူးကျော်ဝင်ရောက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

ပြီပြစ်ကြောင်း ကောင်းကောင်းသိလိုက်ရသော မင်းမြတ်မှာ ပျော့ဖတ်နုံးခွေသွားရလေ၏။

ပွဲချိန် ရှစ်ဆယ့်ငါးမိနစ်တွင် ဦးဆောင်ဂိုး သွင်းလိုက်သည်ဖြစ်၍ မန်ယူနှင့် အဲဗာတန်ပွဲမှာ ထိုရလာဒ်နှင့်ပင် ပြီးဆုံးသွားခဲ့သည်။

ပွဲပြီးအိမ်ပြန် အမှောင်လမ်းတွင် လူအုပ်ကြီးက ရွာလမ်းပြည့်နေ၏။ သာဂိက ဘရာစီယာနှင့်ရိုးမပွဲ ကြည့်ဦးမလားဟု အဖော်စပ်သည်။ မင်းမြတ် ပြတ်ပြတ်သားသား ငြင်းလိုက်၏။ မန်ယူနှင့် အဲဗာတန်၏ အနိုင်အရှုံးသည် မင်းမြတ်တို့နှင့် ဘာမှမဆိုင်သော်လည်း ဆိုင်သူများရှိနေတာကြားသိရ၏။

'တောက်... မန်ယူ ယုတ်မာတယ်ကွာ၊ သူတို့အသင်း နိုင်ရုံလောက် ကန်လို့ကိစ္စက ပြတ်မလား၊ ငါတို့အတွက်ပါ နိုင်အောင်ကန်မှ တာဝန်ကျေမှာပေါ့၊ ခုတော့သွားပြီ၊ နွားတစ်ကောင်ဆုံးပြီ'

မချင့်မရဲ စကားသံများကြောင့် အရှုံးသမား၏ ဝေဒနာကို မင်းမြတ်မျှဝေခံစားမိရသည်။ သို့သော် သူတို့၏ အရှုံးဝေဒနာထက် ကိုယ့်နှလုံးဝေဒနာက ပိုသာနေသဖြင့် အိပ်ရာထဲ ကွေးရင်းတွေးရန် အိမ်ကိုသာ အမြန်ပြန်ခဲ့ရတော့၏။

## အခန်း(၄)

ခြံခင်းလက်ခင်း သာယာခြင်းနှင့် မပူမပြင်း နေရောင်အောက်တွင် ဆင်ဇလုပ်သည် ဣန္ဒြေရရ လှပနေ၏။ ကျေးရွာဥက္ကဋ္ဌ ဦးအောင်ပွင့်အိမ်ရှေ့ခြံဝင်းအတွင်း စားပွဲများ ကုလားထိုင်များ ဖျာများ နေရာချထား ပြင်ဆင်နေကြ၏။ ရွာရှိ အလယ်တန်းကျောင်းမှ ကျောက်သင်ပုန်းကြီးများလည်း ရောက်ရှိနေသည်။

ဒီနေ့ ဆင်ဇလုပ်သို့ ကျန်းမာရေးအဖွဲ့ လာရောက်၍ ဟောပြောပွဲများ ပညာပေး အစီအစဉ်များနှင့်အတူ ကျန်းမာရေးစစ်ဆေးပေးရန် တိုက်နယ်ဆေးရုံမှ ကျန်းမာရေးအဖွဲ့ လာရောက်မည့်နေ့ မဟုတ်လား။

ရွာမှ ကာလသား ကာလသမီး အကုန်လုံးလည်း ဦးအောင်ပွင့်ခြံဝိုင်းသို့ စုရုံးရောက်ရှိနေကြ၏။ ဒီလိုပွဲမျိုးကို မင်းမြတ်၊ အောင်ဘ၊ သာဂိတို့ လုံးဝလက်မလွှတ်ကြ။ ထို့ထက်ပို၍မူ လာသမျှ ကျန်းမာရေးဝန်ထမ်းအားလုံးအား နေ့လည်စာဖြင့် ဧည့်ခံကျွေးမွေးဖို့ မင်းမြတ်တို့အိမ်က တာဝန်ယူထား၏။

ကညွတ်ကွင်းဆေးရုံမှ တာဝန်ရှိသူများ လာရောက်ကြမည်ဆို၍ မင်းမြတ် ရင်ခုန်မျှော်လင့်ခြင်းဖြင့် စောင့်စားနေရသည်။ ကညွတ်ကွင်းဆေးရုံမှဆိုလျှင် ဆောင်းနှင်းဝေလည်း ပါလာနိုင်သည်လေ။

www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့တော့ သူ လူပျိုဖြစ်ကြောင်း တစ်ရွာလုံးကို သက်သေထူနိုင်းရန် လည်း ကြံစည်နေ၏။

ပြင်ဆင်ထားသော စားပွဲပေါ်တွင်လည်း အကြော်စုံ၊ ကောက်ညှင်းပေါင်း၊ ကော်ဖီမစ်တို့နှင့် အလျံပယ်ဖြစ်နေပြီ။ ဧည့်သည်များက မလာသေး။ ဦးအောင်ပွင့်နှင့်တကွ ရွာသူရွာသားများ လည်ပင်း သစ်ကုလားအုပ်ဖြစ်နေကြပြီ။ ထိုအခိုက် ကလေးတစ်ယောက် အော်ဟစ်သံက ရူးရူးဝါးဝါးထွက်လာ၏။

'ဒေါ်လုကြည် လာပြီ၊ ဒေါ်လုကြည် ဖုန်းဒိုင်း ဖုန်းဒိုင်းနဲ့ လာနေပြီ'

ကလေး၏ နှိုးဆော်သံကြောင့် အားလုံးလှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ အားလုံး လမ်းမပေါ် ထွက်ကြိုကြ၏။ ထိုကလေး၏ စကားကို အားလုံး နားလည်ကြသည်။

မကြာမီ ဆိုင်ကယ်သုံးစီးခြံရံပြီး ဒေါ်လုကြည်(ထော်လာဂျီ) နှစ်စီးဆိုက်ရောက်လာသည်။ ဥက္ကဋ္ဌက အဖွဲ့ခေါင်းဆောင် ဆရာဝန်ကြီးအား နှုတ်ခွန်းဆက်ကြိုဆိုနေသလို မင်းမြတ်မှာလည်း မျက်လုံးစကောလောက်ပြူးပြီး ဆောင်းနှင်းဝေကို ရှာ၏။

နောက်ဆုံး ထော်လာဂျီပေါ်မှ ဆေးသေတ္တာများ စာရွက်စာတန်းများနှင့် မနိုင်မနင်းဖြစ်နေသော ဆောင်းနှင်းဝေကို တွေ့လိုက်ရသဖြင့် မင်းမြတ် ရင်ဘတ်အိုအောစ် ဖြစ်သွားရည်။

'ဟော··· ဆရာမ ဆောင်းနှင်းဝေ၊ ဆရာမ ပါလာတယ်နော်၊ ဝမ်းသာလိုက်တာဗျာ၊ ပေး··· ပေး··· ဆရာမ၊ ကျွန်တော်သယ်ပေးမယ်'

ဆောင်းနှင်းဝေနှင့် သင်းရန့်မှာ ကလေးအဖေလောင်းကိုလူရှပ်အား ပက်ပင်းတွေ့လိုက်ရသဖြင့် အကြီးအကျယ် အံ့သြကာ စိတ်ပျက်လက်ပျက်ဖြစ်သွားကြရလေသည်။ ကိုယ်ရေးကိုယ်တာကိစ္စသာ



ဆိုလျှင် ဒီနေရာက ချက်ချင်းလှည့်ပြန်သွားမည်မှာ ကေန်မုချ သေချာလှပေတော့၏။

အခုတော့ အဖွဲ့အစည်းနှင့် တာဝန်နှင့်လာရသည်ဖြစ်၍ ငြင်းမရဘဲ ကြိုဆိုသူများနောက်သို့ ငြိမ်ကုပ်လိုက်လာကြရသည်။ စားပွဲတွင် နေရာယူပြီးသည်နှင့် အသင့်ရှိနေသော အကြော်၊ ကောက်ညှင်းပေါင်းတို့ကို ပလပ်စတစ်ဇကာလေးများဖွင့်ကာ ကျွေးမွေးကြ၏။

ကျန်းမာရေးအဖွဲ့မှ အထူးတလည် စီမံ၍ ယင်မနားအောင် ဇကာအုပ်ပြီး ပြင်ဆင်ထားသည်လားမသိ။ ထိုသို့ ပြင်ဆင်ရန်ထက် တစ်ရွာလုံး ယင်နားစာမစားဖို့က ပိုအရေးကြီးသည် မဟုတ်ပါလား။

ကြိုဆိုဧည့်ခံရေးအဖွဲ့ဝင်များ တာဝန်ကျသည်ဆိုခြင်းထက် မင်းမြတ် တာဝန်ကျေမှုက ပို၍သာနေလေသည်။ ဆောင်းနှင်းဝေ အကြော်ယူစားသည်နှင့် တစ်သျှူးဘူးချပေး၏။

ဆောင်းနှင်းဝေ ကော်ဖီသောက်သည်နှင့် ရေနွေးကြမ်းငှဲ့ပေး၏။ အချိုပွဲ သီးနှံများ စားသောအခါ သွားကြားထိုးတံဘူးကို ဖွင့်ပေးသည်။ ဤမျှအထိ စောင့်ကြည့်ကာ အလိုက်တသိနှင့် လိုလေသေး မရှိအောင် ဧည့်ခံ၏။

ထို့အတွက် ဆောင်းနှင်းဝေနှင့်သင်းရန့် ပြန်ပေးကြသော အရာမှာ မျက်စောင်းနှင့်မလိုမုန်းထား အကြည့်များပင်ဖြစ်သည်။ မည်သို့ပင် ဖြစ်စေ မင်းမြတ်က အပြုံးမပျက်။

အားလုံးစားသောက် အပန်းဖြေပြီးသောအခါ ပညာပေးဟောပြောပွဲ စသည်။ ဦးစွာပထမ ကျေးရွာဥက္ကဋ္ဌ ဦးအောင်ပွင့်က မိတ်ဆက်အမှာစကားပြောကြား၏။

'အဟမ်း··· ကနေ့ကတော့ ဆင်ဇလုပ်သားတွေအတွက် မင်္ဂလာတရားနဲ့ ပြည့်တဲ့နေ့ပဲဖြစ်ပါတယ်၊ ဒါကလည်း ကညွှတ်ကွင်းတိုက်နယ်ဆေးရုံက ဆေးရုံအုပ်ကြီး ဒေါက်တာဦးအောင်မြင့်ကျော်

www.burmeseclassic.com

www.burmeseclassic.com

ဦးဆောင်တဲ့ ကျန်းမာရေးဝန်ထမ်းများရဲ့ စေတနာ မေတ္တာကြောင့်ပဲ ဖြစ်ပါတယ်။

ဦးအောင်ပွင့်က ခြံလုံးပြည့်နေရာယူထားကြသော ရွာသူရွာသားများအား တစ်ချက်အကဲခပ်ပြီး စကားဆက်၏။

'အဟမ်း… ဒါကြောင့်ခုနက ပြောသလို'

ဥက္ကဋ္ဌ စကားအစမှာပင် ရွာသားများက ဝိုင်းနှောက်ကြ၏။

'ခုနက ဘာပြောလိုက်တာပါလဲ ဥက္ကဋ္ဌကြီး'

'ခုနက ငါဟာ နင့်အမေကလွှားတဲ့မှပဲ အဲ… ကန်တော့နော် ကန်တော့၊ ကန်တော့ ဆရာဝန်ကြီး၊ ဟဲ… ဟဲ… ဟော့ကောင်တွေ ဟော့ကောင်တွေ ငါပြောနေရင် ဝင်မရှုပ်နဲ့ သေချာနားထောင်'

ဥက္ကဋ္ဌကြီးမှာ ဆရာဝန်ကြီးနှင့်အဖွဲ့အား တောင်းပန်လိုက်ရွာသားများကို ငေါက်ငန်းလိုက်နှင့် သူ့အရပ်နှင့်သူ့ဇာတ်ကို နိုင်နင်းစွာကပြနေရှာသည်။

'အဟမ်း… ဆရာဝန်ကြီးတွေက မင်းတို့အကျိုး ငါတို့အကျိုးအတွက် ကျန်းမာရေး ဗဟုသုတတွေကို ဖြန့်ဝေပေးဖို့ ရောက်လာကြတာဆိုတော့ ဆရာဝန်ကြီးတို့အဖွဲ့ ဟောတာပြောတာတွေကို သေသေချာချာနားထောင် တိတိကျကျလိုက်နာဖို့ အရေးကြီးတယ်၊ ဒီတော့ ငါ့အနေနဲ့ ရှည်ရှည်ဝေးဝေးသိပ်ပြောမနေတော့ဘူး၊ ဆရာဝန်ကြီးတို့အဖွဲ့ ပြောတာတွေ နှလုံးသားထဲ စွဲနေအောင် မှတ်ထားကြ၊ ဒါပဲ'

ဥက္ကဋ္ဌကြီး မှာတမ်းချွေပြီးတော့ ဒေါက်တာဦးအောင်ကျော်မြင့်ထရပ်ပြီး နှုတ်ခွန်းဆက်စကားနှင့်အတူ ငှက်ဖျားရောဂါအကြောင်းစတင်ဟောပြောတော့၏။

'ငှက်ဖျားရောဂါဟာ လူသတ်ရောဂါဆိုးအဖြစ် ဒီနေ့အထိ ရပ်တည်နေဆဲဖြစ်ပါတယ်၊ ကမ္ဘာပေါ်မှာ နှစ်စဉ် ငှက်ဖျားရောဂါဖြစ်ပွားသူပေါင်း သန်း ၁၁၀ လောက်ရှိပါတယ်၊ ကမ္ဘာ့ကျန်းမာရေး



အဖွဲ့ကြီးရဲ့ စာရင်းဇယားတွေအရ နှစ်စဉ် လူတစ်သန်းမှ နှစ်သန်းအတွင်း သေဆုံးနေတယ်လို့ သိရပါတယ်'

'ဟား… မနည်းပါလား'

'ကြောက်စရာကြီးနော်'

'အဲဒါ ငှက်ပျောသီးစားပြီး စမ်းရေသောက်လို့'

ပရိသတ်ကြီးက တစ်ယောက်တစ်ပေါက် သုံးသပ်နေကြရာ ကျွတ်စီကျွတ်စီနှင့် ပွက်လောရိုက်သွားကြတော့၏။ သို့နှင့် ဆရာဝန်ကြီးက ချောင်းဟန့်၍ ပတ်တုတ်ရတော့သည်။

'အဟမ်း… အဟမ်း… ရွာသူရွာသားတို့ခင်ဗျား ငှက်ဖျားရောဂါဟာ ခြင်ကြောင့်ဖြစ်တာပါ၊ ငှက်ဖျားဖြစ်စေတဲ့ ခြင်အမျိုးအစား ၃၇ မျိုးရှိတဲ့အနက် အနော်ဖိလိဒိုင်းရပ်စ် (Anopheles dirus) နဲ့ အနော်ဖိလိ မီနီးမတ် (Anopheles minimus) ဆိုတဲ့ ခြင်နှစ်မျိုးက ငှက်ဖျားရောဂါကို အဓိကဖြန့်ဖြူးပေးနေကြတာပါ'

ရွာသူရွာသားအပေါင်းတို့မှာ ရှင်းလင်းဟောပြောချက်များကို ဂရုတစိုက်နားထောင်နေကြသဖြင့် ငြိမ်သက်တိတ်ဆိတ်နေလေ၏။

'ခြင်မျိုးဖြုတ်ဖို့အတွက် ဒီဒီတီဆေး ပက်ဖျန်းနှိမ်နင်းနိုင်သလို ကလိုရိုကွင်းနဲ့ စင်ကိုနာအပင်ရဲ့ အခေါက်ကနေ ထုတ်ယူရရှိတဲ့ ကွီနိုင်ဆေးတွေက ထိထိရောက်ရောက် ဟန့်တားနိုင်ခဲ့ပါတယ်'

'တော်သေးတာပေါ့ကွာ'

'ဟုတ်ပါ့တော်'

'ဒါပေမဲ့ အဲဒီဆေးတွေအပေါ် ခြင်တွေယဉ်ပါးလာလို့ ကာကွယ်ဆေးအနေနဲ့ မထိရောက်တော့သလို သောက်ဆေးအနေနဲ့လည်း မထိရောက်တော့ပါဘူး၊ ဒီထက်ပို အရေးကြီးတဲ့ဖြစ်စဉ်က ခြင်တွေရဲ့ မလေ့စရိုက်ပြောင်းလဲလာခြင်းပါပဲ၊ ဒါကြောင့် ခြင်ပေါက်ပွားနှုန်း

www.burmeseclassic.com

www.burmeseclassic.com

မကျဆင်းသလို ရောဂါဖြစ်ပွားမှုနှုန်းလည်း ရပ်တန့်မသွားတာပဲ ဖြစ်ပါတယ်'

'ဒါဆို ဘယ်လိုကာကွယ်ရမှာလဲဗျ'

'ဟုတ်ကဲ့၊ အဲဒါကို ပညာပေးချင်လို့ ကျွန်တော်တို့ လာခဲ့တာပါ၊ စိတ်ရှည်ရှည်နဲ့ နားထောင်ပေးပါလို့ မေတ္တာရပ်ခံပါရစေ'

'ဟုတ်သားပဲကွာ၊ မင်းတို့ကလည်း စကားများလိုက်တာ၊ ပါးစပ်ပိတ်ပြီး သေချာနားထောင်'

ဥက္ကဋ္ဌ ထဟောက်လိုက်တော့လည်း ရွာသားများ ငြိမ်ဝပ်သွားကြပြန်သည်။

'ဟုတ်ကဲ့၊ ငှက်ဖျားရောဂါမျိုးကွဲလေးမျိုးရှိတဲ့အနက် ပလတ်စ်မိုးဒီးယန်းဖယ်လဆီဖယ်ရစ်နဲ့ ပလတ်စမိုးဒီးယန်းဗိုင်းဗက်စ်နှစ်မျိုးတည်းပဲ မြန်မာပြည်မှာ ပြန့်ပွားနေတာပါ'

'အနောဖလီခြင် အမျိုးအစားထဲက ခြင်အမတွေကသာ လူကိုသွေးစုပ်ပြီး ရောဂါပြန့်ပွားစေတာဖြစ်ပါတယ်'

'ကြားပြီမဟုတ်လား၊ အမဆို ဘယ်အမမှ မကောင်းဘူး၊ မိန်းမလည်း မကောင်းဘူး၊ ခြင်မလည်း မကောင်းဘူး၊ ကိုင်း… သိကြပြီလား'

ရုတ်တရက် ထအော်လိုက်သော ဖိုးငနဲ အရက်သမားချက်ဖောင်း၏ စကားကြောင့် ပရိသတ်များ ဝါးလုံးကွဲအောင် ရယ်လိုက်ကြတော့သည်။ ဥက္ကဋ္ဌကြီးမှာ မျက်စွာဒေါ်ပွသွားပြီး အကြီးအကျယ်မျက်နှာပျက်သွားလေ၏။ သို့နှင့်ဥက္ကဋ္ဌကြီးက အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား လက်တို့ကာ တီးတိုးအမိန့်ပေးလိုက်တော့သည်။

ထို့နောက်မှာတော့ အရက်သမား ချက်ဖောင်းအား ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ဝိုင်းဝန်းပင့်ဆောင်သွားတာ တွေ့လိုက်ကြရလေ၏။ ထိုအခါကျမှ ဆရာဝန်ကြီးလည်းစကားဆက်ခွင့်ရတော့သည်။



'အဟမ်း… ဟုတ်ကဲ့၊ ပလတ်စမိုးဒီးယမ်း ဖလက်ဆီပယ်ရမ် အမျိုးအစားကူးစက်ခံရပြီဆိုရင် ရောဂါပိုးဟာ ကူးစက်ခံရသူရဲ့ အသည်းတွင်းထဲ ဝင်ပြီး ရက်သတ္တတစ်ပတ်မှ နှစ်ပတ်ထိကြာအောင် ပွားများပါတယ်၊ အဲဒီနောက်မှာ အပြင်ထွက်လာပြီး သွေးနီဥများအတွင်းမှာ ကြီးထွားပွားများတော့တာပါပဲ၊ ဒါကြောင့် ရောဂါကူးစက်ခံရပြီးရင် တစ်ပတ်အတွင်းမှာပဲ ရောဂါလက္ခဏာပြတာပါ၊ လူနာရဲ့ ကိုယ်ခံစွမ်းအားပေါ် မူတည်ပြီး ရောဂါလက္ခဏာကွဲပြားနိုင်ပါတယ်'

'ငှက်ဖျားဖြစ်ရင် တစ်ရက်ခြား ခေါင်းကိုက်တုန်ချမ်းပြီး အပြင်းဖျားတတ်ပါတယ်၊ အဖျားက တက်ဖျားကျဖျားဆိုတဲ့အတိုင်း ချက်ချင်းအကောင်းပကတိလည်း ပြန်ဖြစ်သွားနိုင်ပါတယ်၊ ဒီဖယ်လဆီပယ်ရမ် ငှက်ဖျားဟာ ရောဂါပွားများနှုန်း မြန်ဆန်တဲ့အတွက် ခေါင်းကိုက်ခေါင်းအုံ့ တုပ်ကွေးလက္ခဏာလောက်သာ ပြပြီး ရောဂါပိုးဦးနှောက်ထဲဝင်တတ်လို့ ရုတ်တရက် သတိလစ်လဲကျသွားတတ်ပါတယ်၊ အဲဒီလို လဲကျတဲ့ လူငါးယောက်မှာ တစ်ယောက်သေတတ်တဲ့အထိ ပြင်းထန်ပါတယ်'

'ဒါကြောင့် ခြင်ကို ပြည်သူ့ရန်သူ နံပါတ်တစ်အဖြစ် သတ်မှတ်ပြီး နှိမ်နင်းကြဖို့ တိုက်တွန်းနှိုးဆော်နေရတာပါ၊ ဖုံး၊ သွန်၊ လဲ၊ စစ် အလေ့အကျင့်ကောင်းကို လိုက်နာကြပါ၊ ခြင်ကို ပိုးသတ်ဆေးစိမ် ခြင်ထောင်ထဲမှာပဲ အမြစ်ပြတ်ချေမှုန်းကြပါ၊ ဟောပြောပွဲအပြီးမှာ ဆောင်ရန်ရှောင်ရန် လက်ကမ်းကြော်ငြာလေးတွေ ဝင်ယူသွားကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါရစေ'

'ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း'

ဆရာဝန်ကြီး ဟောပြောမှု အပြီးမှာတော့ သူနာပြုဆရာမကြီးက HIV နှင့် AIDS အကြောင်း သိကောင်းစရာများကို ဆက်လက်ဟောပြော၏။

www.burmeseclassic.com

www.burmeseclassic.com

'AIDS လို့ခေါ်တဲ့ အိတ်ဒ်စ်ရောဂါဆိုတာ ဘာလဲ၊ အရပ်ခေါ် အရ အေကိုက်တယ်ဆိုတာဘာလဲ၊ အဓိကအားဖြင့်တော့ ရောဂါပြီး စနစ်ပျက်စီးပြီး ကိုယ်ခံစွမ်းအားလျော့နည်းကျဆင်းသွားရတဲ့ ရောဂါ ပါပဲ၊ ဒီရောဂါကို ကုသဖို့ ARV, ART ဆိုတဲ့ ဆေးတွေပေါ်ပေါက်နေ ပါပြီ၊ ဒါပေမဲ့ ဆေးတွေက ဈေးကြီးသလို လုံလောက်အောင်လည်း မထုတ်လုပ်နိုင်သေးတဲ့အတွက် လူသတ်ရောဂါအဖြစ် အန္တရာယ်ပေး နေဆဲပါပဲ'

'ဒီရောဂါဟာ လိင်တူဆက်ဆံခြင်း၊ မူးယစ်ဆေးဝါး သွေး ကြောထဲ ထိုးသွင်းခြင်း၊ မသန့်ရှင်းသော ဆေးထိုးအပ်အသုံးပြုခြင်း သွေးမတိတ်ရောဂါရှိသူများ၊ သွေးအစားသွင်းခံရသူများ၊ လိင်အပျော် အပါး လိုက်စားသူများ AIDS ရောဂါခံစားနေရသော မိဘများက မွေးဖွားလာတဲ့ ကလေးငယ်များမှာ အများဆုံး ကူးစက်ခံစားနေကြရပါ တယ်'

'ဒီရောဂါကူးစက်မခံရအောင် ဘယ်လိုသတိပြုနေထိုင်ကြ မလဲ၊ အဓိကကတော့ အိမ်ထောင်ဖက်အပေါ် သစ္စာရှိပြီး တစ်လင် တစ်မယားစနစ် ကျင့်သုံးဖို့နဲ့ လိင်အပျော်အပါး မလိုက်စားဖို့ပါပဲ ဒါကိုမှ မလိုက်နာနိုင်ဘူး၊ အပျော်အပါးလိုက်စားချင်တယ်ဆိုရင်လည်း လိင်တံအစွပ် ကြက်ပေါင် (FL)၊ သို့မဟုတ် ကွန်ဒုံးကို အသုံးပြုကြပါ လို့ တိုက်တွန်းချင်ပါတယ်၊ ကျွန်မတို့မှာ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ယူနီဆက်က ပံ့ပိုးပေးလိုက်တဲ့ ကွန်ဒုံးတွေ ပါလာပါတယ်၊ ဟောပြော ပွဲအပြီးမှာ လိုအပ်သူတွေ လာယူနိုင်ပါတယ်'

'တစ်ဒါဇင်လောက် ပေးပါဗျို့'

ခပ်နောက်နောက် ရွာသားများထံမှ အသံများထွက်လာ၏ အသက်ငါးဆယ်ကျော် ဆရာမကြီးက မတုန်မလှုပ်၊ ဒီလိုပွဲမျိုး ဒီ



အတွေ့အကြုံမျိုး များစွာကြုံရ ဆုံရပြီးသည့်ဟန်နှင့် ထပ်ဆင့်ရှင်းလင်း နေပြန်သည်။

'ကျွန်မတို့ မြန်မာ့လူနေမှု ဓလေ့ထုံးစံအရ ဖိုမဆက်ဆံရေး ကိစ္စတွေ လိင်မှုဆိုင်ရာ အတွေ့အကြုံ ဗဟုသုတတွေနဲ့ ရှောင်ရန် ဆောင်ရန်တွေ အသိပေးရတဲ့နေရာမှာ ဟိရိဩတ္တပ္ပကြောင့် အခက် အခဲတွေ အများကြီး ကြုံခဲ့ရပါတယ်၊ ရှင်းပြတဲ့သူက ရှက်ပြီး မပွင့် လင်းသလို နာယူသူကလည်း ရှက်ပြီး ဂရုတစိုက် နားမစွင့်တဲ့အတွက် ပညာပေးတာတွေ မထိရောက်တာကို အများကြီးကြုံတွေ့ခဲ့ကြရပါ တယ်'

ပရိသတ်ထံမှ ဘာသံမှ ထွက်မလာကြ။

'ဒီတော့ ကွန်ဒုံးအသုံးပြုမှုဟာ AIDS နဲ့တကွ အခြားကာလ သားရောဂါအမျိုးမျိုးကို တားဆီးကာကွယ်နိုင်သလို သားဆက်ခြားရေး စီမံကိန်းအတွက်လည်း ကြီးမားတဲ့ အကျိုးသက်ရောက်မှုတွေကို ရရှိ နိုင်တဲ့အတွက် အသုံးပြုဖို့ မရှက်ကြပါနဲ့၊ မသိရင်မေးဖို့ မကြောက်ကြ ပါနဲ့လို့ ပြောပါရစေ'

ပရိသတ်ကြီးက ငြိမ်သက်နေမြဲ၊ အမျိုးသမီးများ မိန်းကလေး များကတော့ ခေါင်းငုံ့နေကြပြီဖြစ်၏။

'မပွင့်လင်းမှုကြောင့် အရာမထင်ဖြစ်ရတဲ့ ကိစ္စတစ်ခုဖောက် သည်ချတင်ပြပါရစေ၊ သားဆက်ခြားစီမံကိန်းစတင်ခဲ့စဉ်က ကိုယ်တွေ့ ဖြစ်ရပ်တစ်ခုပါ၊ ကျန်းမာရေးမှူးထောင့်ကပဲ နားထောင်ပေးဖို့ ပန်ကြား ပါရစေ၊ ကျွန်မတို့ သွားလာရေးခက်ခဲတဲ့ ဒေသတစ်ခုမှာ သားဆက် ခြားကိစ္စ ဟောပြောပညာပေးခဲ့ပါတယ်၊ တော်တော်စောစောပိုင်းကပဲ ဆိုပါတော့၊ တားဆေး၊ ထိုးဆေး၊ သောက်ဆေးတွေရဲ့ အကျိုးအပြစ် တွေကို ရှင်းပြပြီးတဲ့နောက် ကွန်ဒုံးအသုံးပြုနည်းကို လက်တွေ့ပြသရ

www.burmeseclassic.com

www.burmeseclassic.com

ာဖြစ်ပါတယ်၊ ဒီနေရာမှာ တာဝန်ကျဆရာက အလွန်ရှက်တတ်တဲ့ လူပျိုကြီးပါ'

'ဟား… ဟား… ဟား… ဟိ… ဟိ… ခွိ… ခွိ'

'သူက ရှက်နေတဲ့အပြင် ဒီနေ့ကာလလို သရုပ်ပြ ပစ္စည်းတွေကလည်း ပါမလာခဲ့ပါဘူး၊ ဒါကြောင့် သူ့ပါးစပ်က ဒါကို လိင်တံမှာ စွပ်ပါ ဟောဒီလိုဆိုပြီး ပြောနေပေမယ့် သူစွပ်ပြနေတာက သူ့လက်ချောင်းနှစ်ချောင်းပါ'

အမျိုးသားတို့ ရယ်သံက ဘဝင်ညံ့အောင် ထွက်လာကြ၏။ ဥက္ကဋ္ဌချောင်းသုံးခါဆိုးပြီး ထရပ်ပြမှ ပြန်ငြိမ်သွားကြသည်။

'နောက် နှစ်နှစ်အကြာမှာ အဲဒီဒေသကို ကျွန်မတို့နောက်တစ်ခေါက် ပြန်ရောက်သွားပါတယ်၊ ကျွန်မတို့ ပညာပေးမှု ဘယ်လောက်ထိရောက်အောင်မြင်သလဲဆိုတာ စစ်တမ်းကောက်ဖို့ဆိုပါတော့၊ အဲ… ရွာထဲဝင်လိုက်တာနဲ့ တွေ့သမျှ မိန်းမတွေဟာ ဗိုက်ကြီးတွေ တကားကားနဲ့ဆိုတော့ ကျွန်မတို့ အတော်စိတ်ပျက်သွားကြရတော့တာပေါ့'

'ဟား… ဟား… ဟား'

'ဒါနဲ့ ရွာသားလေးငါးယောက်လက်တို့ခေါ်ပြီး အင်တာဗျူးလုပ်ကြရပါတယ်၊ အဲဒီမှာ ရွာသားတွေရဲ့အဖြေကြောင့် ကျွန်မတို့ ပညာပေးအဖွဲ့ ငိုအားထက် ရယ်အားသန်ဆိုသလို ဖြစ်ခဲ့ကြရပါတယ်'

'ရွာသားတစ်ယောက်က ဆရာတို့ပြခဲ့သလိုပဲ အဲဒီကွန်ဒုံးကို လက်မှာစွပ်ပြီး လုပ်ရှားကြတာပါပဲဗျာ၊ ဒါပေမဲ့ မရပါဘူး၊ ဗိုက်က ကြီးမြဲကြီးနေတာပါပဲ၊ ဆရာတို့လည်း အမြင်ပဲမဟုတ်လားတဲ့'

'ဟား… ဟား… ဟား… ဟား… ဟား'

'ဒီတစ်ခါတော့ ဥက္ကဋ္ဌ ပတ်တုတ်လည်းမရတော့ချေ။ ရယ် လိုက်ကြသည်မှာ အုန်းအုန်းထ၍ ပွက်လောရိုက်ကုန်တော့သည်လေ ဆရာမကြီးလည်း ပရိသတ်အသံတိတ်မှ စကားဆက်ခွင့်ရတော့



'ဒီရွာက ကာလသားများကတော့ ဒီလောက်ထိ မဝေးဘူးထင်ပါတယ်၊ ခေတ်ကလည်း ခြားသွားပြီလေ၊ ဒါဟာဘာလဲဆိုတော့ လိင်နဲ့ဆက်စပ်သမျှ ကိစ္စတွေကို ရှက်စရာလို့ သတ်မှတ်ပြီး မပွင့်လင်းကြတဲ့အတွက် စီမံကိန်းတစ်ခု သဲထဲရေသွန်ဖြစ်ခဲ့ရတာပါပဲ၊ ဒါကြောင့် ကျန်းမာရေးအသိပညာကို တိုင်ပင်ဆွေးနွေးရတာဟာ ရှက်စရာမဟုတ်ပါဘူးလို့ ပြောကြားရင်း နိဂုံးချုပ်ပါရစေ'

'ဖြောင်း… ဖြောင်း… ဖြောင်း…'

ဟောပြောပွဲကာဗဟုသုတရသလို ရယ်စရာများလည်းပါသဖြင့် လူအုပ်ကြီးမှာ လျော့မသွားဘဲ ပို၍ တိုးလာ၏။ ငှက်ဖျား၊ AIDS၊ သွေးလွန်တုပ်ကွေးနှင့် ပိုလီယိုအကြောသေရောဂါများအကြောင်းကို တာဝန်ရှိသူများက အလှည့်ကျဟောပြောပို့ချပေးကြ၏။

နေ့လည် ဆယ့်တစ်နာရီခွဲတွင် ဟောပြောပွဲကို ရပ်နားကာ နေ့ခင်းနှစ်နာရီမှစ၍ ရွာဦးဘုန်းကြီးကျောင်းတွင် ကျန်းမာရေးစစ်ဆေးမှုများ လာရောက်ခံယူကြရန် ဆော်ဩပြီးနောက် နေ့လည်စာ စားသုံးရန် ပြင်ဆင်ကြသည်။

ဥက္ကဋ္ဌ ဦးအောင်ပွင့်နှင့် ဦးဟန်မြတ်က ဆရာဝန်ကြီးနှင့်အဖွဲ့အား ဦးဆောင်ခေါ်ခဲ့ကြရာ မင်းမြတ်တို့ တစ်သိုက်လည်း ဆရာမလေးများမှ မယောင်မလည်နှင့် ကပ်ပါလာကြ၏။

ဦးဟန်မြတ်က သားဖြစ်သူ မင်းမြတ်အား အိမ်မှာအဆင့်သင့်ဖြစ်အောင် ပြေးစီစဉ်ကြရန် ခိုင်းသဖြင့် မင်းမြတ်လည်း ဆရာမလေးများမှ မခွာချင့်ခွာချင်နှင့် ပြေးထွက်သွားရ၏။

ဆရာဝန်အုပ်စုမှာ အားလုံးပေါင်းရှစ်ယောက်သာရှိသဖြင့် မင်းဝိုင်းနှစ်ဝိုင်းဆိုလျှင်ပင် လုံလောက်နေပြီဖြစ်သည်။ မင်းမြတ် ခင်ဘနှင့် သာဂိတို့ သွက်လက်ဖျတ်လတ်စွာ စားပွဲဝိုင်းသုံးလုံးခင်း ဧယ်စက်သလို ပြင်ဆင်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အားလုံးပြင်ဆင်ပြီးသည့်အချိန်မှာပင် ဧည့်သည်ဆရာဝန်အုပ်စုလည်း ရောက်လာကြသည်။ အမေနှင့်ငွေမှုံက ဖော်ရွေစွာ ဆီးကြို နှုတ်ဆက်နေရာပေးကြသည်။ ဆောင်းနှင်းဝေက အမေနှင့်ငွေမှုံကို မှတ်မိသဖြင့် ရှိုးတိုးရှန့်တန့်ဖြစ်မနေဘဲ ရင်းနှီးစွာ အပြန်အလှန် ပြောဆိုနေကြသဖြင့် မင်းမြတ် တော်တော်စိတ်ချမ်းသာသွားရ၏။

ရွာလူကြီး၊ အိမ်ရှင်ဦးဟန်မြတ်နှင့် ဆရာဝန်၊ ဆရာမကြီးတို့က တစ်ဝိုင်းသက်သက်၊ လူလတ်ဆရာဝန် ဆရာမအုပ်စုက တစ်ဝိုင်းနှင့် ဆောင်းနှင်းဝေတို့ ဆရာမလေးများက တစ်ဝိုင်းမို့ ချောင်ချိအဆင်ပြေ စွာ စားသောက်ခွင့်ရကြ၏။

မင်းမြတ်က ဟင်းလိုက်ဖို့ ချိုင့်ကိုင်ပြီး ဆောင်းနှင်းဝေတို့ စားပွဲများမှ မခွာတော့ သီးစုံကုလားဟင်း၊ ကြက်သားကာလသားချက် ဝက်ပုန်းရည်နှပ်၊ ငါးခြောက်ထောင်းကြော်၊ ငံပြာရည်ချက်ကြော် အတို့အမြှုပ်အစုံတို့နှင့် ဧည့်သည်များ ထမင်းစားကောင်းနေကြ၏။

'ဆရာမ ထမင်းဖြည့်ပါဦး'

'တော်ပြီရှင့်'

'ဟာ... အစားနည်းလိုက်တာဗျာ၊ ဟင်းတွေ အဆင်မပြေ လား'

'မဟုတ်ပါဘူး၊ ကျွန်မ...'

မင်းမြတ် လောကွတ်ချော်နေစဉ် အမေရောက်လာပြီး ဆရာ မလေးပန်းကန်ထဲ ထမင်းအတင်းဖြည့်ပေးသဖြင့် ဆောင်းနှင်းဝေ ငြင်း မရဖြစ်ပြီး ထပ်စားနေရ၏။ မျက်နှာပြောင်လွန်းသော မင်းမြတ်ကိုတော့ ဆောင်းနှင်းဝေနှင့် သင်းရနံ့တို့ နှစ်ယောက်လုံး မျက်နှာသာမပေး

ထမင်းနှင့် ဧည့်ခံသူ အိမ်ရှင်ဖြစ်သော်လည်း မျက်စောင်း ဖို့ ဝန်မလေးလောက်အောင် အမြင်ကပ်နေပုံရ၏။ ဒီလောက် မင်းမြတ် မဖြုံပါ။ စားပြီးသောက်ပြီး ခဏနားကြမှ ငွေမှုံ၏ ဗိုက်

စစ်ဆေးခိုင်းကာ အစ်ကိုမင်းသစ်၏ ဇနီးဖြစ်ကြောင်း ရှင်းပြရန် အမေ့ကို တာဝန်ပေးထားပြီးသားလေ။

ထမင်းပွဲအပြီးတွင် အချိုပွဲဆက်၍ အလာပသလာပ စကားဝိုင်းဆက်ကြ၏။ ထိုစဉ် ဗိုက်ကြီးတကားကားနှင့် ငွေမှုံတ ဓာတ်ပုံ အယ်လ်ဘန်စာအုပ်များယူ၍ ဆောင်းနှင်းဝေ အုပ်စုအား ချပြနေတာ တွေ့ရ၏။

မင်းမြတ် ငွေမှုံကို ကျေးဇူးတင်လိုက်သည်မှာ မပြောနှင့်တော့။ သူ လူပျိုဖြစ်ကြောင်း သက်သေတွေက အယ်လ်ဘန်ထဲမှာ တစ်ပုံတပင် မဟုတ်လား။ ဆောင်းနှင်းဝေတစ်ယောက် မိနစ်ပိုင်း အတွင်း သူ လူပျိုဖြစ်ကြောင်း သိသွားတော့မည်ဟူသော အတွေးက မင်းမြတ်ကို မြောက်ကြွမြောက်ကြွ ဖြစ်သွားစေတော့သည်။

အမေရှင်းပြဖို့ပင် မလိုတော့ချေ။ ထို့ကြောင့် ဓာတ်ပုံကြည့်နေ သော ဆရာမဆောင်းနှင်းဝေအား ခပ်လှမ်းလှမ်းမှ မျက်ခြည်မပြတ် အကဲခပ်နေလိုက်၏။ ဓာတ်ပုံကြည့်ရင်း မရီးတော်ငွေမှုံ ရှင်းပြသမျှ နားထောင်နေသော ဆရာမလေးမှာ တဖြည်းဖြည်းနှင့် ခက်ထန်သော အမူအရာများ လျော့ကျသွားသည်ဟုပင် မင်းမြတ် ယုံကြည်မိသည်။

ဆောင်းနှင်းဝေမှာ ပြုံးရွှင်နေသလို သင်းရနံ့မှာလည်း အံ့ဩ နေဟန်မြင်တွေ့ရ၏။ မင်းမြတ် ဝင်၍ တော်ကီပစ်ရန် မင်္ဂလာအချိန်ကျ ပြီကိုး။ မင်းမြတ် ရင်ကော့ပြီး စံပယ်ဖူးစ ဆီးယောင်းမနှင့် ဆောင်း နှင်းဝေတို့ စကားဝိုင်းသို့ ဝင်လိုက်သည်။

'လာလေ... မင်းမြတ်၊ ဒီမှာ ဆရာမလေးကို တို့မင်္ဂလာ ဆောင်ဓာတ်ပုံတွေ ပြနေတာ'

'ကောင်းတာပေါ့ဟ ငွေမှုံရ၊ ဟင်း... ဟင်း... ဆရာမရေ သူနဲ့ ကျွန်တော်က သူငယ်ချင်းတွေ၊ အစ်ကိုနဲ့သွားတော့ မရီးဖြစ်ပြီး မမခေါ်ရမှာလေ၊ ဒါပေမဲ့ နှုတ်က ကျိုးနေပြီ၊ ဟဲ... ဟဲ...'

www.burmeseclassic.com

သံသယရှင်းသွားသော ဆောင်းနှင်းဝေက ကြည်လင်စွာ ပြုံးပြရင်း ကောင်းမွန်စွာ တုန့်ပြန်စကားဆိုသည်။

'သြော်… ဟုတ်ကဲ့၊ မငွေမှုံက ပြောပါတယ်၊ ကိုမင်းသစ်နဲ့ ကိုမင်းမြတ်က ညီအစ်ကိုတွေတဲ့၊ ဒါနဲ့ ကိုမင်းမြတ်ကော မလေးရှား လိုက်မသွားဘူးလား'

'မလိုက်တော့ပါဘူး ဆရာမရယ်၊ ဒီမှာကလည်း လယ်တွေကော ကိုင်းတွေကော အဖေတစ်ယောက်တည်း မနိုင်ဘူးလေ၊ ဒါကြောင့် ဘွဲ့ရလယ်သမားပဲ ဆက်လုပ်နေတာ'

ဆောင်းနှင်းဝေ ပြုံးရုံပြုံးပြသော်လည်း သင်းရနံ့က ထပ်မံစပ်စု၏။

'လယ် ဘယ်နှစ်ဧကလဲ ကိုမင်းမြတ်'

'ကေသုံးဆယ်ပါ'

'ဒါဆို ကိုမင်းမြတ်တို့က သူဌေးပေါ့'

'ဟား… ဟား… လုပ်ပြီ ဆရာမရာ၊ ဗိုက်ထဲရွှံ့ဝင်နေတဲ့ သူကို သူဌေးလို့ ခေါ်ရလား'

'အမယ် လျှိုမနေပါနဲ့၊ ဒီနေ့ခေတ်မှာ လယ်သမားတွေပဲ သူဌေးဖြစ်နေကြတာ'

'ဟုတ်တယ် ဆရာမ၊ သူက လယ်ပိုင်ရှင်သူဌေး ကပ်စေးက လည်း နဲသလား မမေးနဲ့၊ ရသမျှ စိုက်ပျိုးရေးဘဏ်မှာစုပြီး မိန်းမယူဖို့ ပြင်ဆင်နေတာ'

'ဟား… လုပ်ပြီ ငွေမှုံရာ၊ နင်လုပ်မှပဲ ငါ့သိက္ခာတွေ အပေါင်ဆိုင်ရောက်ကုန်ပြီ'

ထင်ထင်လင်းလင်း အမြင်ရှင်းသွားတော့လည်း စကားဝိုင်းက ရင်းနှီးပွင့်လင်းစွာ စည်ဝေနေတော့သည်။

'ကဲ… ဆရာမတို့ရယ် ရောက်တုန်းရောက်ခိုက် အပူကပ်



တယ်လို့လည်း မထင်ပါနဲ့၊ ကျွန်တော့်မရီးရဲ့ ရတနာရွှေကြုပ် အခြေအနေလေး စစ်ဆေးသွားပါဦးဗျာ၊ အစ်ကိုက ဖုန်းတဂွမ်ဂွမ်ဆက်ပြီး ဂရုစိုက်ဖို့ နေ့ရှိသရွေ့ နားပူနေလို့ပါ'

'ရပါတယ်ရှင်၊ လုပ်ပေးရမှာပေါ့၊ တစ်လုပ်စားဖူး သူ့ကျေးဇူးတဲ့၊ ကျွန်မတို့မှာ ကိုမင်းမြတ်ရဲ့ကျေးဇူးကြွေး တင်သွားပြီလေ'

'ဟာ… မဟုတ်တာဗျာ၊ အဲဒီဆိုရိုးရဲ့အဓိပ္ပာယ်ကို ဆရာမ သေချာနားမလည်လို့ ဒီစကားပြောတာ၊ သူက တစ်လုပ်စားဖူး သူ့ကျေးဇူးလို့ပဲ ဆိုတာလေ၊ အခု ဆရာမက နှစ်ပန်းကန်တောင်စားထားတာ၊ ဒီတော့ ဘာကျေးဇူးမှ မရှိတော့ဘူး'

အမေနှင့်ငွေမှုံတို့ ဆရာမအား အခန်းထဲခေါ်၍ ဗိုက်ပြင် ဗိုက်စစ် လုပ်ကြ၏။ အခြေအနေ ပုံမှန်ဖြစ်ပြီး ကလေးလည်း ကောင်းမွန်စွာ ဖွံ့ဖြိုးနေကြောင်း သိရ၍ အားလုံးဝမ်းသာပျော်ရွှင်ကြရသည်။

ထိုနေ့က ရွာဦးကျောင်းတွင် ဆေးကုသပေးခြင်း၊ ကျန်းမာရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကွန်ဒုံးများ အခမဲ့ ဝေငှခြင်းများ ပြုလုပ်၍ စခန်းသိမ်းသောအခါ ငါးနာရီထိုးနေပြီ ဖြစ်သည်။ မင်းမြတ်မှာ ဆရာမအုပ်စုနားမှ မခွာတော့။

'ဒါဆို နောက်အပတ် ငွေမှုံ ဗိုက်လာပြမှပဲ ဆရာမတို့နဲ့ ဆုံရမှာပေါ့နော်'

'ကိုမင်းမြတ်ရယ် လာချင်ရင် အနီးလေးလို့ ဆိုစကားရှိတယ်လေ'

မင်းမြတ်၏ ခပ်ချွဲချွဲအပြောကို သင်းရနံ့က ပြုံးစိစိနှင့် ပြန်တွန်းလုပ်၏။ ဆောင်းနှင်းဝေမှာ ခေါင်းမဖော်တော့။

'လာချင်တာပေါ့ ဆရာမရယ်၊ ဒါပေမဲ့ ဒီရက်သီ လယ်ကို ခတ်မြေသြဇာထည့်ရမယ်လေ၊ အလုပ်တွေက အများကြီး ဆရာမရဲ့'

'ဟုတ်ပါပြီ လယ်သမားကြီးရယ်၊ ညည်းတော့ မညည်းပါ

www.burmeseclassic.com

www.burmeseclassic.com

နဲ့၊ အားမှပဲ လာပါတော့၊ ကျွန်မတို့လည်း လယ်ထဲတော့ မဆင်းရဲဘူးရှင့်’

‘ဘာလို့လဲ ဆရာမ၊ မြွေကြောက်လို့လား’

‘မဟုတ်ဘူး၊ လယ်သမားကို ကြောက်တာ’

‘ဟား… ဟား… ဟား’

သင်းရှုံ့၏ အရောက်ပို့စကားများက အတော်လေးကို ထိရောက်လှ၏။ ဆောင်းနှင်းဝေမှာ ရက်ပြုံးကိုပင် ဝှဝှစားစား မပြုံးရဲတော့ချေ။

## အခန်း(၅)

ကြည်လင်ပြာလွဲနေသော ကောင်းကင်ကြီးမှာ မိုးကုပ်စက်ဝိုင်းထိ ရှုမဆုံးတော့။ အချိန်မှာ ညနေဆီ နေရီရီငိုက်မေ့းစပြုပြီမို့ နေရောင်ဟပ်သဖြင့် တိမ်တောင်အထပ်ထပ်နှင့် ကောင်းကင်ပန်းချီသည် တုနှိုင်းမရအောင် လှပနေချေ၏။

အိပ်တန်းပြန် ဗျိုင်းတို့ အုပ်ဖွဲ့ပျံသန်းလာပုံကလည်း ကြည့်မဝနိုင်အောင် လှပတင့်တယ်နေပြန်သည်။

ဒီနေ့ လယ်ဧက သုံးဆယ်လုံး ခတ်မြေသြဇာများ ကျဲပက်ရသည်မို့ ဦးဟန်မြတ်နှင့် မင်းမြတ်တို့ နှစ်ယောက်လုံး လယ်ကန်သင်းဘေးတွင် ပိုးလိုးပက်လက် လန်နေကြ၏။

ဖိုးကူးနှင့်သာဒင်တို့က ကူညီဆောင်ရွက်ပေးကြသူများအား ရေသန့်ဘူးများလိုက်လံဝေငှပေးရာမှ မင်းမြတ်တို့နားရောက်လာပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြသည်။

မင်းမြတ်တို့ သားအဖလည်း ဘူးကိုယ်စီဆွဲ၍ အမောပြေရေသောက်လိုက်ကြ၏။ ရေသောက်ပြီးနောက် ခါးပုံစထဲမှ ကွမ်းယာထုပ်နှိုက်၍ ပါးစောင်ထဲ ကွမ်းတစ်ယာ ပစ်ထည့်ကာ ပလုပ်ပလောင်းလေသံနှင့် ဦးဟန်မြတ် စကားစ၏။

www.burmeseclassic.com

www.burmeseclassic.com


'အင်း… ခေတ်ကြီးက အတော့်ကို ပြောင်းလဲသွားပြီပဲကိုး၊ ခုနေမှာ နွားမရှိလို့လည်း ဘာမှမဖြစ်တော့ဘူး'

'ဟုတ်တယ်နော် ဦးကြီး၊ နွားမရှိလို့လည်း ဘာမှမဖြစ်ဘူး၊ ထွန်စက်မရှိလို့လည်း ဘာမှမဖြစ်ဘူး၊ နေ့တွက်နဲ့ အငှားလိုက်ထွန်ပေးတဲ့ ထွန်စက်တွေမှ အများကြီး'

ဖိုးကူး၏ စကားကို မင်းမြတ် ဝင်၍ထောက်ခံလိုက်သည်။

'ဒါပေါ့ ဖိုးကူးရ၊ လက်မှုလက်ယာမှ စက်မှုလယ်ယာသို့ ဆိုတာ ဒါပဲပေါ့'

ဦးဟန်မြတ်က သားဖြစ်သူ၏ စကားကို ထောက်ခံသလို ခေါင်းတဆတ်ဆတ်ညိတ်နေရင်း ငယ်ဘဝကို သတိရသလို တမ်းတ စကားဆိုသည်။

'အင်း… ဖေဖေတို့ ငယ်ငယ်ကနဲ့တော့ အရမ်းကို ကွာသွားပြီလေ၊ တို့တုန်းက စပါးက တစ်နှစ်မှ တစ်ခါပဲပေါ်တာ၊ ခုတော့ ဆရာဇော်ဂျီရဲ့ ကဗျာထဲကလို သုံးသီးစိုက်၊ သိုက်စာပေါ်တဲ့ခေတ် ရောက်နေပြီကိုးကွ၊ ဒါပေမဲ့ ငယ်ငယ်တုန်းကလို မပျော်တော့တာ တော့အမှန်ပဲဟေ့'

'ဖေဖေတို့တုန်းက ဘာတွေများ ပျော်စရာရှိလို့လဲ ပြောပြပါဦး'

'ဟား… ပျော်စရာရှိပြီလားကွာ၊ ဖုံးတုံးလုံးတုံး တန်ဆောင်မုန်းဆိုတဲ့အချိန်ကစပြီး စပါးပေါ် ငွေပေါ်တဲ့အချိန်ထိ တောက်လျှောက် ပျော်စရာတွေချည်းပဲပေါ့ဟ ငါ့သားရ'

'ဟုတ်ပါပြီ ဖေဖေရာ၊ ဘယ်လိုပျော်ခဲ့ကြသလဲဆိုတာ ကြားချင်လို့ပါ'

'အင်း… ပြန်တွေးကြည့်တော့ စပါးတွေ ရင့်မှည့်ပြီး ရိတ်သိမ်းကာနီး အချိန်မှာ ပုန်းမကြည်နတ်ပူဇော်ပသတဲ့အချိန်ပေါ့၊ သိပ်ပျော်စရာကောင်းတာ'

'ပုန်းမကြည်နတ် ဟုတ်လား၊ တစ်ခါမှလည်း မကြားဖူးပါလား'

'မကြားဖူးဘူးဆို တိမ်ကောပပျောက်သလောက်ဖြစ်နေတာ ကိုးကွ'

ဦးဟန်မြတ် လွမ်းလွမ်းဆွေးဆွေး လေသံနှင့် ပြောနေလေရာ မင်းမြတ် ဖိုးကူး သာဒင်တို့မှာ သိလိုကြားလိုစိတ်များနှင့် ရှုစိတ်တက်နေတော့၏။

'သိချင်လို့ ပြောပါဆိုမှပဲ ဈေးကိုင်လိုက်တာ ဦးကြီးရာ'

'ဟား… ဟား… ဟား… အေးပါကွ၊ ငါလည်း ပြောပြချင်လို့ မှတ်မိအောင် ပြန်စဉ်းစားနေရတာလေ၊ အင်း… ဒီလိုဟေ့၊ ပုန်းမကြည်ဆိုတာ ရာဇဝင်ထဲက ဘီလူးမပေါ့'

'ဗျာ… ဘီလူးမ'

'ဟေ့ကောင် သာဒင်၊ ဝင်မထောက်နဲ့ကွာ၊ ပြောရတဲ့လူ အရှိန်ပျက်တယ်ကွ'

'မရှင်းလို့ မေးတာကွာ ဘာဖြစ်လဲ'

ဖိုးကူးနှင့်သာဒင်တို့ မစဉ်းမစား အချင်းများနေကြသဖြင့် မင်းမြတ်က ဝင်ဟန့်ရ၏။

'ကဲပါကွာ၊ စကားမများဘဲ သေချာနားထောင်ကြပါ၊ အားလုံး သိချင်နေကြတာပဲ မဟုတ်လား'

မင်းမြတ် ဝင်တားမှ သူ့အဖေ ဦးဟန်မြတ် စကားဆက်ခွင့်ရ၏။

'အေး… အဲဒီ ဘီလူးမက အေးအေးဆေးဆေး နေချင်စိတ် ရှိတယ်တဲ့၊ အဲဒီလိုဆိတ်ငြိမ်တဲ့နေရာမှာ ပုန်းအောင်းနေရမှ စိတ်ကြည်

www.burmeseclassic.com

www.burmeseclassic.com

လင်တတ်လို့ ပုန်းမှကြည်လို့ ခေါ်တာ၊ အလွယ်ခေါ်တော့ ပုတိုးပြုတ်ပြီး ပုန်းမကြည်ရယ်လို့ နာမည်တွင်သွားတာပေါ့'

'သြော်... စိတ်ဝင်စားစရာပဲနော် ဦးကြီး'

'တချို့ဒေသတွေမှာတော့ ဖုန်းမကျီလို့ ခေါ်ပြီး တချို့ကြတော့လည်း ပုဏ္ဏကျီလို့ခေါ်တယ်ကွ၊ ပုဏ္ဏဆိုတာက ပြည့်စုံခြင်း၊ ကျီဆိုတာက စပါးကျီ၊ နှစ်ခုပေါင်းတော့ စပါးကျီများကို ပြည့်စုံအောင်ဆောင်ရွက်ပေးသောနတ်လို့ အဓိပ္ပာယ်ရတာပေါ့'

'ဒါက ပိုပြီးအဓိပ္ပာယ်ပိုရှိတာပေါ့ အဖေရ'

'အင်း... ဟုတ်တာပေါ့၊ ဒါနဲ့ ဆက်ပါဦး ဦးကြီးရ'

'ပုန်းမကြည်ဟာ ဘုရားဟော ဓမ္မပဒလာ ကာဠိယက်ဘီလူးမ ဝတ္ထုထဲမှာ ပါတယ်လေ'

'သြော်... ဒီလိုကိုး၊ ဒါနဲ့ ဦးကြီးရယ် သူက ဘီလူးမဆိုတော့ပသရတာ တစ်မျိုးကြီးဖြစ်မနေဘူးလား'

'သာဒင်ရယ် ပုန်းမကြည်က ဘီးလူးမဆိုပေမယ့် သောတာပန်တည်တဲ့ ပုဂ္ဂိုလ်ထူးလေ၊ သူ့ကို ပသလို့ အကျိုးမယုတ်ပါဘူးကွ'

'ဘယ်လို ပူဇော်ပသရသလဲဆိုတာ ရှင်းပါဦး ဦးကြီး'

'အင်း... ပူဇော်နည်းက ဒီလိုကွ၊ မချေမလျော့ရသေးတဲ့ကောက်လှိုင်းစည်းနဲ့ လူရုပ်လုပ်ရတယ်၊ အဲဒီအရုပ်ကို ထဘီအကျီဝတ်ပေးပြီး လှပအောင် ပြင်ဆင်ရတယ်၊ မုန့်ဆီကြော် အဖြူအနီကန်တော့ပွဲ ဘီးမှန် ကျောက်ပျဉ် သနပ်ခါး ဖာတောင်း စတဲ့ အသုံးအဆောင်ပစ္စည်းတွေ စုံအောင်စုရတယ်'

'သူ့ခလေ့က တစ်မျိုးပဲနော်'

'အေး... သူ့အယူအဆနဲ့ သူပေါ့၊ တလင်းထဲကကောက်လှိုင်းပုံကြီးနားမှာ နွားဖြုတ်ထားတဲ့ လှည်းတစ်စီးထားရတယ်၊ လှည်းရှေ့ဝါးလုံးတစ်လုံး စိုက်ထူထားရတယ်၊ အဲဒီဝါးလုံးမှာ စပါးနှံအပြည့်ပါ



ကောက်လှိုင်းစည်းချည်ထားရတယ်၊ အားလုံးပြီးရင် လှည်းဦးမှာ ပုန်းမကြည် အရုပ်နဲ့ အသုံးအဆောင်တွေ ကန်တော့ပွဲတွေတင်၊ အုန်းသီးပေါ်မှာ ဖယောင်းတိုင် အမွှေးတိုင်ထွန်း၊ ကန်တော့ပွဲကို သုံးခါမြှောက်ပြီး ပုန်းမကြည်ကို ဦးတိုက်ရတယ်'

ဦးဟန်မြတ်က မောသွားဟန်နှင့် ရေတစ်ငုံသောက်လိုက်၏။ မင်းမြတ်တို့ အုပ်စုမှာ စိတ်ဝင်စားလွန်းလှသဖြင့် ရေသောက်တာကိုတောင် မစောင့်နိုင်သလို ဖြစ်နေကြသည်။

'အဟမ်း... အဲသလို ဦးတိုက်ပြီးတာနဲ့ လယ်ရှင်က ရှေ့ကတိုင်ပေးရင် ကာလသားတွေက နောက်ကလိုက်ပြီး သံချပ်ထိုးသလိုရွတ်ဆိုရတယ်'

'အဖေ ဆိုပြလေ'

'အေးပါကွ၊ ငါလည်း မေ့နေတော့ စဉ်းစားရသေးတယ်ဟ၊ အင်း... ဘာတဲ့ အဲ... ဟုတ်ပြီ၊ ဟုတ်ပြီ ဒီလိုကွ'

ပုန်းမကြည် ရှင်တော်မ နို့ပျဉ်းကိုးတောင်ကျ
လှည်းဦးမှာပေါ် သုံးတောင်ကျော်တဲ့တို့စပါး
မထွက်သင့်လား ထွက်သင့်လား

အဲသလို တိုက်လိုက်ရင် လူငယ်တွေက သံပြိုင်နဲ့ ညီညီညာညာ...

ထွက်သင့်တယ်ဗျာ ထွက်မယ်ဗျာ
ပုန်းမကြည် ရှင်တော်မ မပါ စပါ မစပါ
စပါးတောင်လိုပုံအောင်မ စပါးကျီကွဲအောင်လျှံကာကျ
ပုန်းတော်ရှင်မ ပုန်းရှင်မ မစပါဗျ မပါဗျ

အဲသလို ရွတ်ဖတ်ပြီးတာနဲ့ အိုးစည်ဒိုးပတ်တွေနဲ့ တီးမှုတ်ကခုန်ပြီး ကောက်လှိုင်းပုံကို ပတ်ပြီး ဂီတနဲ့ ပသကြရတယ်ကွ'

'အဟား... ပျော်စရာကြီးဗျာ'

www.burmeseclassic.com

www.burmeseclassic.com

'အေးပေါ့၊ ငါကလေးဘဝကဆို အဲဒီနေ့ကိုပဲ မျှော်ရတာ၊ ကရခုန်ရ သီချင်းဆိုရ ဆော့ရတဲ့အပြင် မုန့်ဆီကြော်ကလည်း အလျှံပယ်စားရတာကိုးကွ၊ ဒါက ကလေးတွေအတွက်၊ အရွယ်ရောက်တဲ့ ကာလသား ကာလသမီးများကျတော့လည်း နီးစပ်ရာ ကောက်ရိုးပုံမှာ အိုကေသွားကြတော့တာပေါ့ကွာ'

'အဲဒီနောက်ဆုံးပိုင်းကို အကြိုက်ဆုံးပဲ ဦးကြီး ဟား... ဟား... ဟား...'

'မင်းက ဝါသနာကြီးလွန်းပါတယ် ဖိုးကူးရာ၊ ဒါနဲ့ အဲဒီလို ချစ်စရာကောင်းတဲ့ ရိုးရာဓလေ့လေး ပျောက်ကွယ်သွားတာ နှမြောစရာကြီးနော် အဖေ'

'အင်း... ကာလကြီးက တိုးတက်လာတာကိုးကွ၊ ဒီနေ့မှာတော့ ပုန်းမကြည်ကို မပူဇော်တဲ့ အထွက်တိုးမျိုးစပါးကိုသုံး၊ ဓာတ်မြေသြဇာထည့်၊ ပိုးသတ်ဆေးဖြန်းရုံနဲ့ စပါးတောင်လိုပုံနေပြီကိုးကွ'

'အင်း... ဒါလည်း ဟုတ်တာပဲ၊ နည်းပညာတိုးတက်မှုရဲ့ ရလာဒ်တွေပေါ့၊ ကဲ... ကဲ... ဝမ်းလည်းဟာ၊ ဗိုက်လည်းဆာပြီ အဖေရာ၊ အိမ်ပြန်ကြစို့'

'အေး... အေး... မှောင်ရိုတောင်သမ်းနေပြီ၊ ကူညီတဲ့လူတွေ အကုန်ခေါ်ခဲ့၊ မင်းအမေ အကျွေးအမွေး စီစဉ်ထားမယ်တဲ့'

'ဟား... အဲဒါကမှ အကောင်းဆုံးဗျ၊ ပုန်းမကြည်ထက် ကောင်းတာ အဲဒါပဲ'



မင်းမြတ်တစ်ယောက် သာဂိဆိုင်ကယ်ငှား၍ ရှိုးစမိုးအပြည့်နှင့် ကညွတ်ကွင်းသို့ ချီတက်လာခဲ့၏။ ဆောင်းနှင်းဝေနှင့်သင်းရနံ့တို့ သူ့အပေါ် အမြင်ကြည်လင်သွားကြပြီမို့ တွေ့ဆုံဖို့အရေးအတွက် မဝံ့မရဲ ဖြစ်မနေတော့ချေ။

ဆိုင်ကယ်ကို ဂရုတစိုက်စီးလာရင်း ချစ်ခြင်းဖွဲ့သီစကားစုကို တွေးတောစာစီနေမိ၏။ စံပယ်ဖူးစ ဆီးယောက်မ ငွေမှုံသည် သူ၏ မရိုးမှန်း၊ ဆောင်းနှင်းဝေ သိသွားပြီးနောက် သိသာစွာ ပြောင်းလဲသွားသော ဆရာမလေး၏ ဆက်ဆံရေးကြောင့် မင်းမြတ်မှာ သတ္တိတွေ အထွက်တိုးနေခဲ့သည်။

အထွက်တိုး သတ္တိများနှင့် ချစ်စိတ်၏ စေ့ဆော်မှုပေါင်းစည်းမိတော့ ချစ်သူ၏ မျက်နှာတော် မော်ဖူးလိုစိတ်တို့ မွေးဖွားလာသဖြင့် မစည်ကားအပ်သော အရပ်ဌာနသို့ အလည်အပတ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ဆေးရုံဝင်းထဲ ဆိုင်ကယ်ရပ်ပြီး ပတ်ဝန်းကျင်လေ့လာမှု ပြုလိုက်၏။ ဆေးရုံဝင်းထောင့်မှ စားသောက်ဆိုင်တွင် အနီဝတ်လေးများ များယန်းခတ်မျှ စည်ကားနေတာတွေ့တော့ ထိုဆိုင်လေးမှာ တစ်ထောက်နားပြီး ရှာဖွေလေတွေ့ရှိလေ လုပ်ရန် ဆုံးဖြတ်လိုက်သည်။

မင်းမြတ် မျက်စိသူငယ်နှင့် ဆိုင်ထဲဝင်လိုက်၏။ ထမင်းစားချိန်ဖြစ်၍ ဆိုင်ထဲတွင် အဖြူအနီ သူယောင်မယ်လေးများနှင့် စည်ကားနေသည်။ အလွတ်ရ လှတစ်မျက်နှာကို စေ့စေ့စပ်စပ် ရှာဖွေနေ ခိုက်...

'ဗျို့... လယ်သမားကြီး ဒါ ဆေးရုံနော်၊ ဓာတ်မြေသြဇာ အရောင်းဆိုင် မဟုတ်ဘူး'

ရင်းနှီးကျွမ်းဝင်သောအသံ ပေါ်ထွက်လာရာဆီ ကြည့်မိတော့ သင်းရနံ့နှင့်ဆောင်းနှင်းဝေ ထမင်းစားနေကြတာ တွေ့ရ၏။ ဝမ်းသာ

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကြောင့် ထိတ်ခနဲခုန်သော ရင်ကို ထိန်းသိမ်းရင်း သူတို့စားပွဲသို့ အဆောတလျင် ဝင်ထိုင်လိုက်၏။

'ဘာလာလုပ်တာလဲ လယ်သမားကြီး'

'အဟဲ… စပါးအထွက်တိုးဖို့ ဓာတ်မြေဩဇာက ဝယ်ပြီးပြီ သင်းရန့်ရဲ့၊ အခုဟာက အဟင်း'

''ပေါက်ပြီ၊ ပေါက်သွားပြီ၊ စပါးတွေ အထွက်တိုးဖို့ သေချာသွားပြီဆိုတော့ အချစ်တွေ အထွက်တိုးဖို့ လုံးပမ်းတော့မယ် ဆိုပါတော့'

သင်းရန့်သည် လွန်စွာတော်သော အတို့အထောင်ချွန်တွန်းဘော်ဒါတစ်ယောက်ပင်ဖြစ်တော့၏။ ဆောင်းနှင်းဝေမှာ ခေါင်းငုံ့ ပြုံးတုံ့မပြုံးတုံ့နှင့် နှုတ်ဆိတ်လျက်ရှိသည်။

'သင်းရန့်ရယ် တော်လိုက်တာဗျာ၊ အကြားအမြင်များ ရနေသလားဟင်၊ ကျွန်တော် ဆောင်းနှင်းဝေကို ချစ်နေတာ သင်းရန့် ဘယ်လို ရိပ်မိတာလဲဗျာ'

'အံမယ်… အံမယ်… ကိုမင်းမြတ် ရှင် လူလည်မကျနဲ့နော်၊ ကျွန်မက အနေအထားကို ခန့်မှန်းပြီး နောက်တာလေ၊ အပါးခိုပြီး ရည်းစားစကားကို လူကြုံနဲ့ သက်သေမထူနဲ့နော်'

'အဟင်း… ဘယ်လိုပဲဖြစ်ဖြစ် သက်ဆိုင်သူ သိဖို့က လိုရင်းမဟုတ်လား'

'ဩော်… တော်တော်အပျင်းထူတဲ့ လယ်သမားပါလားနော် ကဲ… ကဲ… ကျွန်မမှာ အလုပ်တွေရှိသေးတယ်၊ ဆောင်းရေ… လယ်သမား ဘာတွေပြောသလဲဆိုတာ သေချာမှတ်ထားပြီး အကုန်ပြန်ပြောပြနော်၊ သိလား'

သင်းရန့်က သူ့ထမင်းချိုင့်ကို ကောက်ဆွဲပြီး သုတ်ခနဲထွက်



ပြေးသွား၏။ ဆောင်းနှင်းဝေ လှမ်းခေါ်သော်လည်း အရေးမလုပ်တော့ချေ။

'ခေါ်မနေနဲ့တော့ ဆောင်းရယ်၊ သူက တမင်ရှောင်ပေးတာ'

အရှက်တရားကို ပါးကွက်ကျားထားသော ဆောင်းနှင်းဝေမှာ ပြောစရာ စကားတစ်ခုခုကို အသည်းအသန် စဉ်းစားနေပုံရ၏။ ချိုင့်ထဲမှ ထမင်းကို အကြောင်းမဲ့ချေမွနေရင်း…

'ထမင်းစားပါဦးလား ကိုမင်းမြတ်'

'ဆောင်းကို မြင်ရတာနဲ့တင် ဝသွားပါပြီ ဆောင်းရယ်'

'အဟင်း… ဘာတွေပြောမှန်းလဲ မသိဘူး၊ ဒါနဲ့ မငွေမှုံကောနေကောင်းရဲ့လား'

'ကောင်းပါတယ် ဆောင်းရဲ့'

'ဂျူးဒိတ်မတိုင်ခင် သုံးရက်လောက်ကြိုပြီး ဆေးရုံအရောက်လာနော်၊ ခရီးကဝေးတော့ ကြိုရောက်နေမှ စိတ်ချရမှာ'

'ဟုတ်ကဲ့ပါ ဆရာမ၊ ဒါနဲ့ ဘာလို့စကားလမ်းလွှဲတာလဲဟင်'

'အို… ဘာလွှဲလို့လဲ'

'ကျွန်တော်က ဆောင်းကိုချစ်နေမိတဲ့အကြောင်းပြောပြနေတာလေ'

'ကိုမင်းမြတ်ရယ် တွေ့တာဖြင့် ဘာမှမကြာသေးဘဲနဲ့'

'ကျွန်တော့်အတွက်တော့ အလင်းနှစ်သန်းပေါင်းများစွာ ကြာခဲ့ရပါပြီ ဆောင်းရယ်၊ ကျွန်တော်တို့ ဆုံစည်းမှုကလည်း ဆန်းတယ်နော်၊ ကျွန်တော်က သဘောရိုးနဲ့ မြင်မြင်ချင်း မြတ်နိုးမိတဲ့အချိန်မှာ ဆောင်းကတော့ ကျွန်တော့်ကို ကလေးအဖေလောင်းလို့ထင်ပြီး အကြီးအကျယ် မျက်မုန်းကျိုးနေခဲ့တာနော်'

'ဒါကတော့ သိမှမသိဘဲကိုး'

www.burmeseclassic.com

www.burmeseclassic.com

'အခု သိရပြီဆိုတော့ ကျွန်တော့်အပေါ် ဘယ်လိုသဘောထား လဲဟင်'

'ဒါတွေ ပြောဖို့ အရမ်းစောမနေဘူးလား ကိုမင်းမြတ်'

'အချိန်တိုအတွင်းမှာပဲ ကျွန်တော့်ဘဝ ကျွန်တော့်အကြောင်း ဆောင်း ကောင်းကောင်းသိခဲ့ရပြီပဲ မဟုတ်လား၊ ဘာလဲ လယ်သမား ဆိုပြီး အထင်သေးနေတာလား'

'မဆိုင်ပါဘူး ကိုမင်းမြတ်ရယ်၊ အလုပ်တစ်ခုခုလုပ်နေတယ် ဆိုရင်ပဲ ဂုဏ်ရှိနေပြီပဲ မဟုတ်လား'

'ဒီလိုပြောဖော်ရတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ဆောင်း အပေါ် ထားရှိမိတဲ့ ကျွန်တော့်မေတ္တာကိုတုံ့ပြန်ဖို့စဉ်းစားပေးနိုင်မလား ဆောင်း'

မင်းမြတ်ကြောင့် ရင်ပြည့်ရင်ကယ်ဖြစ်သွားပုံရသော ဆောင်း က ထမင်းချိုင့်ကို ပြန်သိမ်းရင်း...

'ဟုတ်ကဲ့၊ စဉ်းစားသုံးသပ်ဆုံးဖြတ်ရွေးချယ်ဖို့က ကျွန်မတို့ မိန်းမသားတွေရဲ့ အလုပ်ပဲမဟုတ်လား၊ ကျွန်မ စဉ်းစားပေးမှာပါ'

'ဒါဆိုရင် ဒီနေ့အဖို့ ဒီလောက်နဲ့ပဲ ကျေနပ်လိုက်ပါပြီဗျာ၊ အဟင်း... ဘာပဲဖြစ်ဖြစ် သင်းရနံ့ကိုတော့ အတော်ကျေးဇူးတင်ရ တယ်'

'ဘာဖြစ်လို့'

'သူလမ်းဖွင့်ပေးလို့ ကျွန်တော် ပြောရဲဆိုရဲသွားတာလေ ဆောင်းရဲ့ အရေးတော်ပုံအောင်ရင် ကောင်းကောင်းကျေးဇူးဆပ်မယ်လို့ ပြောလိုက်ပါနော်'

'တော်ပါ၊ တကယ် လူလည်ကျတယ်၊ ကဲ... ကျွန်မလည်း ဂျူတီပြန်ဝင်ရဦးမှာ ကိုမင်းမြတ်'

'သြော်... ဟုတ်ကဲ့၊ ဒါနဲ့ ဒီဆေးရုံက ဆောင်းနဲ့ဆက်သွယ်လို့ ရမယ့် ဖုန်းရှိရင် နံပါတ်သိပါရစေလားဗျာ'



'ဘာလုပ်မလို့လဲ'

'ဟိုလေ ငွေမှုံ့အတွက် လိုအပ်ခဲ့ရင် ဆက်သွယ်မေးမြန်းလို့ ရအောင်လို့ပါဗျာ'

မင်းမြတ် အကြောင်းပြတာ မဟုတ်မှန်း သိသော်လည်း ဆောင်းက ဖုန်းနံပါတ်တစ်ခုကို မင်းမြတ်၏ ဖုန်းစာအုပ်ထဲတွင် ရေး ပေးသဖြင့် အခြေအနေကောင်းသည်ဟုယူဆပြီး မင်းမြတ်တစ်ယောက် ရင်ခုန်နှေးစွာ ပြန်လာခဲ့တော့၏။

ဆိုင်ကယ်နှင့် ထွက်သွားသော မင်းမြတ်အား ဆေးရုံကော် ရစ်ဒါထောင့်ချိုးမှ ဆောင်းနှင်းဝေ လှမ်းကြည့်ရင်း ကြည်နူးစွာပြုံးလိုက် မိသည်။

သူမဘဝတစ်လျှောက် ချစ်ရေးဆိုမှုများနှင့် မကြာခဏ ကြုံဆုံ ရတတ်သော်လည်း မည်သူ့ကိုမှ မတုံ့ပြန်မိသေးသလို ဤမျှလောက် လည်း တစ်ခါမှ ရင်မခုန်ခဲ့ဖူးချေ။

ဆောင်းနှင်းဝေ ကြည်နူးစွာ လျှောက်လာသည်ကို သင်းရနံ့က လူနာဆောင်တံခါးဝမှ စောင့်ကြည့်နေ၏။ ဆောင်းနှင်းဝေက သင်းရနံ့ အား မမြင်ရှာ။ အနားရောက်မှ...

'ဟဲ့... ဆောင်း အောင်မလေးနော် တကယ့်ကို မိုးမမြင် လေမမြင်ဖြစ်လာတာပါလား၊ ဘာလဲ ဟိုက ဖက်နမ်းသွားလို့လား'

'ရနံ့နော် ပေါက်ကရတွေ မပြောနဲ့၊ ဒီမှာဖြင့် တစ်ယောက် တည်း ဘယ်လောက်ကြောက်တယ် အောက်မေ့လဲ'

'အမယ် ငါက လွတ်လွတ်လပ်လပ် ပြောလို့ရအောင် ရှောင် ပေးတာကို ဟွန်း... ပြောစမ်းပါဦး ဘာတွေချွဲသွားလဲဆိုတာ'

'အင်း... ချစ်တယ်၊ စဉ်းစားပေးပါ ဒါပဲပေါ့'

'ဟင်... အဲဒါပဲလား၊ ကဗျာမဆန်လိုက်တာဟယ်'

'အဲဒါ အသာထားပါဦး၊ နင်ကော သူ့ကို ဘယ်လိုမြင်လဲ'

www.burmeseclassic.com

www.burmeseclassic.com

'မျက်လုံးနဲ့ပဲ မြင်တာပေါ့'

'မနောက်နဲ့ဟာ၊ ငါ စဉ်းစားဖို့နှင့်ရဲ့ သုံးသပ်ချက်လိုတယ်လေ'

'အင်း… ပြောရရင် နှင်က စင်ပေါ်ကပါဟာ၊ ချစ်တယ်လို့ မပြောခင်ကတည်းက သူ့ရဲ့အနေအထားနဲ့ မိသားစုပါမကျန် အကုန်လေ့လာခွင့်ရခဲ့တာလေ'

'အဲဒီတော့'

'သူပြောသလို ဘွဲ့ရလယ်သမားဆိုပေမယ့် ရုပ်ရည်ကလည်း ခန့်ညားတယ်၊ စီးပွားရေးကလည်း မဆိုးဘူး၊ မိသားစုဝင်လည်း နည်းတယ်၊ ဒါတွေက ဘဝအတွက် အားသာချက်တွေပဲ၊ ကျန်တာတော့ နှင့်နှလုံးသားကိုသာမေး'

'ဟင်… နှင်က သင့်တော်တယ်လို့ တိုက်တွန်းနေတာလား'

'နှင့်ကိုလာကပ်သမျှ သူ့လောက်အဆင်ပြေတာ မရှိဘူးလေ၊ အဲဒါလည်း ထည့်စဉ်းစားမှပေါ့'

'ကောင်းပြီလေ၊ တန်းစီဇယားထဲက ဦးစားပေးအဆင့်သတ်မှတ်ပြီး နှလုံးသားကိုမေးကြည့်ရတော့မှာပေါ့ ဟုတ်လား'

'သက်တံရိုက်တံ'

## အခန်း(၆)

စက်ဘီးခေါက်ထောက်၍ နဖူးမှချွေးတို့ သပ်ချစဉ်မှာပင် အိမ်ပေါ်ကဝရောက်နေပြီဖြစ်သော အဖေ၊ အမေနှင့် မရီးထံမှ မေးခွန်းများ ထွက်ကျလာ၏။

'ဘာတဲ့လဲ၊ ဘာကိစ္စလဲ သား'

'အလုပ်အကိုင်လေ အဆင်ပြေသတဲ့လား'

'သူ့ နေကောင်းရဲ့လား မင်းမြတ်ရယ်'

'ဘာကိစ္စမှ ထွေထွေထူးထူး မရှိပါဘူး အဖေရာ၊ အလုပ်လည်း အဆင်ပြေ နေလည်းကောင်းတယ်၊ ငွေမှုံမွေးပြီလားလို့ လှမ်းမေးတာ၊ ပိုက်ဆံလည်း လွှဲလိုက်ပြီတဲ့၊ ထုံးစံအတိုင်း ကညွှတ်ကွင်းမှာ သွားထုတ်ရမှာ'

မင်းမြတ်က အိမ်ပေါ်တက်ရင်း ဖြေတော့ သူ့နောက်မှမိသားစုအားလုံး လိုက်လာကြ၏။ ဧည့်ခန်းထဲ ထိုင်မိသည်နှင့်…

'ပိုက်ဆံက အရေးမကြီးပါဘူးဟဲ့၊ အငယ်ကောင်ရဲ့ နှင့်အစ်ကို ဘာပြောသလဲ လုံးစေ့ပတ်စေ့ ပြန်ပြောဦး'

'ဟာ… ဒါပဲလေ အမေရဲ့၊ နေကောင်းတယ် အဆင်ပြေတယ်၊ ပိုက်ဆံပို့လိုက်တယ်၊ ကလေးမွေးပြီလား ငွေမှုံ ကျန်းမာရေး

www.burmeseclassic.com

www.burmeseclassic.com

ကောင်းရဲ့လား၊ ဆောက်လက်စတိုက်ပြီးသွားလို့ အထပ်နှစ်ဆယ်တိုက် အသစ်တစ်လုံးစနေပြီတဲ့၊ အဖေတို့ အမေတို့ မာရဲ့လား ဒါပဲ၊ အဲဒါကို တစ်ရက်ခြားတစ်ခါ သွားနားထောင်ရတာ စိတ်မရှည်တော့ဘူး'

'မင်းမြတ် နင်နော် ကိုယ်ချင်းမစာ ဒီလိုပဲ ပြောရလား'

'ဟုတ်သားပဲကွာ၊ သူ့ခမျာ ရေခြားမြေခြားမှာ တစ်ယောက် တည်း စွန့်စားနေရတာ၊ ဘယ်လောက်ပင်ပန်းရှာမလဲ'

'ဟုတ်ပါ့ကွယ်၊ ပြောရင်းဆိုရင်းတောင် ငါ့သားကြီးကို လွမ်း လာပြီ'

ပြောပြောဆိုဆို အမေက မျက်ရည်လေး စမ်းစမ်း စမ်းစမ်း ဖြစ်လာ၍ မင်းမြတ် ချော့ရပြန်၏။

'အမေရယ် အဓိပ္ပာယ်မရှိ မျက်ရည်ကျ မနေပါနဲ့၊ ဟိုကလူ စိတ်မဖြောင့်အောင် အမေ့သားကြီးအသံကိုက မာလို့ချာလို့ ပျော်လို့ ရွှင်လို့ ဘာမှပူမနေနဲ့၊ အဖေ့ကိုလည်း မြေးအတွက် နာမည်ရွေးထားဦး တဲ့၊ မှာလိုက်သေးတာ'

'အေး··· ဟုတ်သား၊ အဲဒါအရေးကြီးတယ်၊ တွက်ချက် ကြည့်ဦးမှ'

'အို··· တော်ကလည်း ဘယ်နေ့သားမှန်းဖြင့် မသိသေးဘဲနဲ့'

'ဘာဖြစ်လဲကွာ၊ ကြိုစဉ်းစားထားတော့ကော မှားတာမှ မဟုတ်ဘဲ'

'ကိုမင်း နာမည်ကော ငွေမှုံနာမည်ကော ပါအောင်မှည့်နော် အဖေ'

'အဲဒါဆိုလည်း ငွေမင်းလို့သာ မှည့်လိုက်တော့ဟေ့'

'ကဲ··· သား ထမင်းစားပြီး လယ်ထဲဆင်းလိုက်ဦးမယ်'

မင်းမြတ် နောက်ဖေးဆောင်ဝင်ကာ ထမင်းခူးခပ်စားရင်း



အတွေးတွေ ခရီးဆန့်နေ၏။ လမ်းထိပ်ကုန်စုံဆိုင်မှ ချာတိတ်ရောက် လာပြီး နိုင်ငံခြားဖုန်းဟု အကြောင်းကြားသဖြင့် စက်ဘီးခွကာ မင်း မြတ်သွားပြောရသည်။ မလေးရှားရောက် ကိုမင်းသစ်၏ မှာတမ်းကို ဒီတေးလ်မှတ်သားပြီးနောက် ကြုံတုန်းကြုံခိုက် ဆောင်းနှင်းဝေထံ ဖုန်းဆက်၍ နားပူနားဆာလုပ်ခဲ့သေး၏။

ဆောင်းနှင်းဝေက အံ့သြနေသော်လည်း ဖုန်းဆက်သူမှာ မင်းမြတ်မှန်းသိပြီး အကြောင်းအရင်းကို လိပ်ပတ်လည်သွားသည်နှင့် စဉ်းစားကာနေရဦးမယ်ဟူသော သီချင်းဟောင်းကို ဓာတ်ပြားပွန်း အောင် ဖွင့်ပြတော့၏။

မည်သို့ပင်ဖြစ်စေ ဖုန်းဆက်အဖြေတောင်းခြင်းလုပ်ငန်းစဉ်ကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ပြီဟူသာ သဘောထားလိုက် ၏။

အဓိကကျသော အကြောင်းတရားမှာ အဖြေပေးရန် စဉ်းစား နေသူအား မမေ့မလျော့ရန် အသံနှင့်တွန်းပို့ခြင်းဖြစ်သည်။ ငါ့အသံကို ကြားသည်နှင့် ရုပ်ကိုပါ အတွေးထဲမြင်ယောင်ကာ သတိတရလည်း ရှိသွားမည်မဟုတ်လား။ ဒါဆိုလျှင်ပင် ဖုန်းဆက်ရသော ရည်ရွယ်ချက် ပြီးမြောက်အောင်မြင်သွားတာပဲဖြစ်သည်။

မင်းမြတ်မှာ ကိုယ့်လုပ်ရပ် ကိုယ်သဘောကျသွားပြီး မဟာ ဗျူဟာမြောက်တောင်ကုန်းတစ်ခုကို ရန်သူ့လက်မှ ပြန်သိမ်းပိုက်နိုင် ခဲ့ပိုက်သော တပ်မှူးတစ်ယောက်ကဲ့သို့ ဘဝင်မြောက်သွားတော့သည် လေ။

www.burmeseclassic.com

www.burmeseclassic.com

လယ်ထဲမှ အပြန်နောက်ကျနေသဖြင့် ကျင်တိတ်ညစျေးတန်းသို့ ထွက်လာတာလည်း နောက်ကျနေသည်။ လကွယ်ရက်ဖြစ်၍ မဟူရာစောင်ခြုံထားသော ညသည် ပိန်းပိတ်အောင် မှောင်မိုက်လျက်ရှိ၏။ ကျွန်းမာရေးဟောပြောပွဲပြီးကတည်းက အောင်ဘ သာဂိတို့နှင့် မဆုံဖြစ်တော့။

ဘော်ဒါတွေ အခြေအနေမှ ကောင်းရဲ့လား သိချင်စောနှင့် ခပ်သုတ်သုတ်လျှောက်လာခဲ့၏။ မင်းမြတ် လက်ထဲမှ ဓာတ်မီးရောင် ကလွဲပြီး ဝန်းကျင်တခိုသည်လည်း ကျောက်ကျောတုံးကဲ့သို့ မည်းနက် နေလေ၏။

အမြန်ရောက်ချင်၍ သွက်သွက်လျှောက်လာကာမှ အရေးထဲ အရာပေါ်ဆိုသလို ဆီးသွားချင်လာသည်။ သို့နှင့် ခပ်ရေးရေးမြင်ရ သော လမ်းဘေးမှ ညောင်ပင်နားထိုင်ချပြီး ကိစ္စဝိစ္စ ပြီးစီးအောင် ဆောင်ရွက်နေလိုက်သည်။ သရဲအလွန်ကြောက်တတ်သူမို့လည်း ကြာကြာမထိုင်ရဲ။ ကိစ္စမြန်မြန်ပြီးပြတ်ချင်ကာမှ အကြောကမပြတ်နိုင် ဖြစ်နေသည်။ ထိုစဉ်…

'အိုး… ခွိ… ခွိ… ခွိ… ခစ်… ခစ်… ခစ်'

မှောင်ကြီးမည်းထဲ ရုတ်တရက်ပေါ်ထွက်လာသော ရယ်သံ ကြောင့် မင်းမြတ် ဆံပင်များ ထောင်ထအောင် ထိတ်လန့်သွား၏ ရုတ်တရက် ထပြေးဖို့ကလည်း ကိစ္စမပြီးပြတ်သေး၍ မထနိုင်သ ချွေးစေးများပင် ပျံလာရသည်။

ညောင်ပင်ကို သေးပန်းမိ၍ အစောင့်အရှောက်များ သတိပေး တာလားဟု တွေးမိသောအခါ ကြောက်စိတ်က ငယ်ထိပ်တက်အော ပြီး ထပြေးရန် တာစူလိုက်မိ၏။

'ခွိး… ခွိး… ခွိး…'



ထပ်မံပေါ်ထွက်လာသော ရယ်သံလိုလို မာန်ဖီသံလိုလို အသံ ကြီးကြားလိုက်ရသောအခါမှာတော့ ဘာကိုမျှ မဆင်ခြင် မစဉ်းစားနိုင် တော့ဘဲ ခြေကုန်သုတ်ပြီး မင်းမြတ် ထွက်ပြေးမိတော့သည်။

လူထူရာ ကျင်တိတ် နယ်နိမိတ်သို့ ရောက်မှ လှုရွှေဆည်ကာ လက်ဖက်ရည်ဆိုင်ထဲ ဝင်လာခဲ့၏။ ဆိုင်တွင် သာဂိအား ထုံးစံအတိုင်း ပါဝါအအေးပုလင်းနှင့်အတူ တွေ့ရသည်။ ချွေးဒီးဒီးကျနေသော မင်းမြတ်အား…

'ဟေ့ကောင် ချွေးတွေသံတွေနဲ့ ဘာဖြစ်လာတာလဲ'

'သရဲ… သရဲခြောက်ခံရလို့ကွ'

'ဟေ… ဟုတ်လို့လား၊ ဘယ်မှာလဲ'

'ရွာလယ်က ညောင်ပင်မှာ'

'ဟုတ်ပါ့မလားကွာ၊ အဲဒီနေရာက လူပြတ်ပေမယ့် ခြောက် တယ်လှန့်တယ်လည်း တစ်ခါမှ မကြားမိပါဘူး'

'ဟာ… သေချာပါတယ်ဆိုနေမှကွာ၊ ငါက ညောင်ပင်ခြေ ရင်းကို သေးထိုင်ပန်းတုန်း ခြောက်တာ'

'ဒါဆိုရင်တော့ မင်းအမှားအတွက် သတိပေးတာပဲဖြစ်မှာ'

'အေး… ဖြစ်နိုင်တယ်၊ ငါလည်း အဲလိုပဲ တွေးနေတာ၊ ဒါနဲ့ ဟိုကောင် အောင်ဘကော'

ထိုအခိုက်မှာပင် အောင်ဘ ဆိုင်ထဲသို့ ဝင်လာ၏။

'ဟေ့ကောင် မင်းကို မေးနေတယ်၊ ပြီးတော့ သရဲခြောက်ခံရ လို့တဲ့'

'ဟင်… ဟုတ်လို့လား၊ ဘယ်မှာလဲ'

အောင်ဘ၏ အမေးကို မင်းမြတ် နောက်တစ်ကြိမ် အဖြေ ပေးရပြန်သည်။ ရှင်းပြသမျှလုံးစေ့ပတ်စေ့နားလည်သွားသောအခါ အောင်ဘ တဟားဟား ရယ်တော့၏။ သရဲကြောက်တတ်သော သူ့ကို

www.burmeseclassic.com

www.burmeseclassic.com

 လျောင်သည်အထင်နှင့် မင်းမြတ် တင်းသွားသည်။

'အောင်ဘ မယုံမရှိနဲ့နော်၊ ငါက လက်တွေ့အခြောက်ခံလာရတာ'

'ဟား… ဟား… ဟား… အဲဒါသရဲမဟုတ်ဘူး၊ မင်းရဲ့ဆရာ ငါကွ'

'ဘာကွ'

'ဟင်း… ဟင်း… ဟင်း… ဒီကြားထဲ အပြောင်းအလဲတွေ အများကြီးဖြစ်သွားတာ မင်းမှ မသိဘဲကိုး'

အောင်ဘက စကားဖြတ်ရင်း အသုပ်ဆိုင်မှ မှုံရွှေရည်ကို တစ်ချက်လှမ်းကြည့်၍ တီးတိုးလေသံနှင့် စကားဆက်၏။

'ငါနဲ့ မှုံရွှေရည် ထုံဝေစီနေပြီကွ'

'ဘာ'

'ဟင်း… ဟင်း… မယုံဘူးလား၊ မှုံရွှေရည်က ငါ့ရည်းစား ဖြစ်နေပြီ'

အောင်ဘစကားကို မပယ်နိုင်သလို ဖြစ်နေ၍ သာဂိအား ကြည့်ရင်း မေးဆတ် မျက်ခုံးပင့်၍ မေးလိုက်သည်။ သာဂိက ခေါင်းညိတ်ပြ၍…

'ဟုတ်တယ် မင်းမြတ်၊ ဒီကောင် အိုကေ စိုပြေနေပြီကွ'

'ဟင်… ဟုတ်လား'

မင်းမြတ်၏ အမေးကို အောင်ဘက $E=mc^2$ ဖော်မြူလာအား ရှာဖွေဖော်ထုတ်နိုင်ခဲ့စဉ်က အိုင်းစတိုင်း၏ ဟန်မျိုးဖြင့် မသတီချင်စရာကောင်းအောင် ဂုဏ်ယူဝံ့ကြွားပြနေ၏။

'ဟင်း… ဟင်း… ဒီနေ့ညတို့နှစ်ယောက် အဲဒီညောင်ပင်အောက်မှာ ပထမဆုံး ချိန်းတွေ့ကြတာကွ၊ ငါက အတင်းဖက် အပြတ်ကဲနေတော့၊ ယားပြီး သူထရီတာကို မင်းက သရဲခြောက်တယ်ထင်



သွားတာ'

'ဟေ့ကောင် စဖြီး၊ တော်ရုံတန်ရုံဖြီး၊ မင်းဖြီးတိုင်း ငါယုံမယ်ထင်လား'

'ဩော်… ခတ်မီးထိုးပြီး မင်းလာနေတာ ငါ အဝေးကြီးကတည်းက မြင်တယ်၊ အပင်နားရောက်တော့ မင်း သေးထိုင်ပေါက်တယ်၊ တဖြုန်းဖြုန်းအသံကြားတော့ ငါလည်း မအောင့်နိုင်ဘဲ တခွိုးခွိုးနဲ့ ထရီရော၊ အဲဒီမှာ မင်းထွက်ပြေးတာ၊ ရော့ ဒီမှာ မင်းရဲ့ ခတ်မီး၊ ကဲ… ယုံပြီလား'

အောင်ဘက ရှင်းပြရင်း ခါးကြားမှ ခတ်မီးကို ထုတ်ပေးနေသည်။ ဒီကောင် မှုံရွှေရည်နှင့် အိုကေနေတာ မယုံ၍မရသလို စုံတွဲချိန်းတွေ့ကျိစယ်တာကို သရဲခြောက်သည်ထင်ပြီး ထွက်ပြေးလာမိသည့် ကိုယ့်အဖြစ်အတွက်လည်း အရှက်သည်းရ၏။

အောင်ဘနှင့်သာဂိက ရယ်လို့မဆုံးတော့။ သည်တော့လည်း မင်းမြတ်မှာ အရှက်ပြေ လက်ဖက်ရည်မှာသောက်လိုက်ရလေတော့၏။

'အဟမ်း… မှုံရွှေရည်ရဲ့ သန္တာရောင်နှင်းဆီနှုတ်ခမ်းတွေ ဘယ်လိုချိုသလဲ သူ့အထိအတွေ့ရဲ့ စွဲမက်ဖွယ်အရသာက ဘယ်လိုလဲ၊ အဲဒါတွေ ဖောက်သည်ချပေးရမလား၊ နည်းနာယူကြမလား တပည့်တို့'

အချစ်ဗေဒကထိက လေသံနှင့်ပြောနေသော အောင်ဘ၏ မျက်နှာပေးကို မခံစားနိုင်တော့သဖြင့် မင်းမြတ် ပြန်လည်တိုက်စစ်ဆင်ရ၏။

'နေပါစေ၊ မင်းဆီက ဘာမှမကြားချင်ဘူး၊ ငါ့ဟာငါ မှုံရွှေရည်ဆီ သွားဗျူးမယ်ကွာ'

မင်းမြတ် ဟန်လုပ်ထလိုက်တော့ အောင်ဘ မျက်စိမျက်နှာပျက်စွာနှင့် အတင်းဆွဲကာ ထိုင်ခိုင်း၏။

'ဟဲ…ဟဲ… အဲလိုတော့ မလုပ်နဲ့လေကွာ၊ ဒါမျိုးက တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရိုက် အနီကဒ်ပြလို့ရတယ်ကွ၊ လုပ်··· လက်ဖက်ရည်နဲ့တော်ပြီလား၊ ဘာမုန့်မှာမလဲ၊ လက်ဖက်သုပ်စားမလား'

'မုန့်ရွှေရည်ကို ချဉ်ငံစပ်သုပ်ထားတာ တစ်ပွဲမှာပေး'

'ဟေ'

ဆောင်းနှင်းဝေနှင့် သင်းရနံ့၏ ကူညီစောင်မမှုကြောင့် လေဝင်လေထွက်ကောင်းပြီး သပ်ရပ်သန့်ရှင်းသော အခန်းထောင့်မှ ခုတင်တစ်လုံးတွင် ငွေမှုံနေရာရ၏။

ငွေမှုံ၏ ဗိုက်စာရေးနှင့် ဗိုက်ဝန်ထောက်မှာ အမေနှင့်မင်းမြတ်သာဖြစ်သည်။ ဂျူးဒိတ်မတိုင်မီ နှစ်ရက်ကြိုထွက်လာသဖြင့် ငွေမှုံ၏ဗိုက်မှာ သရိုးသရီပင်မဖြစ်သေး။

ခုတင်ပေါ် သက်တောင့်သက်သာ နားရင်း မီးပုံးပျံပြိုင်ပွဲဟုထင်ရလောက်အောင် ပေါ်များလှသော ဘဝတူဗိုက်ကြီးသည်များကို ငေးနေရှာ၏။

'အောင်မလေး အမေရဲ့ နာလိုက်တာတော့၊ အား··· သေပါပြီ အမေရဲ့၊ အား··· ဟား··· ဟား··· ဘုရား··· ဘုရား··· ကျွတ်··· ကျွတ်··· ကျွတ်··· ဆရာမရေ ဆရာမ အထဲကဟာကို ဖြစ်သလိုသာ ဆွဲထုတ်ပေးပါတော့၊ ကျွန်မ မခံနိုင်လွန်းလို့ပါ'

ရုတ်တရက်ပေါ်ထွက်လာသော ဗိုက်ကြီးသည်တစ်ယောက်၏ ငိုချင်းကြောင့် ငွေမှုံ မျက်လုံးပြူးကာ အထိတ်တလန့် ဖြစ်သွား၏။ အသံလာရာသို့ ငွေမှုံ အမေနှင့် မင်းမြတ်ပါ လှမ်းကြည့်မိသည်။

မခံမရပ်နိုင်အောင် ဝေဒနာခံစားနေရသည့် ဗိုက်မမ၏ မယ်လိုဒီမှာ ဟဲဗီးမက်တယ် Rock သီချင်း တစ်ပုဒ်အလား ထင်မှတ်ရ၏

'အား··· သေပါပြီတော့၊ ဒီလောက်နာမယ်မှန်းသိရင် လင်မယူပါဘူး အမေရဲ့၊ ဟင်း··· သေချင်းဆိုး ဖိုးတေ၊ မွေးပြီးလို့ကတော့ ဒင်းကိုကွာမယ်၊ မပေါင်းဘူး၊ မပေါင်းနိုင်ဘူး၊ အောင်မလေး နာလိုက်တာတော့'

ဗိုက်နာလို့ အော်တာတောင် အမေလည်း မနေရ။ လင်လည်း မနေရအောင် အဆိုအပြောလေးနှင့် ငိုနေပုံက ကြားရသူအပေါင်း မပြုံးမိ မနေနိုင်ဖြစ်ရသည်။

တချို့သော ကိုယ်ဝန်ဆောင်များကတော့ အာဝေဇိက ဝေဒနာကို အံကြိတ်၍ တောင့်ခံနေကြ၏။ တချို့မှာ လင်သား၏လက်ကို ဆုပ်ကိုင်ကာ ဝေဒနာကို မျှပေးနေသည်လားမပြောတတ်။

ထိုမြင်ကွင်းကိုတွေ့ရသော မင်းမြတ်မှာ ငွေမှုံအပေါ် ကရုဏာသက်သွားရသည်။ ဒီလိုအခြေအနေမျိုးတွင် ငွေမှုံလည်း ကိုမင်းသစ်၏ လက်ကိုသာ ဆုပ်ကိုင်ထားချင်ရှာလိမ့်မည်ဟု တွေးရင်း သနားမိ၏။ ကြာလာတော့ ငိုယိုအော်ဟစ်သံများကို မခံစားနိုင်တော့သဖြင့် မင်းမြတ် အသာလစ်ထွက်လာကာ ဆေးရုံထဲပတ်၍ ဆောင်းနှင်းဝေကို ရှာမိသည်။

သူနာပြု နားနေဆောင်နားအရောက် အခန်းထဲမှ ထွက်လာသော ဆောင်းနှင်းဝေနှင့်ဆုံသည်။

'ဆောင်း··· ရှာလိုက်ရတာဗျာ'

'မငွေမှုံ··· ဘာဖြစ်လို့လဲ ကိုမင်းမြတ်'

'ငွေမှုံ ဘာမှမဖြစ်ဘူး၊ ကျွန်တော် ဖြစ်နေတာ'

'ဟင်··· ဒါဆို ဆရာဝန်ပြမလား'

'ဟင့်အင်း··· ဆရာမလေးဆောင်းနှင်းဝေကုမှ ရမှာ'

'ဟာ··· ကိုမင်းမြတ်ကလည်း'

'ဟုတ်တယ် ဆောင်းရဲ့၊ ကျွန်တော့်ရင်ထဲမှာ အချစ်တွေ

www.burmeseclassic.com

မဆန့်မပြဲ ဖြစ်နေပြီ၊ အဲဒါ ခွဲထုတ်ပြီး ဆောင်း လက်ခံသိမ်းထားမှ ကျွန်တော် သက်သာတော့မှာ'

'ခက်တော့တာပဲ ကိုမင်းမြတ်ရယ်၊ ဒါ ဂျူတီချိန်ရှင့်၊ ကျွန်မမှာ အလုပ်ရှိသေးတယ်'

'ဒါဆို ဒီည ကော ဂျူတီရှိလား'

'ဒီည အော့ဖ်၊ မနက်ဖြန်နိုက်ဂျူတီ'

'ဟုတ်လား၊ ကျွန်တော်လည်း မြို့ထဲက အသိအိမ်မှာအိပ်ရမှာ၊ ဆောင်းတို့အိမ် လာလည်မယ်နော်'

'မလာပါနဲ့ ကိုမင်းမြတ်၊ ကျွန်မတို့မိန်းကလေးနှစ်ယောက်တည်းနေကြတာ၊ သူစိမ်းယောကျ်ားလာလည်လို့ မသင့်ပါဘူး၊ ပတ်ဝန်းကျင်ရှိသေးတယ် ကိုမင်းမြတ်ရဲ့၊ ဒါတော့ နားလည်ပေးပါနော်'

စိုးရိမ်စွာ အကြောက်အကန်ငြင်းနေသော ဆောင်းနှင်းဝေကို သနားသွားသဖြင့် မင်းမြတ် စကားကို ပြင်ရတော့၏။

'အဲ... ကျွန်တော် နောက်တာပါ ဆောင်းရယ်၊ ဒီလောက်လည်း စိတ်ပူမနေပါနဲ့၊ ဒါပေမဲ့ ကျွန်တော့်အတွက် အဖြေတော့ စဉ်းစားပါနော်၊ မြန်မြန်လေးပေါ့၊ ကျွန်တော်လည်း ရင်တွေပူလှပြီ'

'ဟုတ်... ဟုတ်ကဲ့'

ထိုစဉ် လူနာရှင်တစ်ယောက်က ဆောင်းနှင်းဝေကို ဆွဲခေါ်သွားသဖြင့် မင်းမြတ်မှာ တစ်ဆို့ကြီးနှင့် ကျန်ခဲ့ရသည်။

ဩော်... သူ့အလုပ်ခွင်မှာ ဂျူတီဝင်နေချိန်ဆိုတော့လည်း ဒီလောက်တော့ရှိမှာပေါ့ဟု ဖြေတွေးတွေးပြီး ဆေးရုံဝင်းထဲက ဆိုင်မှာ ကော်ဖီမစ်မှာ သောက်နေလိုက်၏။

အချိန်တွေကုန်အောင် စိတ်မရှည်စွာ စောင့်ဆိုင်းပြီးမှ ငွေမှုံဘာများလိုအပ်ဦးမလဲဟု တွေးမိရင်း မွေးလူနာဆောင်သို့ ပြန်လာခဲ့



သည်။ အခန်းထဲရောက်တော့ ရှိုက်ငိုနေသော ငွေမှုံကို အမေချော့နေတာ တွေ့ရ၍ စိတ်ပူသွားရ၏။

'ငွေမှုံ ဘာဖြစ်လို့လဲ၊ ဗိုက်နာပြီလား'

ငွေမှုံ့ မျက်ရည်များနှင့်ခေါင်းရမ်းပြ၏။ အမေလည်း သက်ပြင်းကို လေးလေးတွဲ့တွဲ့ချရင်း ငွေမှုံအား ကျောသပ်နှစ်သိမ့်၍ မင်းမြတ်အား ရှင်းပြသည်။

'အင်း... သမီးက မင်းအစ်ကိုကို သတိရနေတာလေ၊ ဟုတ်တာပေါ့၊ ဒီလိုမီးဖွားကာနီးမှာ ဘယ်မိန်းမမဆို ကိုယ့်လင်သားကို အနားမှာ ရှိစေချင်ကြတာပဲလေ'

'ငွေမှုံကလည်းဟာ အခုလည်း အမေရော ငါရော ရှိနေတာပဲ မဟုတ်လား၊ ဆရာမတွေကလည်း ဂရုစိုက်ကြပါတယ်ဟ'

'ဩော်... သားရယ်၊ ဒီလိုအချိန်မှာ အထူးကုပါရဂူတွေ စပယ်ရှယ်နာ့စ်တွေ ဝိုင်းနေလည်း အလကားပဲ၊ သူ့လင်မျက်နှာမြင်ရတာလောက် အားမဖြစ်ဘူး၊ အဲဒါကို ပြောတာ'

'ဩော်'

ချစ်ရေးချစ်ရာတွင် မှုကြိုသာရှိသေးသော မင်းမြတ်မှာ အိမ်ထောင်သည်တို့၏ ခံစားမှုအတိမ်အနက်ကို လိုက်မမှီတော့ချေ။ ငွေမှုံကို သနားခြင်းဖြင့်သာ မရှုနိုင်မကယ်နိုင် ဖြစ်နေရှာ၏။

ညနေစောင်းတွင် ငွေမှုံ၏အစ်မနှင့်ညီမ ရောက်လာကြသဖြင့် စိတ်ချစွာထားခဲ့ပြီး အမေ့ကိုခေါ်ကာ တည်းအိမ်သို့ထွက်လာခဲ့ကြသည်။ နှုတ်ဆက်ရန် ရှာသော်လည်း ဆောင်းနှင်းဝေကို မတွေ့ရသဖြင့် ရင်အဆာမပြေ ဖြစ်ရသည်လေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

BURMESE CLASSIC .com

ဆင်ဖလုပ်မှာ သစ်ကြီးဝါးကြီးနှင့် အရိပ်အာဝါသကောင်း သဖြင့် အေးမြလှသော်လည်း ကညွတ်ကွင်းက ပူလောင်အိုက်စပ်နေ ၏။ တစ်ညအိပ်လောက်နှင့်ပင် မြို့နှင့်တော၏ ကွာခြားမှုကို မင်းမြတ် ကောင်းကောင်းသိသွားရသည်။

ကညွတ်ကွင်းမှာ တခြားအလုပ်လည်း မရှိသဖြင့် သားအမိ နှစ်ယောက် ဆေးရုံသို့ စောစောစီးစီး ရောက်နေကြသည်။ ငွေမှုံမှာ မိုက်ပင်မနှာသေး။ ဟိုဘက်ဒီဘက် အမျိုးလူနာစောင့် အင်အားနှင့်ပင် နေစရာမရှိလောက်အောင်ဖြစ်နေရာ မွေးဖွားပြီးချိန်ကာလအထိ မည်သို့ စောင့်ဆိုင်းကျော်ဖြတ်ရမည်မှန်း တွေးမရအောင် ဖြစ်နေ၏။

သို့နှင့် ဆေးရုံထဲက စားသောက်ဆိုင်မှာရှိနေမည်ဟု အမေ့ အား မှာ၍ ထွက်လာခဲ့၏။ ဆောင်းနှင်းဝေတို့ ဂျူတီဝင်ချိန်ကိုမျှော်လင့် စောင့်စားရဦးမည်လေ။

လက်ဖက်ရည်သောက် မုန့်စားရင်း ငေးနေခိုက် ပိတ်ဖြူလွှမ်း ထားသော ရုပ်အလောင်းအား တွန်းလှည်းဖြင့် သယ်ဆောင်လာသည့် မြင်ကွင်းကို မြင်လိုက်ရ၏။ မွေးလူနာဆောင်နှင့်ကပ်လျက် အုတ်



တိုက်ငယ်တစ်ခုထဲ ဝင်ရောက်သွားတာကို ကြည့်ရင်း စိတ်ထဲတစ်မျိုး ဖြစ်ပြီး ကြက်သီးထသွားမိသည်။

ထိုအုတ်တိုက်ငယ်မှာ ရေခဲတိုက် သို့မဟုတ် ရင်ခွဲရုံသာ ဖြစ်ပေလိမ့်မည်။ သို့သော် အအေးခန်းအစစ်လည်း ဟုတ်ပုံမရ။ အကွန်းတပ်ဆင်ထားခြင်းလည်းမရှိသဖြင့် လူသေအလောင်းများ ကြာ ရှည်ထားလို့ရမှာမဟုတ်ဟုလည်း တွေးမိသည်။

စောစောစီးစီး မင်္ဂလာမရှိသော မြင်ကွင်းကို မျက်နှာလွှဲပြီး အကြည့်ကို ဆေးရုံဂိတ်ဝဆီသို့ ပို့ထားလိုက်၏။

မြန်မာစံတော်ချိန် ခုနစ်နာရီလေးဆယ်တိတိတွင် ဆောင်းနှင်း ဝေနှင့် သင်းရနံ့ ဆေးရုံဝင်းထဲ ဝင်လာတာ မြင်လိုက်ရ၏။ မင်းမြတ် ၏ ရင်ခုန်သံတို့ နရီလွတ်သွား၏။

တွေးခေါ်ချင့်ချိန် ဆုံးဖြတ်ခြင်း မပြုနိုင်ခင်မှာပင် လူက အချစ်ရှေ့မှောက် အခစား.   ကိ်သွား၏။

'မောနင်း ဆရာမတို့ကို မနက်စာနဲ့ ညှို့ခံချင်လို့ စောင့်နေ တာ ကြာလှပြီဗျ'

'အင်း… ဒါကြောင့် ညက အိပ်မက်ကောင်းတာကိုး၊ သာဓု ပါရှင်၊ သာဓု၊ သာဓု'

သင်းရနံ့က ခပ်ရွှင်ရွှင် တုံ့ပြန်ရင်း သုံးယောက်သား စား သောက်ဆိုင်ဆီ ခြေဦးလှည့်လိုက်ကြ၏။ ဆောင်းနှင်းဝေက စိတ်မအေး ဟန်နှင့်…

'မငွေမှုံ ဘယ်လိုနေသေးလဲ၊ မိုက်နာနေပြီလား'

'မနာသေးပါဘူး ဆောင်းရယ်၊ အခုထိ ဣန္ဒြေရရပါပဲ'

'ဂျူးဒိတ်က မနက်ဖြန်မှလေ ကိုမင်းမြတ်ရဲ့'

'အင်း… ငွေမှုံ မြန်မြန်မွေးမှ ဖြစ်မှာ၊ ကျွန်တော်ဖြင့် မွေး ဘာနီးမိုက်ကြီးသည်တွေ အော်ဟစ်ငိုယိုတာတွေကို မခံစားနိုင်တော့ဘူး ဗျ'

www.burmeseclassic.com

www.burmeseclassic.com

ပြောရင်းဆိုရင်းနှင့် ဆိုင်ထဲဝင်လာကြ၏။ မင်းမြတ်က ထိုင်လက်စခုံသို့ ဦးဆောင်ခေါ်သွားသည်။ နေရာယူပြီးသည်နှင့်…

'ဘာစားကြမလဲ၊ ထမင်းကြော်ရတယ် အသုပ်စုံရတယ်တဲ့'

'ကျွန်မက အသုပ်စုံ၊ ဆောင်း နင်ကော'

'ကော်ဖီနဲ့ စမူဆာပဲ မှာပေးပါ'

မင်းမြတ်မှာ အားလုံးအလိုကျ မှာပေးလိုက်၏။ ပြီးမှ ဆောင်းအား ရှိရှိစားစားကြည့်ရင်း…

'ဆောင်းတို့ ဒီနေ့ နိုက်ကျူတီနော်'

'အင်း… ဟုတ်တယ် ကိုမင်းမြတ်၊ ဘာဖြစ်လို့လဲ'

'ကျွန်တော်တို့ ဒီည ငွေမှုံ မွေးလိမ့်မယ်လို့ ထင်တယ်၊ အဲဒါကြောင့်ပါ'

မင်းမြတ်၏ စကားကြောင့် ဆရာမလေးနှစ်ယောက်စလုံး မျက်လုံးပြူးသွားကြ၏။ ပျော်တတ်သော သင်းရန့်က…

'ကိုမင်းမြတ် ရှင်က O.G လား၊ ဝမ်းဆွဲလား'

'ဟဲ… ဟဲ… အဲလိုမပြောရဘူးလေ၊ ကျွန်တော် ဆိုလိုတဲ့ သဘောက ကျွန်တော်တို့ မိသားစုထဲ အသစ်ရောက်လာမယ့် သွေးသားရင်းတစ်ယောက်ကို ဒီနေ့မှာပဲ ကြိုဆိုခွင့်ရလိမ့်မယ်လို့ အသွေးထဲ အသားထဲကနေ သိနေတာမျိုး၊ အဲလို… အဲလို'

'အောင်မလေး တကယ်ပါပဲ သူ့ကိုယ်သူ ဆန္ဒမအာရုံရှင်လိုလို၊ မနောပဲရနေသလိုလို၊ မှော်ဆရာလိုလို၊ ဟယ်ရီပေါ်တာလိုလို'

'တော်ပါတော့ သင်းရန့်ရယ်၊ ကြားဖူးတာတွေ မကုန်သေးဘူးလား၊ ဟား… ဟား… ဟား… ဟား'

ဒီတစ်ခါတော့ စကားဝိုင်းထဲသို့ ဆောင်းနှင်းဝေ ပါဝင်လာ၏။

'အင်း… ကျွန်မကတော့ ဂျူးဒိတ်ကိုပဲ ယုံတယ်'

'ကဲ… ဒါဆို လောင်းမလား ဆောင်း'



'လောင်းလိုက် ဆောင်း၊ လောင်းလိုက်၊ ဒါ တို့ပညာကို စော်ကားတာမခံနဲ့'

'ကဲ… လောင်းမယ် ကိုမင်းမြတ်၊ လောင်းကြေးက ဘာလဲ'

'ဆောင်းတို့မှန်တယ်ဆိုရင် ပညာကိုပူဇော်တဲ့အနေနဲ့ ငွေတစ်သိန်းချီးမြှင့်မယ်ဗျာ'

'အင်း… မဆိုးပါဘူး၊ ဒါပေမဲ့ မတော်တဆ ရှုံးခဲ့ရင် ကျွန်မတို့မှာ ပေးစရာ ငွေတစ်သိန်းမရှိဘူးနော်'

'မလိုပါဘူး ဆောင်းရာ၊ ကျွန်တော် နိုင်ခဲ့ရင် ငွေတစ်သိန်းမလိုဘူး၊ ဟင်း… ဟင်း'

'ဒါဆို ကျွန်မပေးရမယ့် လောင်းကြေးက ဘာလဲ'

'အဟင်း… ဆောင်းရှုံးရင် ကျွန်တော့်ကို အဖြေပေး'

'ရှင်'

'ဟယ်… ဟယ်… ဒါဆို ဒီပွဲမှာ ကျွန်မ ပါဘူးနော်၊ မပါဘူး'

'ရပါတယ်ဗျာ၊ ကျွန်တော်က ဆောင်းနဲ့ပဲ လောင်းချင်တာလေ၊ ကဲ… ဆောင်းတို့ရဲ့ ဂျူးဒိတ်တွက်ချက်မှု ပညာကို တကယ်ယုံရင် လောင်းလိုက်ပေါ့၊ ကျွန်တော်က ရှုးကြောင်မှုးကြောင်နဲ့ ရမ်းပြောတာ'

ဆောင်း၏ ဝေခွဲမရမျက်နှာတွင် မာနတို့ စွန်းထင်းနေ၏။

'ကောင်းပြီလေ၊ သဘောတူတယ်၊ လောင်းမယ်'

'အိုကေဗျာ၊ ကဲ… သင်းရန့် ဒီပွဲမှာ ဒိုင်တော့လုပ်ပေးမယ် မဟုတ်လား'

'ဩော်… ဒိုင်၊ ဟင်း… ဟင်း… အဲလောက်တော့ ရပါတယ်၊ လုပ်ပေးမယ်လေ၊ အလကားတော့ မရဘူးနော်'

'ဟဲ… ဟဲ… အဖြူအနီ ယူနီဖောင်းတစ်စုံဗျာ'

www.burmeseclassic.com

'ကြိုက်ပြီ၊ ဒါဆို အိုကေပဲ'

အားလုံး သဘောတူသည့် အထိမ်းအမှတ်နှင့် သုံးယောက်သား လက်ဝါးချင်းရိုက်လိုက်ကြ၏။ ဆောင်းနှင်းဝေတို့မှာ ဂျူတီဝင်ရဦးမည်မို့ ကျသင့်ငွေရှင်းပြီး ဆေးရုံထဲ အတူတူဝင်ခဲ့ကြသည်။

ဆောင်းတို့ ဆေးရုံအုပ် ရုံးခန်းဝင်သွားကြစဉ် မင်းမြတ်မှာ မွေးလူနာဆောင်သို့ သုတ်ခြေတင်လာခဲ့၏။

ငွေမှုံကို ခုတင်ပေါ် အေးအေးသက်သာထိုင်ရင်း ဆွေမျိုးများနှင့် စကားပြော ရယ်မောနေတာတွေ့ရတော့ မင်းမြတ် စိတ်ပျက်သွားသည်။

မင်းမြတ် ခေါင်းကုတ်ပြီး စိတ်ရှုပ်စွာနှင့် အနားကပ်သွား၏။

'ဘယ်လိုလဲ မင်းမြတ်၊ ပျင်းနေပြီလား'

'အေးဟာ၊ ဒါနဲ့ နင့်ဗိုက်က မနာသေးဘူးလား ငွေမှုံ'

'ဟေ့အေး မနာသေးဘူးဟ၊ ကြည့်ရတာ လိုသေးတယ် ထင်ပါတယ်ဟာ'

'ဟ… လိုသေးလို့ ဘယ်ဖြစ်မလဲ၊ နာတော့ဟာ၊ နာပစ်လိုက်၊ မြန်မြန်နာပြီး ဒီနေ့ပဲ ရအောင်မွေးမှဖြစ်မှာ'

'ဟင်'

မင်းမြတ် စကားကြောင့် ငွေမှုံ၊ အမေနှင့် ငွေမှုံ့အစ်မညီမများ မင်းမြတ်ကို တအံ့တသြကြည့်ကြတော့၏။ ထိုအခါမှ မင်းမြတ် သူ့စကားမှားသွားကြောင်း သိလိုက်၍ လက်ခံနိုင်လောက်သော အဖြေတစ်ခုခုပေးရန် အတွေးတွေကို မာရသွန်ပြေးနိုင်းရသည်။

'ဟမ်… အဲ… အဟဲ… ဟို… ဟိုလေ ဒီလို မွေးမွေးသား ခုနက ဗေဒင်သွားမေးတာ၊ ဒီနေ့က ရက်ကောင်းတယ်တဲ့ ကြိုပ်သွားကြိုပ်လာတွေလည်းကောင်းနေလို့ ဒီနေ့မွေးတဲ့ကလေးက ဉာဏ်ပညာ ထူးချွန်ပြီး ကြီးပွားချမ်းသာမှာတဲ့၊ အဟဲ… ဒါကြောင့် သားရဲ့တူလေးကို ဒီနေ့မွေးစေချင်တာ ဟဲ… ဟဲ… အဲဒါ၊ အဲဒါ'



'ဟယ်… ကြည့်စမ်း၊ ငါ့မောင်က မမြင်ရသေးတဲ့ တူလေးအပေါ် အချစ်တွေပိုပြီး မေတ္တာတွေထားနေလိုက်တာ၊ ငွေမှုံ့ရဲ့ ညည်းရဲ့မတ်က တော်တယ်တော့'

မင်းမြတ် အလျှောက်ကောင်းသဖြင့်သာ အထောင်းသက်သာပြီး မျက်နှာကောင်းရသွားခြင်းဖြစ်၏။ ထိုအခါမှ ငွေမှုံ မျက်နှာရွှင်ပျလာသဖြင့် မင်းမြတ်လည်း ချော်လဲရောထိုင်ခွင့်ရသွားခဲ့သည်။

'အဟီး… ဟုတ်တယ် ငွေမှုံ၊ ငါက ငါ့တူလေးကို အရမ်းတော်စေချင်တာဟ၊ ဒါကြောင့် ကြိုးစားပမ်းစား ဗိုက်နာပြီး ဒီနေ့မွေးဖြစ်အောင် မွေးပေးစမ်းပါဟာ၊ အဲဒါမှ ကိုမင်းသစ်လည်း ဝမ်းသာမှာအဟဲ'

'သားရယ် ဗိုက်နာတာတို့ မီးဖွားတာတို့ဆိုတာ သဘာဝတရားကြွ၊ သူ့အချိန်မတိုင်ဘဲ ဘယ်လိုကြိုးစားပြီး မွေးလို့ရမှာလဲ'

ထိုစဉ် ငွေမှုံ့ ရုတ်တရက် ဝင်ပြော၏။

'ကောင်းပြီလေ၊ ဦးလေးဖြစ်မယ့်သူကတောင် ကလေးအပေါ် ဒီလောက်ကောင်းစေချင်နေမှတော့ ငွေမှုံက အမေဖြစ်မဲ့သူပဲ၊ သားလေးကို နေ့ကောင်းရက်မြတ်မှာ လူ့လောကကို အရောက်ပို့ပေးရမှာပေါ့၊ ငါ ဒီနေ့ပဲ သားကိုမရရအောင် မွေးမယ်ဟာ၊ စိတ်ချ'

'ကောင်းတယ် မရီး ကြိုးစားလိုက်၊ ငါလည်း အိမ်ကယူလာတဲ့ အင်္ဂလိမာလသုတ်ကို စာအုပ်ဖတ်ပြီး မပြတ်ရွတ်ပေးမယ်'

'ကောင်းပါပြီ ဦးလေးရှုးရယ်'

နှစ်ဖက်ဆွေမျိုးများနှင့်အတူ ကာယကံရှင် ငွေမှုံကိုယ်တိုင် အားရပါးရ ရယ်လိုက်ကြ၏။ မင်းမြတ်လည်း သူ့စကားအတိုင်း ခြင်းတောင်းထဲမှ ပရိတ်စာအုပ်ကို ယူ၍ ဆေးရုံကော်ရစ်ဒါသို့ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကော်ရစ်ဒါရောက်မှ သက်ပြင်းရှိုက်လိုက်ရင်း တီးတိုးတောင်းပန်ရ၏။

'ဆောရီးပဲ ငွေမှုံရယ်၊ နင် ဒီနေ့မွေးမှ ငါ ကံကောင်းမှာမို့ပါ၊ ဒါပေမဲ့ သားလေးအတွက်တော့ မပူပါနဲ့၊ လာခြင်းကောင်းသော လူကလေးဆိုတာ ဘယ်နေ့မှာမွေးမွေး ကံကောင်းနေမှာပါ'

ထို့နောက် ပရိတ်ကြီးစာအုပ်ကို ဖွင့်၍ အင်္ဂုလိမာလသုတ်အား Non Stop ရွတ်ဆိုနေမိတော့သည်ပေ၊။ တစ်ခေါက်ရွတ်ပြီးတိုင်းလည်း မရီးတော် စံပယ်ဖူးစ ဆီးယောက်မ ငွေမှုံတစ်ယောက် နေမကျူးဘဲ ချောချောမောမောနှင့် အမြန်ဆုံး မွေးဖွားနိုင်ပါစေကြောင်း ဆုမွန်တောင်းရ၏။ ဤသို့နှင့် အင်္ဂုလိမာလသုတ် အလွတ်ရလုနီးအချိန်တွင် အမေ မင်းမြတ်ထံ ရောက်လာ၏။

'ဘာ... ဘာလဲ အမေ၊ ငွေမှုံ ဗိုက်နာပြီတဲ့လား'

'ဟင်း... ဟင်း... မဟုတ်ဘူး၊ ဗိုက်ဆာပြီတဲ့၊ စားဖို့သောက်ဖို့ ဝယ်ချမ်းပေးဦး သားရေ'

'ဟား... ဘယ်လိုကြီးလဲဗျာ၊ ဒီမှာဖြင့် အင်္ဂုလိမာလသုတ်ရွတ်ရတာ မော်တာတောင် ညောင်းနေပြီ'

'အဲဒါကြောင့် သားကို ပြောတာပေါ့၊ သဘာဝကို မလွန်ဆန်ချင်ပါနဲ့လို့၊ ကဲပါ သားရယ်၊ ထမင်းသာ သွားဝယ်စမ်းပါ၊ လေးယောက်စာနော်'

စိတ်ဓာတ်ကျသွားသော မင်းမြတ် စက်ရုပ်တစ်ရုပ်လို ဆေးရုံထဲမှ ထွက်လာခဲ့၏။ ထမင်းဟင်းများ ပါဆယ်ဆွဲပြီး ငွေမှုံတို့ စားဖို့ပို့ပေးရသည်။ ထို့နောက် မျှော်လင့်ချက်မဲ့စွာဖြင့် စားသောက်ဆိုင်ထိုင်ပြီး ထမင်းမှာ၍ အင်္ဂုလိမာလသုတ်အား ထပ်မံရွတ်ဖတ်နေလိုက်သည်။

တစ်ခေါက် နှစ်ခေါက် သုံးခေါက် ပရိတ်ကြီးဘုတ်အုပ်ကို ပိတ်ပြီး ထမင်းစားရန် ဟန်ပြင်လိုက်၏။





'ခုလေးတင် ရောက်ခဲ့သေးတယ်၊ ငွေမှုံက ပုံမှန်ပဲ၊ လုံးဝဗိုက်မနာသေးဘူး၊ ဟင်း... ဟင်း... ဟင်း... ကိုမင်းမြတ် ဘွားခက်ချင်ရင် မီသေးတယ်နော်'

ချိုင့်ကိုယ်စီဆွဲ၍ ဝင်လာရင်း သင်းရနံ့က ပြောလိုက်ခြင်းဖြစ်သည်။ မင်းမြတ် မော့ကြည့်လိုက်ပြီး...

'သြော်... ဆရာမတို့တောင် ထမင်းစားဖို့ ရောက်လာကြပြီကိုး၊ ထိုင်ကြပါ၊ ထိုင်ကြပါ၊ ကျွန်တော်က အတည်ပြုပြီးသားကိစ္စတစ်ခုကို ဘွားခက်တတ်တဲ့သူမဟုတ်ပါဘူး၊ အလောင်းအစားကိစ္စနဲ့ လောင်းကြေးက အပြောင်းအလဲမရှိပါဘူးဗျာ'

'စိတ်နိုင်တယ်ဆိုရင်လည်း ပြီးတာပါပဲရှင်'

သင်းရနံ့၏ အထွေအငေါ့စကားအဆုံးတွင် ဆောင်းနှင်းဝေက

'မငွေမှုံ ပြောဖူးတယ်လေ၊ ကိုမင်းမြတ်က သိပ်ကပ်စေးနဲတာဆို၊ အလကားသက်သက် ငွေတစ်သိန်းကုန်မယ့်ကိစ္စမဟုတ်လား'

'ဟင်း... ဟင်း... ဆောင်းရယ် ကျွန်တော် ကပ်စေးမနဲတတ်ပါဘူး၊ အသုံးနဲ့အဖြုန်းကို ခွဲခြားသိတာပါ၊ လောင်းကြေးအတွက် ဘာမှစိတ်မပူပါနဲ့၊ ဆောင်း ရှုံးရင် ပြောရမယ့်စကားကိုသာ စဉ်းစားထားပါ'

'ကိုင်း... တားမရလည်း သဘောရှင်၊ ကိုမင်းမြတ် ရှုံးမှာ သေချာနေလို့ ကျွန်မက စေတနာနဲ့ တားတာပါ'

'ဟား... ဟား... ဟား... ဆောင်းနဲ့ပတ်သက်လာရင် ရှုံးတဲ့ရေသာကလည်း ကျွန်တော့်အတွက်တော့ ချိုမြိန်မှာ သေချာပါတယ်ဗျာ'

အစွန်းထွက် အနုအရွစကားကြောင့် ဆောင်းနှင်းဝေ မျက်နှာလေးမှာ ပန်းနုသွေးဆေးချယ်ထားသလို ဖြစ်သွားရ၏။ ဆက်လက်စကားမဆိုမိကြတော့ဘဲ ထမင်းစားလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းမြတ်က ထမင်းဝိုင်း၏ အလယ်တည်အဓိကဟင်းလျာအဖြစ် ငှေတင်း၏ အလှကို ရှုစမ်းစားသောက်နေလေရာ ဆောင်းမှာ ခေါင်းမဖော်ဂ့်တော့။ ထမင်းလက်စသတ်ပြီး အအေးတစ်ခွက်စီ သောက်နေကြစဉ် ငွေမှုံ၏ညီမ ဖွေးတုတ် ဟိုကြည့်ဒီကြည့်နှင့် ပြေးလာတာ တွေ့ရသဖြင့် မင်းမြတ် လှုလုံးပြလိုက်ရသည်။

'ဖွေးတုတ် ငါ ဒီမှာ'

အသံကြား၍ ဝမ်းသာစွာ ဝင်းလက်သွားသော မျက်နှာထားဖြင့် ဖွေးတုတ် ခပ်သွက်သွက် ပြေးလာ၏။ အနားရောက်တော့...

'ဆရာမတို့ပါ ရှိနေတာကိုး၊ အတော်ပဲ၊ လိုက်ကြည့်ပေးပါဦးရှင်၊ မမ ဗိုက်နာနေပြီ'

'ဟင်'

'ရှင်'

'ဟာ'

ကြားလိုက်ရသော စကားကြောင့် အားလုံး အံ့သြမင်သက်မိသွားကြ၏။ ဦးစွာသတိဝင်လာသူက မင်းမြတ်ဖြစ်သည်။ ကျသင့်ငွေရှင်းပြီး ပရိတ်ကြီးဘုတ်အုပ်ကိုကောက်ယူ၍ ခြေလှမ်းများကို ဆေးရုံသို့ဦးတည်လိုက်သည်။ နောက်မှ ဆောင်းတို့ ထက်ချပ်မကွာပါလာကြ၏။

လူနာဆောင်ရောက်တော့ အာဝေနိက ဝေဒနာစတင်ခံစားနေရပြီဖြစ်သော ငွေမှုံကို စိတ်မသက်သာဖွယ်ရာ တွေ့မြင်ရ၏။ ဝိုင်းအုံနေသူများ ဖယ်ရှားပေးလိုက်ကြသော်လည်း ငွေမှုံက အမေ ဒေါ်မြရီ၏ လက်ကို မလွှတ်တမ်းဆုပ်ကိုင်ထားသည်။

ဆောင်းနှင်းဝေတို့ ငွေမှုံအား စမ်းသပ်စစ်ဆေးကြ၏။ ဒီနေရာမှာ မင်းမြတ်ရှိနေဖို့ မသင့်သဖြင့် အခန်းပြင်ထွက်ပြီး ပရိတ်ရွတ်နေရတော့သည်။ ရွတ်နေရင်းအတွေးက မလေးသို့ ရောက်သွား၏။

'ကိုကြီးရာ... ကိုကြီးတော့ ဟိုမှာ ဘယ်လိုနေမလဲ မသိဘူး၊



ကျွန်တော်ဖြင့် ကလေးအဖေမဟုတ်ဘဲနဲ့ ခေါင်းချာကို စိုင်းနေပါပြီဗျာ'

ကိုမင်းသစ်အား သတိရတမ်းတရင်း သူသာရှိလျှင် ငွေမှုံအတွက် အားဖြစ်သလို သူ့အတွက်လည်း ရင်ခုန်သစ်အရသာကို မြည်းစမ်းခွင့်ရမှာပဲဖြစ်၏။ တကယ်တမ်း ဗိုက်နာပြီဟု သိလိုက်ရချိန်မှစ၍ စိတ်ကယောက်ယက်ခတ်သွားသဖြင့် ရွတ်ရဖတ်ရတာ အမြီးအမောက်မတည့်ဘဲ ကပေါက်တိကပေါက်ချာဖြစ်ကုန်သည်။

အင်္ဂုလိမာလသုတ်ထဲ သမ္ဗုန္ဓေဂါထာက အလည်ရောက်လာသည်။ ဂုဏ်တော်ကိုးပါးကလည်း ဝင်ဝင်လာ၏။ စိတ်ကိုစုစည်းမရတော့သဖြင့် ရွတ်ဖတ်ခြင်းကို နားလိုက်ရသည်။

တစ်နာရီခန့်အကြာမှာ အမေ မင်းမြတ်နားသို့ ရောက်လာ၏။

'ဘယ်လိုလဲ အမေ'

'ဗိုက်နာနေတုန်းပါပဲ သားရယ်၊ ကလေးကလည်း တအားတိုးနေပြီ၊ ရေမွှာတော့ မပေါက်သေးဘူး၊ နည်းနည်းတော့ ခံရဦးမယ်ထင်ပါရဲ့'

'ဟူး... ကာယကံရှင်က လူပင်ပန်းသလို ဘေးလူတွေလည်း စိတ်ပင်ပန်းရတယ်နော်၊ ဒုက္ခများလိုက်တာ'

'ဒါက ဘာဟုတ်သေးလို့လဲ သားရယ်၊ ဒီထက်ကြီးမားတဲ့ ဒုက္ခတွေ လောကမှာ တစ်ပုံကြီးရယ်'

'ဟုတ်ပါတယ်လေ၊ သားက ငွေမှုံကိုပဲ သနားနေမိတာ၊ ခွေမျိုးတွေ ဘယ်လိုပဲ ဝိုင်းပြီးကူကူ၊ သူတစ်ယောက်တည်း ရင်ဆိုင်ရသလို ခံစားနေရမှာနော်'

'အင်း... ဟုတ်တယ် သား၊ ဒါတော့ မတတ်နိုင်ဘူးလေ၊ မင်းအစ်ကိုကလည်း လယ်ထဲဆင်းဖို့စိတ်မှမဝင်စားဘဲ၊ ရွာက တတ်နိုင်တဲ့လူမှန်သမျှကလည်း မလေး မလေးနဲ့ ဖြစ်နေတာကိုး၊ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com


ငွေမှုံ တားရင် ရပါတယ်၊ မယားပြောတော့ တစ်ညဆိုတဲ့ စကားက အလကားမှ မဟုတ်တာ’

‘သူလည်း တားချင်ရှာမှာပါပဲ၊ အမေ့သားက သိပ်ပြီးစိတ်အား ထက်သန်နေတာကိုး၊ ချစ်လို့ အလျှော့ပေးအလိုလိုက်ခဲ့တာ နေမှာပေါ့’

‘အင်း… သားကြီး ပြန်လာရင်တော့ ထပ်မလွှတ်တော့ဘူး ကွယ်’

‘ဟုတ်တယ် အမေ၊ အဲဒါကောင်းတယ်’

အမေက စကားဖြတ်ပြီး ချွေးမထံ ပြန်သွား၏။ မင်းမြတ်လည်း ပြတင်းနားကပ်၍ နားစွင့်သည်။ ငွေမှုံ အော်ဟစ်ညည်းညူတာ ပုံမှန်ပဲဖြစ်၏။ ဘယ်သူ့ကိုမှ အပြစ်တင်မနေသလို ဖွဲ့ဖွဲ့နွဲ့နွဲ့လည်း ပြောဆိုမနေပါ။ အသည်းခိုက်မျှ ချစ်ဝေဒနာကိုခါးစီးခံနေရသော မရီးအတွက် ဘာမှမကူညီနိုင်သဖြင့် ဆေးရုံထဲက စားသောက်ဆိုင်သို့ နောက်တစ်ခေါက်ထပ်ရောက်ရပြန်သည်။

အချိန်ကုန်ဖို့ ထိုင်စောင့်နေရသည်မှာ ပင်ပန်းလှွန်းလှ၏။ လယ်ထဲဆင်း အလုပ်လုပ်နေလျှင် အချိန်က ကုန်လို့ကုန်မှန်းမသိ။ အလုပ်မပြီးခင် နေဝင်သွားသဖြင့် ပြန်ခဲ့ရသည်ချည်းသာဖြစ်သည်။

သည်လိုနှင့် နေမင်းအိပ်တန်းတက်သွားသောအခါ ညစာစားဖို့ လောဆော်သော်လည်း ဘယ်သူမှ မစားနိုင်ကြ။ စိုးရိမ်ပူပန်မှု မျှော်လင့်မှုတို့နှင့် အားလုံးရင်ပြည့်ရင်ကယ်ဖြစ်နေကြသည်။ အဆာပြေအောင် အိုဗာတင်းတစ်ခွက်စီ ဖျော်တိုက်ခဲ့ရ၏။

ညရှစ်နာရီခွဲခန့်တွင် ရေမွှာပေါက်ပြီဟု သတင်းကြားရသည်။ ငွေမှုံအား မွေးခန်းထဲသို့ ရွှေ့သွားကြ၏။ တဖြည်းဖြည်းနှင့်တော့ နီးလာပါပြီ။ ငွေမှုံရေ တောင့်ထား၊ ညှစ်ထား။ နင် ဒီနေ့ မွေးမှဖြစ်မှာ။

ထိုသို့တွေးမိတော့ မင်းမြတ် ပြုံးစိစိ ဖြစ်သွား၏။ ငွေမှုံသာ ဒီနေ့မွေးခဲ့လျှင် ဆောင်းက သူ့ကို ဘယ်လိုအဖြေမျိုးပေးမည်လဲ။ အပြင်းအထန် ငြင်းဆန်ခြင်းတော့ မရှိတန်ကောင်းဟု တွေး၏။ ရန်ကလည်း မီးပြင်းပြင်း အိုးကင်းပူပူ သဲပူပူနှင့် အတင်းလှော်နေသည် မဟုတ်လား။

မင်းမြတ် ကိုယ်တိုင်ကလည်း ဆောင်းထံမှ ဖုန်းနံပါတ်ရသည့်နေ့မှစ၍ ရက်ခြားဆိုသလို ဖုန်းဆက်နှုတ်ဆက် တောင်းဆိုခဲ့သည်ပဲလေ။

ထိုသို့ ဖုန်းနှင့်ပြောဆိုကြစဉ်တွင်လည်း သူ့အပေါ် စိမ်းကားသော ရက်စက်သော၊ ခက်ထန်သော အပြောအဆိုများ အလျဉ်းမရှိခဲ့သဖြင့် အခြေအနေကောင်းသည်ဟုသာ ယူဆရမလိုဖြစ်နေ၏။

ခုလောက်ဆို ဆောင်းနှင်းဝေလည်း ငွေမှုံ မီးဖွားတာကို စောင့်ရှောက်ရင်း လောင်းကြေးကို အတွေးရောက်နေပေလိမ့်မည်။ သည်လို မီးဖွားသည့်ဖြစ်စဉ်မျိုး သူမ၏ သူနာပြု သက်တမ်းတစ်လျှောက် တွေ့ဖူးကြုံဖူးမှာ မဟုတ်ဟု တွေးမိသောအခါ မင်းမြတ် အသံထွက်အောင် ရယ်လိုက်မိ၏။

သို့နှင့် အာဝေဇိကဒုက္ခကို နေ့တစ်ဝက်ခန့် ခံစားအပြီး ညဆယ်နာရီခွဲမှာ မင်္ဂလာစကားကြားရသည်။

‘မွေးပြီ၊ မွေးပြီ၊ အာထရာဆောင်း ရိဇပ်တ်အတိုင်း ယောကျ်ားလေး၊ ဆယ်နာရီခွဲအတိ၊ ရှစ်ပေါင်နဲ့ ဆယ့်လေးအောင်စ၊ အင်္ဂါသား’

မွေးခန်းတံခါးမှ ခေါင်းပြူထွက်၍ သင်းရနံ့က သတင်းပေး၏။ အမေ၊ ငွေမှုံ၏အစ်မနှင့်ညီမ၊ မင်းမြတ်တို့ ဝေးဟေးဟေးဟု အော်ဟစ်လိုက်ကြသည်။ ထိုအထဲ မင်းမြတ် အပျော်ဆုံးဖြစ်နေမည်မှာ ရှင်းပြစရာပင် လိုမည်မထင်ပါ။

ယခု ဖြစ်စဉ်သည် ငွေမှုံအတွက် ဒုက္ခငြိမ်းခြင်း၊ မိသားစုအတွက် သံယောဇဉ်တစ်နွယ်ငင်ခြင်းစသော ဝိသေသမျှမျှ မဟုတ်ဘဲလေ။ မင်းမြတ်အတွက် ကံကောင်းခြင်းလက်ဆောင်ဟိုပါ ယူဆောင်လာနိုင်သေးသည်မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

ထို့အတွက် မင်းမြတ် အားရပါးရ ပျော်သည်။ အူယားဖားယားပျော်သည်။ ထိန်းမနိုင် သိမ်းမရ ပျော်သည်။ လွတ်လွတ်ကျွတ်ကျွတ်ပျော်နေသည်။ ထိုအပျော်တို့က ဖုံးမရ ဖိမရအောင် သူ့မျက်နှာတွင် ထင်ဟပ်နေ၏။

'သားရယ် မင်းပျော်နေတာ မြင်ရတာနဲ့တင် အမေတို့ ထကချင်လာပြီ'

'ဟုတ်ပါရဲ့ မင်းမြတ်ရယ်၊ ငါလည်းကလေးရဲ့အဒေါ်ဖြစ်မှာလေ၊ ဒါပေမဲ့ ငါ့အပျော်က နင့်ကိုမမီပါလား'

အမေနှင့်ငွေမှုံအစ်မ အေးညိုက ပိုင်းပြီးဝေဖန်ကြတော့မှ သူ့ကိုယ်သူ ထိန်းသိမ်းရန် သတိရပြီး မျက်နှာပိုးသတ်လိုက်ရ၏။ ထိုစဉ် အနီးဖြင့် ထုပ်ထားသော နီတာရဲလေးကို ပွေ့ချီ၍ ဆောင်းနှင်းဝေ ထွက်လာသည်။ အမေက ကလေးကို လှမ်းယူပွေ့ပိုက်ထား၏။

'ကိုမင်းမြတ်··· မငွေမှုံ အရမ်းပင်ပန်းနေတယ်၊ သွေးအားလည်း နည်းနေတယ်၊ စိုးရိမ်စရာမရှိပေမယ့် ဆလိုင်းချိတ်ရမယ်၊ ဂလူးကို့စ်နဲ့ အားဆေးအင်ဂျက်ရှင်း သွားဝယ်ပေးပါ၊ ကျွန်မ လိုအပ်တာ ရေးပေးလိုက်မယ်'

ဆောင်းနှင်းဝေ၏ ရှင်းပြမှုကြောင့် အားလုံးအပျော်ကိုဘေးချိတ်၍ ကလေးသိပ်ရင်း စိတ်ပူကြရပြန်၏။ ဆောင်းနှင်းဝေက လိုအပ်သမျှ ရေးပေးပြီး ကလေးကို နို့တိုက်နိုင်ရန် အထဲသို့ ပြန်ခေါ်သွား၏။

မင်းမြတ် ဆေးစာရွက်ကိုင်ပြီး မှုန်တုန်ဝါးတား မီးရောင်အောက်တွင်ပင် ဆေးဝယ်ရန် ထွက်လာခဲ့၏။ ဆေးရုံဝင်းထဲရောက်တော့ အမှောင်က ပို၍အားကောင်းလာသည်။ ခြောက်ခြားစရာကောင်းအောင်လည်း တိတ်ဆိတ်နေ၏။

ဘာရယ်မဟုတ်ဘဲ မင်းမြတ်၏ နဂိုမူလဓာတ်ခံ သရဲကြောက်



စိတ်က ရုတ်တရက် ခေါင်းထောင်ထလာသည်။ ကြောက်သည်ဆိုကာမှ မနက်ခင်းက အလောင်းတစ်လောင်း ရင်ခွဲရုံပို့သည့် မြင်ကွင်းကို သတိရမိ၏။ မင်းမြတ်တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထကာ ချွေးတို့ စိမ့်ထွက်လာရ၏။

သူရောက်နေသော နေရာမှာ ရင်ခွဲရုံနားဟု သိလိုက်ရသောအခါ ဒူးများ တဆတ်ဆတ်တုန်လာတော့သည်။ ကြောက်တတ်သူတို့ထုံးစံအတိုင်း မမြင်ရဘဲ ဘယ်ထဲက ဘာထွက်လာမလဲဟု စူးစမ်းရှာဖွေကြည့်၏။

ရင်ခွဲရုံဘေးတွင် အလောင်းတင် တွန်းလှည်းဖြူလေးကို မှုန်ဝါးဝါးအလင်းရောင်အောက်၌ ရေးတေးတေး တွေ့ရ၏။ ထိုအခါ မင်းမြတ် ပိုကြောက်သွားသည်။ စိတ်ကထင်နေ၍လားမသိ။ လှည်းပေါ်တွင် လှုပ်စိလှုပ်စိဖြစ်နေသော တစ်စုံတစ်ရာ ရှိနေသည်ဟု သူထင်မြင်နေ၏။

လမ်းကြောင်းက ဒီအတိုင်းသွားရမည်မို့ မြန်မြန်ကျော်ဖြတ်ရန် အားတင်း၍ ရှေ့တိုးလိုက်သည်။ ခြေနှစ်လှမ်း ခရီးပေါက်သည့်အခိုက်မှာပင် လှည်းပေါ်မှ ဖြူဖြူကြီး ငုပ်တုပ်ထထိုင်၏။ မင်းမြတ် လိပ်ပြာလွင့်သွားသည်။

'အောင်မလေးဗျ၊ သရဲ··· သရဲ'

'အား··· ဟာရေး··· ဘာဘူး'

မင်းမြတ်နှင့် ဖြူဖြူကြီးတို့ လန့်ဖြန့်ပြီး ဓာတ်မီးနှင့် အပြန်အလှန် ထိုးလိုက်ကြသည်။

'ဟရေး··· ကန်ကလေး နင်ဘာဖစ်လို့ တအားအော်သလဲ၊ ငါလန့်ပြီး သေးထွက်တယ်၊ အဲဒါ ကန်းသလား ကန်းသလား'

ရုပ်လည်းမြင် အသံလည်းကြားရမှ ဆေးရုံစောင့် ကုလားကြီးမှန်း သိရသော်လည်း ကြောက်စိတ်က ချက်ချင်းမပြေ။

www.burmeseclassic.com

www.burmeseclassic.com

'နှာဟာနှာ ဒီမှာ ကန်းကန်း အိပ်တယ် ကန်ကလေး၊ ခြင်
အားကြီးကိုက်တယ်နော်၊ ကုလား လန့်နိုးတယ်၊ နင် တအားအော်
တယ်'

'ဟာ… မာမူကြီးရာ ကျုပ်လည်း လန့်ပြီးအော်တာပေါ့၊
မနက်က ဒီထဲကို အလောင်းတစ်လောင်းပို့ထားတယ် မဟုတ်လား၊
သရဲထင်ပြီး ကြောက်လို့အော်တာပေါ့'

'ဟား… ဟား… ဟား… ကန်ကလေး… ကန်ကလေး
သရဲနော် တကယ်ရှိတယ်နော်၊ ကုလား သေတာကြာပြီ ကန်ကလေး၊
မာမူနော် သရဲမကြောက်ဘူး၊ လူပဲ ကြောက်တယ် ကန်ကလေး'

'ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ၊ အဟဲ မာမူကြီး ကျုပ်နဲ့အဖော်
လိုက်ခဲ့ဗျာ၊ ဆေးသွားဝယ်ချင်လို့၊ လက်ဖက်ရည်ဖိုးပေးပါ့မယ်'

'လက်ဖက်ရည်ဖိုး မယူဘူး၊ ကုလားနော် အရက်ဖိုးရမှ လိုက်
မယ်'

'အရက်ဖိုး ဟုတ်လား၊ ပေးမယ်ဗျာ၊ ပေးမယ်၊ လာ…
သွားစို့'

ကြောက်တတ်သော မင်းမြတ် မှောင်ထဲတွင် မည်းသော
ကုလားကို အဖော်ပြု၍ ကညွတ်ကွင်းညသို့ တိုးဝင်ခဲ့သည်။ မာမူကြီး
အကူအညီနှင့် အဆင်ပြေစွာ ဆေးများဝယ်ပြီး သုတ်သုတ်ပြန်ခဲ့ကြ
၏။

မာမူကြီးအား အရက်ဖိုးတစ်ထောင်ပေးလိုက်၏။ မည်းသော
ကုလားက ဖွေးသောသွားကိုဖြဲပြ၍ အကြိမ်ကြိမ် ဆလံပေးနေသည်၊
အရက်ဖိုးရသွားသော မာမူကြီးမှာ ရှူရှုတ်ခန်း၏ ဓာတ်ကားထဲမှ ဓာတ်
ဝင်တေးကို ပီသကြည်မြစွာ ဟစ်ကြွေးရင်း ကခုန်၍ ထွက်ခွာသွား၏
မင်းမြတ် မွေးခန်းဆီ သွက်သွက်လျှောက်သွားပြီး ဆရာ
လက်သို့ ဖယ်လာသော ဒရစ်ဆက်နှင့်ဆေးမျိုးစုံ အပ်လိုက်၏။ ငွေ

www.burmeseclassic.com


အားကုန်နေသည်မှလွဲ၍ အခြေအနေကောင်းကြောင်း သိရမှ မင်းမြတ်
စိတ်အေးသွားရသည်။

ဆေးထိုးဆေးသွင်းခြင်းများ ပြုလုပ်ပြီး မွေးခန်းမှ မွေးလူနာ
ဆောင်သို့ ငွေမှုံကို ပြန်ရွှေ့ပေး၏။ ထိုအခါမှ မင်းမြတ်လည်း တူလေး
ကို သေချာကြည့်ခွင့်ရသည်။ မင်းမြတ် အမြင်မှာတော့ ဘယ်သူနဲ့တူ
မှန်းမသိ။ ကလေးကို ကလေးလို့ပဲ မြင်၏။

အမေက မင်းသစ်နှင့်တူသည်ပြောသကဲ့သို့ ဖွေးတုတ်က
ငွေမှုံနှင့်တူသည်ဟု ပြော၏။ ပြောချင်ရာပြောကြပါစေ။ ဒီမိုကရေစီ
ခေတ်ပဲ မဟုတ်လား။ လွတ်လပ်စွာ ကွဲလွဲခွင့်ရှိသည်လေ။

ဆောင်းနှင်းဝေနှင့် သင်းရနံ့တို့လည်းတာဝန်ကျေကြရှာသည်။
ဆလိုင်းချိတ်ထားသည်ကို မကြာခဏ လာ၍စစ်ဆေးစမ်းသပ်ပေးကြ
၏။ အမေက ကျေးဇူးတင်လှသဖြင့် ကော်ဖီမစ်များဖျော်၊ ရှိသမျှ
မုန့်ချကျွေးသည်။

ည နှစ်နာရီလောက်တွင် အားလုံး မနေနိုင်တော့ဘဲ တွေ့ရာ
နေရာမှာ ဝင်ခွေကြတော့၏။ ဆောင်းနှင်းဝေတို့ နားနေဆောင်သို့
အပြန်တွင် မင်းမြတ် လိုက်သွားသည်။

ကော်ရစ်ဒါအရောက်တွင်…

'အဟင်း… အသွေးအသားထဲက ဟောက်ခိန်းမှန်တယ်နော်'

'အင်း… ရှင်က တကယ့်ကို ဟယ်ရီပေါ်တာပါပဲ'

'ဟင်း… .ဟင်း… ရန့်က ဒိုင်လူကြီးနော်၊ မှုမှုတတနဲ့
အနိုင်အရှုံးကြေညာပြီး လောင်းကြေးတောင်းပေးဦးလေ'

'ကဲ… ဆောင်းရေ ဂျူးဒိတ်ကို ယုံကြည်ပြီးလောင်းဖို့
မြှောက်ပေးခဲ့ပေမယ့် ရှုံးလို့ပေးရမယ့် လောင်းကြေးမှာတော့ငါလည်း
တာမှမထောက်ပံ့နိုင်ဘူး၊ နင့်ရင်ထဲက အဖြေသာ ကြည်ကြည်သာသာ
ထုတ်ပေးလိုက်ပေတော့'

www.burmeseclassic.com

www.burmeseclassic.com

ရှက်ပြုံးနှင့် ခေါင်းငုံ့နေသော ဆောင်းထံမှ ဘာစကားမှ မကြားရ။

'ဆောင်း… ကျွန်တော် တစ်ခုခု ကြားပါရစေလားဗျာ'

'ဟင်း… အလောင်းအစားကိစ္စမှာ ကျွန်မ ရှုံးပါတယ်၊ အဲ အတွက် လောင်းကြေးလည်းပေးမှာပါ၊ ဒီနေ့တော့ သည်းခံပါ ကိုမင်း မြတ်ရယ်၊ အားလုံးလည်း ပင်ပန်းနေကြတာ မဟုတ်လား၊ နောက်နေ့ ပေါ့'

'ရပါတယ် ဆောင်းရယ်၊ ကတိနဲ့တင် ကျွန်တော် ရင်အေး သွားပါပြီ၊ ဌတ်နိုက်နော်'

နားနေခန်းဝမှ မင်းမြတ် လှည့်ပြန်လာခဲ့၏။ ရင်ခုန်သံက ဗီဟာဟိန်း၏ နှုတ်သီချင်းလို ရင်ထဲမှာ ပြောင်းဆန်နေသည်။ သူ့ဘဝ တွင် ပထမဆုံးအကြိမ်အဖြစ် မိန်းကလေးတစ်ယောက်ထံမှ ချစ်မချစ် ဆိုသော အကြောင်းပြန်စကားအား သိကြားခွင့်ရတော့မည်။

အိပ်စရာနေရာလည်း မရှိ၊ အိပ်လို့လည်းမရသဖြင့် မာမူကြီး ထံထွက်လာခဲ့သည်။ မာမူကြီးက မြက်ခင်းပေါ်ထိုင်ရင်း သူကြိုက် သော အရက်ကို အမြည်းမပါဘဲ မော့နေ၏။ မာမူကြီးရှာပေး၍ ပက်လက်ကုလားထိုင်တစ်လုံးနှင့် မင်းမြတ် ဇိမ်ကျသွားသည်။

'မာမူ ဒီမှာ အလုပ်လုပ်တာ ကြာပြီလား'

'နာ လူပျိုတုန်းက စလုပ်တယ်နော်၊ အခု နာ့မှာ မြေးရပြီ ကန်ကလေး'

'ဟာ… ဒါဆို ကြာလှပြီပေါ့'

'ဟုတ်တယ် ကန်ကလေး'

'အိန္ဒိယကို မပြန်ဘူးလား'

'ဘာပြန်လုပ်မလဲ ကန်ကလေး၊ ကုလားနော် ကုလားစကား တောင် တအားများများမပြောတတ်တော့ဘူးလေ'



'ပြော'

'ဒါနဲ့ ကန်ကလေးနော် ဟိုဆရာမဆောင်းကို တအားကြိုက် တယ်… ဟုတ်'

'ဗျာ… ဟာ… မာမူ ဘယ်လိုလုပ်သိသလဲ'

'ဟဲ… ဟဲ… ဟဲ… ကန်ကလေး ကုလားနော် တစ်ခါ တည်း ငယ်ရာက ကြီးလာတာ၊ ကုလား တအားသိတယ်နော်'

'ဟား… ဟား… ဟား… ဟား… ဟုတ်တယ် မာမူ၊ အဲဒီဆရာမကို ကျုပ် ကြိုက်နေတယ်ဗျ'

'ကန်ကလေး ကံကောင်းမှာပါ၊ ဆရာမနော် မင်းသမီးလို တအားလှတယ်၊ သိပ်ချစ်စရာ ကန်းတယ်'

'ဟုတ်တယ် မာမူ၊ ဒါကြောင့် ကျုပ် တအားချစ်နေမိတာ'

'ကန်းတယ် သိပ်ကန်းတယ်၊ ချစ်ပါ၊ တအားချစ်ပါ၊ များများ ချစ်ပါ၊ ချစ်တယ်ဆိုတာ မင်္ဂလာပဲ မဟုတ်လား'

'ဟား… ဟား… ဟား… ဟား… ဟား…'

www.burmeseclassic.com

# အခန်း(၈)

သုံးရက်သားလေး၏ နီတောင်းသော ငိုကြွေးသံက သာယာ နာပျော်ဖွယ်ကောင်းလွန်းလှသည်။ မင်းမြတ်၏တူလေးမှာ အစားပုပ်လေး ဖြစ်၏။ နို့စို့ခြင်းနှင့်အိပ်ခြင်းကိုသာ အဆက်မပြတ်လုပ်နေသူဖြစ်သည်။

ရွာမှ အဖေ့ထံနှင့် မလေးရှားမှ ကိုမင်းသစ်ထံ သားလေး အကြောင်း သတင်းပို့ အကြောင်းကြားတော့ အဖေက လက်ခမောင်း ခတ်သလို ကိုမင်းသစ်က သားကို သူတို့ထက်သာသော ယောကျ်ား ကောင်းတစ်ယောက်ဖြစ်စေရမည်ဟု ကြုံးဝါး၏။

မင်းမြတ်လည်း မိဘမေတ္တာဆိုသည်ကို သိမြင်ခံစားခွင့်ရ လိုက်ခြင်းပင် ဖြစ်သည်။ ငွေမှုံလည်း အားပြည့်လန်းဆန်းလာပြီမို့ ပြန်ရန် ပြင်ဆင်ကြ၏။ မနေ့က အားလုံး အိပ်ရေးပျက်သဖြင့် တည်း အိမ်တွင် နားနေကြရာ ဆောင်းနှင်းဝေနှင့် မဆုံဖြစ်၍ အဖြေကို မသိ ရသေး။

ဆောင်းနှင်းဝေကို နှုတ်ဆက်ရန် မင်းမြတ် လိုက်ရှာ၏။ ဆေးရုံသေးသေးလေးတွင် ဆောင်းနှင်းဝေ တာရှည်ပုန်းနေ၍ မရခဲ့ပါ။ ပြင်ပလူနာဆောင်တွင် မင်းမြတ်နှင့် ပက်ပင်းဆုံ၏။



'ဆောင်း... ကျွန်တော်တို့ ပြန်ကြတော့မယ်၊ ဆေးရုံမှာရှိနေတဲ့အခိုက် ဆောင်းရဲ့ ကူညီမှုတွေအတွက် ပြောမပြနိုင်လောက်အောင် ကျေးဇူးတင်ပါတယ်'

'ရပါတယ် ကိုမင်းမြတ်ရယ်၊ ဒါ ကျွန်မတာဝန်ပဲ မဟုတ်လား၊ ကဲ... မငွေမှုံကို နှုတ်ဆက်ရအောင် ကျွန်မ လိုက်ခဲ့ပါဦးမယ်'

ပြင်ပလူနာဆောင်မှ ငွေ..ူနာဆောင်သို့ သွားရာလမ်းသည် မျှော်လင့်ခြင်းတို့ဖြင့် ဖြောင့်ဖြူးလှ..နေ၏။ မင်းမြတ်က ဆော..င်းနှင်း..ေ အား မြတ်နိုးစွာကြည့်၍ နွေး.. ..:စွာပြုံးရင်း တိုးတိတ်ညင်သာစွာ မေးလိုက်၏။

'ဆောင်း... ကိုယ့်အ..ွက် အဖြေ စဉ်းစားပြီးပြီလားဟင်'

မေးလိုက်မှ ဆောင်း၏ခေါင်းက ဆယ့်ငါးဒီဂရီခန့် ထပ်ငိုက်သွားသည်။ သူနာပြုအုပ်ဆောင်းလေး ပြုတ်ကျသွားမလားဟုပင် ထင်ရ၏။

'ဆောင်း... ဆောင်းက ဆောင်းရဲ့ခြေထောက်လေးတွေကို အခုမှ မြင်ဖူးတာလားဟင်'

'ရှင်... ဩော်... ဟင်း... ဟင်း... ကိုမင်းမြတ်ကလည်း ကျွန်မ စဉ်းစားနေလို့ပါ'

'ဟုတ်ကဲ့ ကျွန်တော်လည်း အဖြေလောင်းကြေးကိုပဲ သိချင်တာပါ၊ ကျွန်တော် ပျော်ရမလား၊ မပျော်ရဘူးလားဆိုတာကတော့ ကျွန်တော့် ကံတရားပဲပေါ့'

မင်းမြတ်၏ ချွေးချွေးမြွေမြွေ အပြောကြောင့် ဆောင်း၏ ..က်နှာလေး ညှိုးသွားသည်ဟု ထင်ရသည်။ ဆောင်းက မင်းမြ..အား ..စ်ချက်ငဲ့ကြည့်လိုက်ရင်း...

'ကျွန်မ... ကျွန်မ ဘာပြောရမှာလဲဟင်'

'ဆောင်းရဲ့ ရင်ထဲက စကားပေါ့'

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်မ ကိုမင်းမြတ်ကို ခင်ပါတယ်'

'အဲဒါ အဖြေမှမဟုတ်ဘဲ ဆောင်းရဲ့'

'အို… ခက်တော့တာပဲ ကိုမင်းမြတ်ရယ်'

စကားတပြောပြောနှင့် လျှောက်လာကြရာ မွေးလူနာဆောင်သို့ပင် ရောက်လုနီးလာ၏။ ရောက်သွားလျှင်တော့ အဖြေရဖို့ မလွယ်တော့။ ထို့ကြောင့် မင်းမြတ် ခြေစုံရပ်လိုက်သည်။ ဆောင်းလည်း ယောင်ရမ်း၍ အတူရပ်၏။

'အဖြေမပေးမချင်း ဒီနေရာက တစ်ဖဝါးမှ မခွာကြကြေးနော်'

ပြောရင်းဆိုရင်း မင်းမြတ်က ဆောင်းရှေ့မှ ပိတ်ရပ်လိုက်သည်။ ဆောင်း မျက်လုံးလေး ဝိုင်းစက်သွား၏။

'အဲလို မလုပ်နဲ့လေ၊ ကိုမင်းမြတ်ကလည်း ဒါဆေးရုံရှင့်'

'ဒါဆို အဖြေမြန်မြန်ပေးလိုက်ပေါ့'

သူနာပြု ခေါင်းဆောင်း ဆောင်းထား၍ ခေါင်းကုပ်လို့မရသော ဆောင်းက နားထင်ကို ကုပ်၏။ ထိုစဉ် မာမူကြီးက ဗိုးလ်ချဲကို တွန်း၍ ဖြတ်သွားရင်း မင်းမြတ်အား လက်မထောင်ပြသွား၏။

'ကန်ကလေး မင်္ဂလာနော်၊ မင်္ဂလာ၊ ချစ်တယ်ဆိုမှ မင်္ဂလာ'

'ကဲပါ ဆောင်းရယ်၊ မာမူကြီးတောင် ဘယ်လိုအခြေအနေဟာ မင်္ဂလာရှိသလဲဆိုတာ သိနေပြီလေ၊ ကျွန်တော်ကော သိခွင့်မရှိဘူးလား'

'ခက်လိုက်တာ ကိုမင်းမြတ်ရယ်'

'မခက်ပါဘူး ဆောင်းရယ်၊ ချစ်တယ်လို့ ပြောလိုက်ပေါ့'

ရှက်သွေးရောင်ပါးပြင်နှင့် ဆောင်းနှင်းဝေမှာ ပတ်ဝန်းကျင်ကို အကဲခတ်၍ မင်းမြတ်ကို မကြည့်ဘဲ စကားတစ်ခွန်းကို တီးတိုးလေသံနှင့်ပြော၏။





'ကိုမင်းမြတ်ကို ကျွန်မ ချစ်… ချစ်ပါတယ်'

ပြောပြီးသည်နှင့် ဆောင်းက မွေးလူနာဆောင်ထဲပြေးဝင်သွားရာ မင်းမြတ်မှာ လီဘာကုန်တင်ပြီး ကလပ်ရှုမလွှတ်ရသေးသော ဆိုင်ကယ်လို ဆန့်ငင် ဆန့်ငင် ဖြစ်ကျန်ရစ်၏။

ထိုစဉ် မာမူကြီးက ဗိုးချဲလ်ပေါ် လူနာတင်ရင်း ပြန်ထွက်လာ၏။ မင်းမြတ်၏ အမူအရာကို တွေ့မြင်သွားသော မာမူကြီးမှာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကျေနပ်စွာ ပြုံးသည်။

'ဟရေး… ကန်ကလေး နင့်ပုံကို ကြည့်ပြီး နာသိတယ်နော်၊ နင့်မှာ မင်္ဂလာရှိသွားပြီ မဟုတ်လား'

'ဟား… တော်လှချည်လား မာမူကြီးရာ၊ ဟုတ်တယ်ဗျ၊ ဟုတ်တယ်၊ ကျုပ်အတွက် ဒီနေ့က မင်္ဂလာအရှိဆုံးနေ့ဗျ မာမူရ ဟား… ဟား… ဟား…'

'ဒါဆို နာ့ကို မင်္ဂလာကြေးပေး ကန်ကလေး'

စိတ်ပျော်၍ လန်းရွှင်နေသော မင်းမြတ်မှာ မာမူကြီးအား ငွေသုံးထောင်ထုတ်ပေးလိုက်ရင်း…

'ရော့… မာမူ၊ လက်ဖက်ရည်ဖိုး အဲ… ဟုတ်ပေါင် အရက်ဖိုး ဟဲ… ဟဲ'

'ဟရေး… ကန်ကလေး ကျေးဇူးတန် တဲ့စ်ရာတင်တယ် ကန်ကလေး'

မာမူလည်း ကြည်သာရွှင်ပျ ကုလားလိုလှပြီး လူနာတွန်းရင်း ထွက်သွားသည်။ မင်းမြတ်လည်း မွေးလူနာဆောင်ထဲဝင်၍ တူလေးကို ပွေ့ချီပြီး ဆောင်းကို စူးနစ်စွာစိုက်ကြည့်ရင်း ကလေး၏ ပါးဖောင်းဖောင်းအား နမ်းရှိုက်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

'လူကလေးရဲ့ ငို နိုဖမ်းလို့ပေး နို့ဖြူနို့ပြာနက်ရယ် ဖမ်းခက်လှသေး'

အိမ်ပေါ်ထပ်ဆီမှ လွင့်ပျံလာသော အဖေ၏ ကလေးချော့တေးသံကြောင့် မင်းမြတ် ပြုံးလိုက်မိ၏။ ခြေတံရှည်အိမ်အောက်တွင် စားပွဲဝိုင်းဖွဲ့ထိုင်နေကြသော သာဂိနှင့်အောင်ဘက တအံ့တဩနှင့် မေးသည်။

'ငွေမှုံ ဗိုက်နဲ့အလောင်းအစားလုပ်ပြီး အဖြေရခဲ့တာ ဟုတ်လား'

'...းလေ ငါပြောပြီးပြီပဲ'

'ဟား... မင်း တော်တော်ဉာဏ်များတဲ့ကောင်ပါပဲလား မင်းမြတ်ရာ၊ ဟား... ဟား... ဟား... တစ်ချက်ခုတ်ပြီး သုံးဆယ့်ခြောက်ချက်ပြတ်သွားတာပေါ့'

'ဒါဆို ကောင်မလေးနဲ့ နှစ်ယောက်တည်း ချိန်းတွေ့ပြီးပြီလား မင်းမြတ်'

'ဟင့်အင်း... ဆေးရုံက ပြန်ရောက်တာနဲ့ လယ်ထဲဆင်းရတာ ဒီနေ့အထိပဲ၊ မင်းလည်း မြင်တဲ့အတိုင်းပဲလေ အောင်ဘရဲ့'

'အင်း... ဒါဆိုရင်တော့ မဟုတ်သေးဘူးနော်၊ ငါနဲ့မှုံရွှေရည်ဆို ညောင်ပင်ရိပ်မှာလည်း ချွေးသိပ်ပြီးပြီ၊ ကောက်ရိုးပုံလည်း ဝင်တိုးပြီးပြီ၊ သူတို့အိမ်အောက်မှာလည်း ညဘက်ချိန်းတွေ့ပြီးပြီကွ'

'ဟာကွာ၊ ညစ်ပတ်လိုက်တဲ့ အောင်ဘ၊ ငါနဲ့ဆရာမရဲ့အချစ်က သန့်သန့်ရှင်းရှင်းလေး သိလား'

'လုပ်မနေနဲ့ မင်းမြတ်၊ အဲဒါ ဂုဏ်ယူစရာမဟုတ်ဘူး၊ အခုအတိုင်း ဖုန်းနဲ့ ကြူနေရုံနဲ့တော့ မင်းတို့ကြားမှာ နက်ရှိုင်းတဲ့ ဇွဲလမ်းမှုဖြစ်ပေါ်လာမှာ မဟုတ်ဘူး၊ သဘောပေါက်လား'

'ဟား... သာဂိ မင်းက ဒီလိုပြောရအောင် သစင်နွယ်နဲ့ အတွေ့အကြုံတွေ တော်တော်ရနေလို့လား'



'ဟင်း... ဝေးသေးကွာ၊ အရက်ဖြတ်မှ စဉ်းစားမယ်ဆိုလို့ သစင်နွယ်တို့ ငါ့နှလုံးသားထဲက ထုတ်ပစ်လိုက်တာကြာပေါ့'

'ဟုတ်တယ် မင်းမြတ်၊ သမီးရည်းစားဘဝမှာ နှစ်ယောက်တည်း ဆုံတဲ့ရင်းနှီးမှုမျိုးလိုတယ်နော်၊ သာဂိပြောတာ မှန်တယ်'

'အေးပါကွာ၊ ငါလည်း သိပါတယ်၊ တွေ့လည်းတွေ့ချင်ပါတယ်။ အားသေးလို့ပါ၊ စပါးသိမ်းပြီးတာနဲ့ တွေ့ရုံတင်မဟုတ်ဘူး၊ တစ်ခါတည်းကို မင်္ဂလာဆောင်မှာ ရှင်းလား အောင်ဘ'

'ဟင်း... ဟင်း... လုပ်လိုက်လေကွာ၊ တစ်ခါတည်း နှစ်မင်္ဂလာဆောင်ရအောင်၊ ငါနဲ့ မှုံရွှေရည်က တစ်တွဲပေါ့'

'ဟာ... မလုပ်ကောင်းပါဘူးကွာ၊ သပ်သပ်စီ မင်္ဂလာဆောင်ကြ၊ အဲဒါမျိုးက ရွာလည်းနာတယ်၊ ငါလည်းနာတယ်'

'မဟုတ်တာရုတ်ကွာ၊ နိုင်ငံခြားမှာ စုံတွဲတွေ ထောင်ချီပြီး တစ်နေ့တည်း လက်ထပ်တာတောင် ဘာမှမဖြစ်ဘူး၊ သူတို့ရွာလည်း မနာဘူး'

'မင်းကလည်း ဝေးလိုက်တာကွာ၊ မင်းတို့နှစ်ယောက်တစ်ခါတည်း မင်္ဂလာဆောင်ရင် ငါက တစ်ခါပဲ မင်္ဂလာအရက်သောက်ခွင့်ရမှာပေါ့၊ ရှင်းလား ရွာနာမနာတော့မသိဘူး၊ ငါနာတာတော့ အမှန်ပဲ'

'ငတ်ချီးကျကောင်'

❀

လက်ဖက်ရည်ဆိုင်ကို အုပ်မိုးနေသော ညောင်ပင်ကြီး၏ အရိပ်အာဝါသကြောင့် ဤဆိုင်တွင် ထိုင်ရသည်မှာ လွန်စွာမှ အေးမြလှပေ၏။ ညောင်ပင်ပေါ်မှ ညောင်သီးစားနေကြသော ကျေးငှက်တို့၏ သာသာဘာဝ တွန်ကျူးသံသည်လည်း နားထောင်ကောင်းနေ၏။

ယုတ်စွအဆုံး စားပွဲထိုးလေး လာချပေးသော လက်ဖက်ရည်နှင့် နံပြားသည်ပင် လှပလျက်ရှိနေတော့သည်။ လှလှပပ နံပြားကို

www.burmeseclassic.com

www.burmeseclassic.com

ပျစ်ပျစ်နှစ်နှစ်လက်ဖက်ရည်နှင့်တို့၍ သေသေသပ်သပ်စားရင်း ချစ်သူလာမည့်လမ်းသို့ မျှော်ငေးနေ၏။

ဖုန်းဆက်ချိန်းဆိုထားသဖြင့် မင်းမြတ် ဆောင်းနှင်းဝေနှင့်ဆုံရန် ကညွတ်ကွင်းသို့ ရောက်ရှိနေခြင်းဖြစ်၏။ ဒီနေ့ ဆောင်းနှင်းဝေ ဂျူတီအော့ဖ်ဖြစ်၍ လျှောက်လည်ကြရန် စီစဉ်ထားခြင်းဖြစ်သည်။

သမီးရည်းစားဘဝသို့ ရောက်ရှိပြီး ပထမဆုံးအကြိမ် ချိန်းတွေ့ကြခြင်းမို့ နှစ်ဦးနှစ်ဖက် ရင်ခုန်နေမည်မှာ မလွဲ။ ဆောင်းရင်ထဲ ဘယ်လို နေမလဲ မသိနိုင်သေးသော်လည်း မင်းမြတ်ရင်ထဲမှာတော့ ကုလားဘုရားပွဲနှင့် တရုတ်နဂါးပွဲတို့ အပြိုင်ကြဲနေပြီဖြစ်၏။

အောင်ဘာ၏ ညောင်ညိုရိပ် အတွေ့အကြုံ၊ ကောက်ရိုးပုံ အရေးအခင်းတို့ကလည်း နားထဲမှမထွက်၊ ဆောင်းကို ဘယ်ခေါ်သွားရမှန်းမသိ။ ဘယ်တွေလျှောက်လည်ရမှန်းမသိ ဖြစ်နေ၏။

လှမ်းမျှော်စောင့်စားကြည့်ရှုနေဆဲ ချစ်သူကို မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရသည်။ မင်းမြတ် ရင်ခုန်ပျော်ရွှင်သွားရ၏။ ချစ်သူ၏ အလှကို မမှိတ်မသုန် ရှုစားခိုက်ဲ မျက်စိထဲ အမှိုက်ဝင်၏။ အမှိုက်က နှစ်ဖတ်။ ဆောင်းနောက်မှ ကောင်လေးနှစ်ယောက် ကပ်ပါလာသည်။ မင်းမြတ်ရင်ထဲ ဘလောင်ဆူသွားပြီး ထိုင်ရမလို ထရမလိုဖြစ်သွား၏။

သို့သော် ဆောင်း၏အမူအရာက တည်ငြိမ်လွန်း ဣန္ဒြေရလွန်းနေသဖြင့် စိတ်ကိုချုပ်ထိန်းရင်း ဆက်ထိုင်နေရသည်။ ခရီးဘာကလည်း သိပ်ဝေးလှမှ မဟုတ်ဘဲလေ။

အချိန်တိုအတွင်းမှာပင် ဆောင်း ဆိုင်ရှေ့သို့ ရောက်လာ၏။ မင်းမြတ် ထရပ်ဆီးကြိုခေါ်ဆောင်လိုက်သည်။ နောက်မှ ချာတိတ်နှစ်ကောင် ရှိန်သွားပြီး လှည့်ကြည့် လှည့်ကြည့်နှင့် ထွက်သွားကြရာ တဖြည်းဖြည်း အဝေးသို့ ရောက်သွားတော့၏။

'ဘယ်ကချာတိတ်တွေလဲ ဆောင်း'



'ဒီအနီးအနားကပါပဲ၊ အဲလိုလိုက်နေကြပေမယ့် ဘာမှတော့ အနှောင့်အယှက်မပေးကြပါဘူး'

'ဟုတ်ရဲ့လား ဆောင်းရယ်၊ ကိုယ် စိတ်မချချင်တော့ဘူး'

'စိတ်မချတော့ ဘာလုပ်ပေးနိုင်လို့လဲ'

'တစ်ခါတည်း ခိုးပြေးပြီး လက်ထပ်လိုက်မှာပေါ့'

'ဟိုး… ဆရာ၊ ဟိုး…'

ပထမဆုံးအကြိမ် ဆုံတွေ့မှုသည် ချာတိတ်နှစ်ကောင်ကြောင့် ပြောစရာစကားရပြီး ရှိုးတိုးရှန့်တန်းဖြစ်မနေကြသဖြင့် ထိုသကောင့်သားတို့အား ကြံဖန်ကျေးဇူးတင်ရသေး၏။ ဆောင်းအတွက် လက်ဖက်ရည်နှင့်စမူဆာမှာပေးပြီး…

'သင်းရနံ့ကော ဆောင်း'

'ဆေးရုံမှာလေ၊ ဒီနေ့ သူ့ဂျူတီ'

ဆောင်းက လက်ဖက်ရည်သောက်ရင်း ဖြေသည်။ ပြောစရာစကားကုန်သွားသဖြင့် မင်းမြတ်မှာ ဆောင်း၏အလှကို ပိုင်စိုးပိုင်နင်း အကြည့်နှင့် ပထမဆုံးအကြိမ် ကြည့်ဖြစ်သွား၏။ ထိုအကြည့်ကို ဆောင်း ရိပ်မိသွားတော့ မူလလက်ဟောင်း ဆောင်း၏ပုံစံကို ပြန်မြင်ရသည်။

'လှလိုက်တာ ဆောင်းရယ်၊ ယူနီဖောင်းနဲ့ မဟုတ်လည်း လှတာပဲနော်'

'အို… ကိုမင်းမြတ်ကလည်း…'

'မှန်တာပြောတာပဲဟာ ဆောင်းကလည်း၊ ကဲ… ပြော၊ ဘယ်သွားကြမလဲ'

'အို… ဘယ်သိမှာလဲလို့'

'ဒီမြို့ကလည်း သေးသေးလေးရယ်၊ ဘာမှ ထူးထူးခြားခြား ကြည့်စရာ ပတ်စရာမရှိဘူး။ အင်း… ဒီလိုလုပ် ကိုယ်တို့ရွာလိုက်ခဲ့ပါလား'

www.burmeseclassic.com

www.burmeseclassic.com

'ဟယ်… ဖြစ်မလား ရှက်စရာကြီး'

'အင်း… ဒုက္ခပါပဲ၊ ဘယ်သွားလည်ရမှန်းလဲ မသိဘူး၊ အဲ… သိပြီ၊ တောင်ငူ သွားလည်ကြမလား၊ ဆွေပြမျိုးပြပေါ့'

'ကိုမင်းမြတ်ရယ် အဝေးကြီးဟာကို'

'နေ့ချင်းပြန်တော့ သွားလို့ရပါတယ်၊ ဆိုင်ကယ်နဲ့ပဲဟာ'

'မဖြစ်သေးပါဘူး၊ အမေတို့မှ ပြောမထားရသေးတာ'

'အင်း… ဒါဆိုရင်တော့ ရောက်ရာပေါက်ရာ ဆိုင်ကယ်လျှောက် စီးဖို့ပဲ ရှိတော့တာပေါ့၊ ဟူး…'

မင်းမြတ်၏ အပြောနှင့်အမူအရာကြောင့် ဆောင်း သဘောတကျ ရယ်၏။ မင်းမြတ်လည်း လက်ဖက်ရည်ဖိုးရှင်းရင်း ခပ်ပြုံးပြုံး ဟန်ပြင်တာရှုလိုက်သည်။

'ဘယ်သွားမှာလဲ ကိုမင်းမြတ်'

'ကြုံရာဆုံရာ ရောက်ရာပေါက်ရာပေါ့၊ လာ… တက်'

ဆောင်းလည်း ဘာစကားမှမဆိုဘဲ တင်ပလ္လင်ဝင်ထိုင်ကာ မင်းမြတ်ပခုံးကို မှေးကိုင်ထား၏။ မင်းမြတ် ဆိုင်ကယ်ကို ဆောင့်ထွက်လိုက်သဖြင့် ဆောင်း၏နောက်လက်တစ်ဖက်က မင်းမြတ်၏ ခါးဆီရောက်လာရာ မင်းမြတ် အတော်သဘောကျသွားတော့သည်။

သို့နှင့် မင်းမြတ်က ဆိုင်ကယ်ကို ပညာသုံးမောင်းနှင်နေရာ သူ့ကျောပြင်သို့ ဆောင်း၏ကိုယ်လုံးလေး လာထိကပ်နေတော့၏။ ဆိုင်ကယ်နှင့်ခရီးနှင်လာစဉ် မြို့ပြင်တစ်နေရာမှ တောင်ပေါ်စေတီလေးကို ဝင်ဖူးကြ၏။ ချစ်သူလက်ကိုဆွဲ၍ ဘုရားသွားကျောင်းတက်ခြင်းရသည့် အရသာက လွန်စွာ နှစ်လိုဖွယ်ကောင်းနေတော့သည်။

ထိုစဉ်က ဆိုင်ကယ်လျှောက်စီးရင်း အဝေးပြေးယာဉ်ရပ်နားစခန်းတွင် ထမင်းဝင်စား၍ နားသည်။ အပြန်တွင် ဈေးကြီးထဲဝင်၍ ဒိုင်လူကြီးသင်းရန့်အတွက် ယူနီဖောင်းတစ်စုံဝယ်ရင်း ဆောင်းအတွက် ချစ်သက်လက်ဆောင်အဖြစ် အသည်းပုံလက်ပတ်နာရီတစ်လုံး ပေးဖြစ်၏။



အိမ်ရှေ့အရောက် ပြန်လိုက်ပို့ပေးတော့ ဆောင်းက အိမ်ပေါ်ဖိတ်ခေါ်သဖြင့် ခဏဝင်ထိုင်ဖြစ်သည်။ ဆောင်း ဖျော်တိုက်သည့် ကော်ဖီမစ်သောက်ရင်း ရှေ့ရေးကို ဆွေးနွေးဖြစ်၏။

'ဆောင်း… ကိုယ်တို့အသက်တွေလည်း မငယ်တော့ဘူးနော်၊ ဒီတစ်ခါ ဆောင်းရဲ့မိဘတွေနဲ့ဆုံရင် ကိုယ်တို့ကိစ္စ အရိပ်အမြွက် ပြော ထားရင် ကောင်းမယ် ထင်တယ်'

'အင်း… ပြောတော့ ပြောရမှာပေါ့ ကိုမင်းမြတ်'

'သမီးရည်းစားဘဝနဲ့ အလွန်ဆုံး တစ်နှစ်လောက်ပဲ နေကြမယ်နော်'

'ဟင့်အင်း… မရဘူး၊ သုံးနှစ်သုံးမိုးမှတစ်ယောက်အကြောင်း တစ်ယောက် ကောင်းကောင်းသိရမှာ'

'ဆောင်း… မနောက်နဲ့ကွာ၊ စိတ်မရှည်ရင် ကိုယ် ခိုးပြေးမှာနော်'

'ခိုးပြေးတယ်ဆိုတာ ဆောင်းကလိုက်မှ ဖြစ်မှာလေ'

'ဟာ… တော်ပြီကွာ၊ ဒီမယ် ဆောင်း၊ တောင်ငူအိမ်လိပ်စာကို ကိုယ်သိတယ်နော်၊ အဖေနဲ့အမေ့ကို ခေါ်ပြီး သွားတောင်းလိုက်မှာ၊ မလုပ်ရဲဘူး ထင်လား'

'ကဲပါ၊ ဆောင်းက နောက်တာပါ၊ ဒီတစ်ပတ်ကျောင်းပိတ်ရက်မှာ အမေလာမယ် ထင်တယ်၊ ဆောင်း သေချာပြောပြလိုက်ပါ့မယ် ကိုမင်းမြတ်ရယ်'

'ဟင်း… ဟင်း… ဒီလိုလိမ္မာမှပေါ့၊ ကဲ… ကိုယ်ပြန်မယ် ဆောင်း၊ တော်ကြာ ရန့် ပြန်ရောက်လာရင် စလို့နောက်လို့ ပြီးမှာ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com

'ဟင်း… ဟင်း… ရှန့်တော့ တော်တော်ကြောက်သွားပဲ'

'ကြောက်ရတာပေါ့ ဆောင်းရယ်၊ ဒါကြောင့်လည်း သူ့အတွက် ဒိုင်လူကြီးလုပ်ခ ယူနီဖောင်းတစ်စုံကို မဖြစ်မနေ ဝယ်ပေးခဲ့ရတာပေါ့'

မင်းမြတ် ပြန့်ဖို့ ဟန်ပြင်တော့ ဆောင်းက တံခါးဝ လိုက်ပို့ပေးသည်။ နောက်ဆုံးအခွင့်အရေးကို အသုံးချပြီး ရုတ်တရက်လှည့်၍ ဆောင်း၏ပါးပြင်ကို အနမ်းချွေလိုက်သည်။

အငိုက်မိပြီး တအံ့တသြနှင့် ရှက်အိုးကွဲကာကျန်ခဲ့သော ... အား မင်းမြတ် လက်ပြနှုတ်ဆက်ပြီး ပြန်လာခဲ့၏။ ဆောင်းက အနမ်းခံရသော ပါးပြင်ကိုပွတ်၍ မျက်စောင်းထိုးရင်း ကျန်ခဲ့သည်။

ဤအတွေ့အကြုံအား ပြန်ပြောပြလျှင် အောင်ဘက ငါ့တပည့် တော်တော်ညံ့သေးတာပဲဟု ဝေဖန်မည်မှာ အသေအချာပင်ဖြစ်တော့၏။

❀

အမည်သညာခေါ်စရာကား မောင်ဇော်မင်းသစ်။ အသက် တစ်ရာ့နှစ်ဆယ်ရှည်စေသော်ဝ်။

တစ်လသား ဘူလေး မောင်ဇော်မင်းသစ်မှာ ဝူးဝူးဝါးဝါး အော်ဟစ်ပြီး ပြုံးပြုံးရွှင်ရွှင်နှင့်မို့ ချစ်စရာကောင်းလွန်းလှ၏။ တစ်လ သားနှင့် အိမ်ရှိလူကုန် မှတ်မိနေပြီ။ ဇက်ခိုင်ခိုင်နှင့် တနင့်တပိုးကြီး ချိုလို့ပိုးလို့လည်း ကောင်းလှသည်။

ဒီနေ့ဓာတ်ပုံဆရာ အိမ်ခေါ်၍ သားလေးကို ဓာတ်ပုံရိုက်ကြသည်။ အစ်ကို မင်းသစ်မှာလိုက်သည့်အတိုင်း မင်းမြတ်က ဇော်မင်းသစ်ကို ချိုပိုး၍ နှစ်ယောက်တည်းပုံရိုက်၏။



အစ်ကိုမင်းသစ်က သူ့သားပုံကို တွေ့ချင်မြင်ချင်လှပြီဆို၍ ဓာတ်ပုံရိုက်ဖို့ စီစဉ်နေကြခြင်းဖြစ်၏။ ကလေးက သနေ့ကောင်းလှသည်။ ငိုကြောလည်း မရှည်။ လူလည်းမရွေးသဖြင့် အမေ သက်သာသော ကလေးမျိုး။ မင်းမြတ်အဖေ ဦးဟန်မြတ်၏ အချစ်ဆုံးအသည်းကျော်။

အဖေက ကလေးကိုသာ ချောင်းနေတတ်၏။ ကလေးအိပ်ရာမှ နိုး၍ နို့ဝပြီဆိုသည်နှင့် အတင်းချီပိုးကာ ရွာရိုးလျှောက်ပြီး မြေးအကြွား ထွက်တော့သည်။ ထိုလုပ်ရပ်နှင့်ပတ်သက်ပြီး အမေနှင့် တကျက်ကျက်။

ချစ်စရာကောင်းလွန်းလှသော မြေးရတနာကြောင့် ငွေမှုမှာ များစွာ အရေးပေးခံရသည်။ အမေတို့ မင်္ဂလာလက်ဖွဲ့ ရွှေတစ်ဆင်စာ ကိုထုတ်ယူကာ ဆင်မြန်းပေးထား၏။

မင်းမြတ်မှာ ငွေမှုနှင့် မျက်နှာချင်းဆိုင်မိတိုင်း မလုံမလဲဖြစ်နေရသည်။ ဆောင်းထံမှ အဖြေရလို့ဇောနှင့် ဒီနေ့မွေးသောကလေး က်ကောင်းမည်ဟု မှုသားပြောပြီး ဖွတ်မွေးခိုင်းခဲ့သည် မဟုတ်လား။ သူမွေးခိုင်း၍ မွေးလာတာ မဟုတ်သော်လည်း ဤကလေးရှေ့ရေးနှင့် ပတ်သက်ပြီး သူ့တွင် တာဝန်မကင်းသလို ခံစားနေရ၏။

မည်သို့ပင်ဖြစ်စေ သားလေး ဇော်မင်းသစ်ကြောင့် မိသားစု အားလုံး ဝမ်းသာပျော်ရွှင်ကြရသည်။ သားလေးသည်လည်း အားလုံး ၏ သည်းသည်းလှုပ်မေတ္တာတရားကို ရရှိခံစားနေရသည်။ ဒါဆိုလျှင် လုံလောက်နေပြီပဲ မဟုတ်လား။

ဓာတ်ပုံရိုက်ပြီးသည်နှင့် ကလေးက အဖေ့လက်ထဲရောက် သွား၏။

'ဟိုအဘိုးကြီး နေပူသေးတယ်နော်၊ ကလေးကို အပြင်ခေါ် သွားနဲ့ဦး'

www.burmeseclassic.com

www.burmeseclassic.com

'သိပါတယ် အမယ်ကြီးရာ၊ ကျေးဇူးပြုပြီး ခင်ဗျားပါးစပ်သာ ပိတ်ထားစမ်းပါ၊ တကတည်း အူဝဲလေးရေ ဘိုးဘိုးမြေးလေးရေ'

အဖေက ကလေးကို လက်ဆန့်မြှောက်ချီ၍ ရွှေပန်းလေးအား နမ်း၏။ ကလေးက ယားရှ်၍ တခစ်ခစ်ရယ်သည်။ ဒါကိုသဘောကျပြီး အဖေက ကလေး၏ပေါင်ကို နှုတ်ခမ်းမွေးနှင့်ပွတ်ပြီး ကျီစယ်၏။ ဒီတစ်ခါတော့ ဆော်မင်းသစ်က အဘိုးကို ရှူရှူးနှင့် ကန်တော့ပန်း ဆင် လိုက်တော့၏။

'ဟာ… ဟာ… လုပ်ပါဦး အမယ်ကြီးရ၊ ငါ့မြေးက ငါ့ကို သေးနဲ့ပန်းနေပြီ'

'အော်မနေနဲ့၊ ကလေးသေးလန့်သွားမယ်၊ ပြီးအောင်ပေါက် ပါစေ၊ ငြိမ်ခံနေ၊ တော့်ကိုက ကဲနေတဲ့ဟာကို၊ ကောင်းတယ်၊ အဲဒါမှ မှတ်မှာ'

ငွေမှုံက မနေနိုင် သူ့သားကိုပြေးချီရင်း…

'သားရယ် ဘယ်လိုလုပ်လိုက်တာလဲ၊ ငရဲတွေကြီးကုန်လိမ့် မယ်၊ အဖေ ကန်တော့နော်၊ ကန်တော့'

'သမီးရယ် မဟုတ်တာတွေ မပြောစမ်းနဲ့၊ ကလေးက ဘာ ကိစ္စငရဲကြီးရမှာလဲ၊ ရေချိုးလိုက်ရင် ပြီးတာပဲဟာ'

'တော်တော်သရမ်းတဲ့ ကိုရွှေပန်း'

ဒါတောင် အဖေက ကလေးပါးကို ညှစ်ပြီး ပြောဆိုကာ စနေပြန်၏။

'ကိုဟန်မြတ် ရေသွားချိုးချေတော့'

'အေးပါဟ၊ အေးပါ'

အဖေ အိမ်အောက်ဆင်းသွားမှ ကျန်မိသားစုများ အမေ့အဖြစ် ကို ဝိုင်းရယ်မိကြ၏။

အဖေပြီးတော့ အမေ့အလှည့်။



'လာပါဦး ငါ့မြေးရဲ့ အဘွားဆီကို'

ကြော်… ဒါကြောင့်မို့လည်း သားအချစ် မြေးအနှစ်ဆိုသော စကား ပေါ်လာရတာပဲဖြစ်မည် ထင်ပါသည်။

# အခန်း(၉)

သန့်ပြန့်သည့် ရုပ်ရည်၊ တည်ကြည်သောမျက်နှာထားနှင့် ဆောင်း၏မိခင် ဒေါ်နှင်းဝေရှေ့မှောက်တွင် မင်းမြတ်တစ်ယောက် မနေတတ် မထိုင်တတ်ဖြစ်နေလေ၏။ ဆောင်းက သူ့မိခင်နှင့်ဆုံပေးမည်ဟု ဖုန်းဆက်ချိန်းဆိုသဖြင့် မင်းမြတ် ရောက်ရှိနေခြင်းဖြစ်သည်။

ဆောင်းနှင့် သင်းရန့်တို့က မိတ်ဆက်ပေးပြီးသွားသောအခါ ဒေါ်နှင်းဝေက နှစ်လိုဖွယ်ပြုံးပြရင်း တွေ့ဆုံမေးမြန်း စူးစမ်းခန်း အစီအစဉ်ကို စတင်၏။

'မောင်မင်းမြတ်က ကြာသပတေးသားလား'

'ဟဲ… မဟုတ်ပါဘူး ခင်ဗျ၊ အစ်ကို့နာမည်က မင်းသစ်၊ ကျွန်တော့် နာမည်က မင်းမြတ်၊ ကျွန်တော်က ဗုဒ္ဓဟူးသားပါ၊ နာမည်တွေက နေ့သင့်နံသင့် မှည့်ထားတာ မဟုတ်ပါဘူးခင်ဗျ'

'သြော်… ဒီလိုလား၊ အင်း… မနေ့က ရောက်ရောက်ချင်းပဲ သမီးနဲ့ ရန့်က မောင်မင်းမြတ်အကြောင်း ပြောပြကြပါတယ်၊ ဒီတော့ သိသင့်သလောက်တော့ သိပြီးပြီဆိုပါတော့ကွယ်၊ ဒေါ်ဒေါ် သိချင်တာက သမီးဟာ အလုပ်ဝင်တာ တစ်နှစ်ကျော်လောက်ပဲရှိသေးတဲ့ နိုင်ငံ့ဝန်ထမ်းတစ်ယောက်ပါ၊ အချိန်မရွေး တခြားဒေသတွေကို ပြောင်းရွှေ့


www.burmeseclassic.com


တာဝန်ထမ်းဆောင်ရနိုင်တယ်လေ၊ အဲဒီအခါမှာ မောင်မင်းမြတ်က လယ်ကေသုံးဆယ်ကိုပစ်ပြီး သမီးနောက်ကို လိုက်နိုင်မှာလား'

ဒေါ်နှင်းဝေလေသံက နူးညံ့ပျော့ပြောင်းသော်လည်း ပြောနေသည့် အကြောင်းအရာက ပြင်းထန်လွန်းလှသည်။ ရုတ်တရက် မင်းမြတ် ဘာပြန်ပြောရမှန်း မသိသဖြင့် ဆောင်းနှင်းဝေအား စစ်ကူတောင်းသလို ကြည့်မိ၏။ ဆောင်းနှင်းဝေ ခေါင်းငုံ့သွားသဖြင့် မင်းမြတ် ကိုယ့်အားကိုယ်ကိုးဖို့သာ ဆုံးဖြတ်လိုက်ရသည်။

'ဒါကတော့ လင်ရယ်မယားရယ်ဖြစ်လာရင် အတူတကွနေထိုင်ခွင့်ရှိမှလည်း အဓိပ္ပာယ်ရှိမှာပါ၊ ပြီးတော့ မြန်မာ့လူနေမှုစံနစ်အရ အိမ်ထောင်ဦးစီးဖြစ်တဲ့ လင်ယောကျ်ားကသာ ရှာဖွေကျွေးမွေးစောင့်ရှောက်ရမှာပါ၊ ဒါဆိုရင် သာယာချမ်းမြေ့တဲ့ အိမ်ထောင်တစ်ခု တည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါတယ် ခင်ဗျာ'

မင်းမြတ် စကားအဆုံးတွင် ဒေါ်နှင်းဝေနှင့် ဆောင်းနှင်းဝေတို့ အချင်းချင်းကြည့်လိုက်ကြတာ သတိပြုမိ၏။ သို့သော် ဆောင်းက ဘာစကားမှ မပြောသဖြင့် ဒေါ်နှင်းဝေကပင် ဆက်လက်၍ ပြောဆိုသည်။

'ဒါဆိုရင် မောင်မင်းမြတ်က ဆောင်းနှင်းဝေ အလုပ်လုပ်ဖို့ မလိုဘူးလို့ ဆိုလိုတာပေါ့၊ မောင်မင်းမြတ်နဲ့ လက်ထပ်ပြီးရင် အလုပ်ထွက်ရမယ်လို့ ပြောတဲ့သဘောပေါ့'

'ကျွန်တော့်ဓာတ်ဖြစ်တဲ့ ဆင်စလုပ်နဲ့ မိုင်တစ်ရာပတ်လည် အတွင်းဒေသတွေမှာ တာဝန်ကျရင် အလုပ်ထွက်စရာမလိုပါဘူး ခင်ဗျာ'

'အင်း… မောင်မင်းမြတ် ပြောတာလည်း မဆိုးလှပေမယ့် ဒီနေ့ခေတ်ကာလကြီးမှာ မိန်းမတွေဟာ လင်ယူသားမွေးလုပ်ပြီး မီးဖိုချောင်မှာပဲနေရမယ်ဆိုတဲ့ အယူအဆကတော့ ကျဉ်းမြောင်းလွန်းလှပါတယ်'

www.burmeseclassic.com

www.burmeseclassic.com

'ယောက်ျားနဲ့မိန်းမ ကွဲပြားတာနဲ့အမျှ တာဝန်ယူရတဲ့အပိုင်းတွေလည်း ကွဲပြားပါတယ် ဒေါ်ဒေါ်၊ လုံလောက်ပြည့်စုံတဲ့ ဦးဆော နိုင်စွမ်းကို လူ့သားက ပေးဆပ်နိုင်ခဲ့ရင် မိန်းမက ဆယ်တဲ့ကန်သင် နေရာမှာ နေတာဟာ သူတို့ရဲ့သားသမီးတွေအတွက် အသင့်တော်ဆုံ ပါပဲ'

'ဟုတ်ပါပြီ၊ မောင်မင်းမြတ်ပြောတာ ဒေါ်ဒေါ် သဘောတူ ပါတယ်၊ ဒါပေမဲ့ လက်ထပ်ဖို့ကိစ္စကို မလောစေချင်ဘူးကွယ်၊ သမီ အတွက် သူနာပြုပဲလုပ်မှာလား၊ လယ်သူမကြီးပဲ လုပ်မှာလားဆိုတ သိပ်ကိုသိမ်မွေ့တဲ့ ပြဿနာတစ်ခု ဖြစ်နေလိမ့်မယ် ထင်တယ်၊ သား သမီးတို့ ကျေလည်အောင် အရင်ဆွေးနွေးလိုက်ကြပါဦး၊ ဒေါ်ဒေ အမြင်အရတော့ မောင်မင်းမြတ်ကို သဘောမကျစရာအကြောင် မရှိပါဘူးကွယ်'

ထိုစကားကြားရမှ ဆောင်းနှင်းဝေ၏မျက်နှာ သွေးရောင်ဖြ လွှမ်းလာသည်ဟု မင်းမြတ် ထင်လိုက်မိ၏။

'ဒေါ်ဒေါ်သဘောထားကို ရှင်းရှင်းလင်းလင်း သိရတဲ့အတွ ဝမ်းသာအားရ ဖြစ်ရပါတယ် ခင်ဗျာ၊ ဆောင်းနှင်းဝေ ဘယ်လိုပဲ ဖြတ် ဆုံးဖြတ်ညှိနှိုင်းပြီး လက်ထပ်ဖြစ်အောင် ကြိုးစားပါ့မယ် ကတိပေးပါတယ်ခင်ဗျာ'

'ကောင်းပါပြီကွယ်၊ အဲဒီအတွက်လည်း ကျေးဇူးတင်ပါတ ကဲ... သမီးရေ မေမေပြန်မယ်၊ ကားနောက်ကျနေလိမ့်မယ်ကွ

'ဟုတ်ကဲ့ မေမေ၊ သမီးတို့ လိုက်ပို့မယ်လေ'

ဒေါ်နှင်းဝေ၏ တောင်ငူအပြန်ခရီးကို မင်းမြတ်တို့သုံးယေ လုံး လိုက်ပို့ဖြစ်ခဲ့ကြသည်။ ဒေါ်နှင်းဝေလိုက်ပါသွားသောကား သွားတော့မှ နီးရာဆိုင်တွင် ဝင်ထိုင်ရင်း အရေးပေါ် အစည်းအ ကျင်းပခဲ့ရ၏။



'ကဲ... ဆောင်း ကိုယ်တို့အနာဂတ်ကို ပုံဖော်ထုဆစ်ကြည့်ရအောင်ကွာ'

'ဘယ်ကစမလဲ ကိုမင်းမြတ်'

'ကိုယ်တို့က တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်စုံမက်လို့ သမီးရည်းစားဘဝကိုရောက်နေကြပြီ မဟုတ်လား၊ တကယ် နှစ်သက် မြတ်နိုးစုံမက်တယ်ဆိုရင် အတူတကွ နေထိုင်ပြီး ဘဝကိုလက်တွဲတည် ဆောက်ဖို့ပဲ ရှိတော့တယ်လေ၊ ကိုယ့်အနေနဲ့ကတော့ ကိုယ့်ရဲ့လယ် သမားအလုပ်ဟာ ဆောင်းရဲ့ဘဝကို လှပစေလိမ့်မယ်လို့ ယုံကြည် တယ်'

'အင်း... ဆောင်းက ယောက်ျားလုပ်စာ ထိုင်စားရတာထက် ကိုယ့်အားကိုယ်ကိုးဖို့ ပိုပြီးအားသန်တယ် ကိုမင်းမြတ်'

'ဒါကိုလည်း ကိုယ် မကန့်ကွက်ပါဘူး ဆောင်း၊ ကိုယ် ပြောပြီးပြီလေ၊ ဆိုင်ကယ်နဲ့ လေးနာရီအကွာအဝေးမှာဆိုရင် ဆောင်း အလုပ်ထွက်စရာ မလိုပါဘူးကွာ'

'ဒါဆို ဘာကို ထပ်ဆွေးနွေးကြဦးမှာလဲ'

'မဟုတ်သေးဘူးလေ ဆောင်းရဲ့၊ ဘယ်တော့လက်ထပ်မလဲ၊ ဘယ်မှာလက်ထပ်မလဲ၊ လက်ထပ်ပြီး ဘယ်မှာနေကြမလဲ၊ တွေးကြည့် ရင် ကိစ္စတွေက အများကြီး၊ ပေါ့ပေါ့မလုပ်နဲ့'

ဆွေးနွေးပွဲသို့ သင်းရနံ့ပါ ဝင်ရောက်လာသဖြင့် ပိုပြီးမြိုင်ဆိုင် သွားရသည်။ မင်းမြတ် ရနံ့ကို ကျေးဇူးတင်စွာ ကြည့်မိ၏။

'တစ်မိသားနဲ့တစ်မိသား ပေါင်းဖက်ဖို့က ဒီလောက်ပဲ ခက်ခဲ သလား ရနံ့ရယ်၊ အလုပ်ရှုပ်လိုက်တာ'

'အဲလိုတော့ ဘယ်ဟုတ်ပါ့မလဲ၊ ဥပမာ ဆောင်းက တို့ဆေးရုံ က ဆရာဝန်တစ်ယောက်နဲ့ပဲ ညားမယ်ဆိုရင် သိပ်ပြဿနာရှိသလို ကိုမင်းမြတ်ကလည်း ဆင်ဖလုပ်ရွာသူပဲယူမယ်ဆိုရင် ဆေးဆေးပဲလေ'

www.burmeseclassic.com

'ဟုတ်တယ်နော် ရုန့်၊ ကျွန်တော်နဲ့ဆောင်းက နဖူးစာရွာလည်လို့ စဉ်းစားစရာတွေ များနေတာ'

'ဆောင်း အလုပ်ထွက်လိုက်ရင် ပြီးပြီပေါ့ ဟုတ်တယ် မဟုတ်လား ကိုမင်းမြတ်'

'ကိုယ် တစ်ဖက်သားရဲ့ အခွင့်အရေးကို မပိတ်ပင်ချင်ဘူး ဆောင်း'

'ဟုတ်သလိုလိုရှိပေမဲ့ ဆောင်း အလုပ်မထွက်ဘဲ လက်ထပ်လိုက်ရင် မယ်တစ်ရွာမောင်တစ်မြို့ဆိုသလို ဖြစ်နေမှာပေါ့'

'ဒါလည်း ဟုတ်တာပဲ၊ တစ်ပတ်မှာ တစ်ရက်ခွဲလောက်ပဲ မျက်နှာချင်းဆိုင်ခွင့်ရမှာဆိုတော့ မနိပ်သေးပါဘူး၊ ဟုတ်တယ် မဟုတ်လား ကိုမင်းမြတ်'

'သိပ်သေချာတာပေါ့ ရုန့်ရာ'

'စိတ်ရှုပ်လာပြီကွာ၊ မချစ်ဘဲနေနဲ့မိရင်ကောင်းမှာ'

'နောင်တစကားပြောတာလား ဆောင်း'

'ချစ်မိလို့ နောင်တမရပေမယ့် ပေါင်းဖက်ဖို့ခက်တယ်လို့ ပြောတာ'

'အင်း… ငါတော့ နင်တို့ကိုကြည့်ပြီး သင်ခန်းစာရတယ် ဆောင်း'

'ဘာသင်ခန်းစာလဲ ရုန့်'

'ကိန္နရာချောင်းခြား မဖြစ်အောင် အလုပ်ချင်းနီးစပ်တဲ့သူကိုပဲ ရည်းစားထားဖို့လေ'

'အေးနော်၊ ငါ သဘောပေါက်လိုက်ပြီ၊ နင် မာမူကြီးကို စိတ်ကူးယဉ်နေတာ မဟုတ်လား'

'ဟင်… မိဆောင်း အစုတ်ပလုပ်မ'

'ဟား… ဟား… ဟား… ဟုတ်တယ်၊ ရုန့်နဲ့ဆိုလိုက်တယ်'



'ဟင်း… ကိုမင်းမြတ်နော်၊ ဘုရားပြီးငြမ်းဖျက်မလုပ်နဲ့၊ အခု နှစ်ယောက်ပေါင်းပြီး ဝိုင်းသမတာလား'

'ဟဲ… ဟဲ… မဟုတ်ပါဘူး ရုန့်ရယ်၊ နောက်တာပါ၊ ကျွန်တော်လည်း ရုန့်ကို ပြန်ကူညီဖို့ စဉ်းစားနေပါတယ်၊ ကျွန်တော်တို့ ရွာက ရ·ယ·က အဖွဲ့ဝင် ဦးဘဒင်ဆို ရုန့်နဲ့ သင့်တော်မလားလို့၊ သူလည်း သူဌေးလူပျိုကြီးပဲ၊ လယ်ဧကသုံးဆယ်လောက်ပိုင်တာ'

'ဟယ်… ဟုတ်လား၊ အသက်ကရော'

'ငါးဆယ်ကို တစ်နှစ်ပဲ စွန်းပါသေးတယ်၊ အလတ်ကြီးရယ်'

'ဟယ်… ကြည့် သူများသားသမီးကို မဦးမချွတ်'

ရယ်မောသံတို့ ဝေစီလျက်။

'ကဲ… ဆောင်း ကိုယ်တို့ဆွေးနွေးပွဲပြီးပြီလား'

'ထားလိုက်တော့ ကိုမင်းမြတ်ရယ်၊ တစ်ယောက်နဲ့တစ်ယောက် ချစ်နေကြဖို့ပဲ အရေးကြီးတာပါ၊ နဖူးစာပါရင် လက်ထပ်ခွင့်ရမှာပဲပေါ့၊ ဒီကြားထဲမှာတော့ စိတ်ဆင်းရဲစရာတွေ တွေးမနေချင်ဘူးလေ'

'အင်း… အဲဒါပဲ ကောင်းပါတယ်၊ သြော်… မေ့နေလိုက်တာ၊ လာမယ့်တနင်္ဂနွေနေ့မှာ သားလေး ရက်တစ်ရာပြည့်မွေးနေ့ နှစ်ယောက်လုံး လာဖြစ်အောင် ကြိုးစားပေးကြပါ၊ ဂျူတီအော့ဖ် မဟုတ်ရင်လည်း ခွင့်ယူလိုက်ကြပေါ့၊ ငွေမှုံကော အမေကရော ဖိတ်ခိုင်းလိုက်တာ'

'ဟယ်… ဓော်မင်းသစ်လေးတောင် သုံးလကျော်သွားပြီ ဟုတ်လား၊ အချိန်ကုန်တာ သိပ်မြန်တာပဲနော်၊ စိတ်ချ လာဖြစ်အောင် ကြိုးစားမယ်'

'ကိုမင်းမြတ် ကိုမင်းမြတ် အိမ်ကိုတော့ ဆောင်းနဲ့ပတ်သက်ပြီး ဘာမှပြောမထားပါနဲ့ဦးနော်၊ လာရတာ မျက်နှာပူလွန်းလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com

'စိတ်ချပါ ဆောင်းရယ်၊ ကိုယ် ဘယ်သူ့ကိုမှ ပြောပြမထားသေးဘူး၊ စိတ်ပေါ့ပေါ့ပါးပါးနဲ့သာ လာခဲ့ပါ'

ထိုနေ့က အနာဂတ်ဆွေးနွေးပွဲသည် မရေမရာနှင့်သာ ပြီးဆုံးသွားခဲ့၏။ နှစ်ယောက်လုံးက ပစ္စုပ္ပန် အနေအထားတွင်ပဲ အလိုက်သင့်နေထိုင်သွားရန် သဘောတူခဲ့ကြသည် မဟုတ်လား။ ထိုအစီအစဉ်အား မင်းမြတ်လည်း သဘောကျပါသည်။ ချစ်ရသူနှင့်အတူနေရဖို့ ပြင်ဆင်စုဆောင်းချိန်ရသည်ဟုသာ သဘောထားလိုက်တော့၏။

# အခန်း(၁၀)

လှုပြည်ရောက်တာ ရက်တစ်ရာပြည့်သွားသော ဖော်မင်းသစ်၏ အလှူပွဲလေးကို ကျစ်ကျစ်လစ်လစ်ပဲ ကျင်းပခဲ့သည်။ နှစ်ဖက်ဆွေမျိုး၊ ရွာလူကြီးများနှင့် အိမ်နီးချင်းအချို့ကိုသာ ဖိတ်ကြား၏။

ရောက်ရှိလာသော ဧည့်သည်များမှာ ကလေးချီထားသော မင်းသစ်၏ ဓာတ်ပုံကိုကြည့်ကာ အံ့သြနေကြသည်။ ကလေးမွေးတုန်းကလည်း ကလေးအဖေ မရှိ၊ ရွာကိုလည်း တစ်ခေါက်တစ်ကျင်းမှ ပြန်မလာဘဲ ဓာတ်ပုံအတူတွဲရိုက်ထားသည်ကိုး။ ခပ်ရိုးရိုးဘကြီးတစ်ယောက်က...

'မင်းတို့ ကလေးကို မလေးရှားထိပို့ပြီး ဓာတ်ပုံရိုက်လိုက်တာလား'

ဘကြီး၏မေးခွန်းကို သောသောညံ ရယ်မောခြင်းနှင့် အဖြေပေးလိုက်ကြ၏။ ဆရာ့ဆရာ ဆရာကြီးလုပ်လိုလှသော ဥက္ကဋ္ဌ ဦးအောင်ပွင့်က...

'ဟုတ်မလား အဘရဲ့၊ ဒါ ကွန်ပျူတာဆိုတာနဲ့ လုပ်ထားတာ၊ ကွန်ပျူတာအံ့ဖတ်ဆိုပါတော့'

www.burmeseclassic.com

www.burmeseclassic.com

'အံဖတ် ဟုတ်လား၊ ညစ်ပတ်လိုက်တာကွယ်'

ကျွန်လူများမှာ ရယ်ချင်လှသော်လည်း ဥက္ကဋ္ဌကို ကြောက်ပြီး တခ္စိခ္စိဖြစ်နေကြ၏။

'ဘကြီး နားမလည်ပါဘူး၊ အဲဒါ အင်္ဂလိပ်အခေါ်အဝေါ်လေ၊ သူညီမင်းမြတ်က ကလေးချီပြီး ဓာတ်ပုံရိုက်၊ အဲဒီပုံကို အီးမဲနဲ့ မလေး ရှားပို့လိုက်တာ'

'ဟာ… အောင်ပွဲရာ မင်းဟာက ပိုဆိုးလာပြီ၊ သူများတွေ စားနေသောက်နေတုန်း အီးမဲတွေ အံဖတ်တွေပြောရလား၊ ရွံစရာကြီး ကွာ'

ဥက္ကဋ္ဌ ရှင်းပြတာ အပတ်အလည်သဖြင့် မအောင့်နိုင်ကြတ တသောသော ရယ်ကြတော့၏။ ဥက္ကဋ္ဌ မျက်နှာကြီးမည်းသွားရှာသည် ဒီတော့မှ ဦးဟန်မြတ်က သေချာရှင်းပြပေးရသည်။ ဘကြီး နားမလည် သော ကွန်ပျူတာအဖက်စ်တို့ အီးမေးလ်တို့ မပါစေ ဂရုပြုပြောပြ၏။

'ဒီလိုပါ ဘကြီးရယ်၊ အငယ်ကောင် ကလေးချီပြီး ရိုက်ထာ တဲ့ပုံကို သိပ်မြန်တဲ့ကြေးနန်းနဲ့ ပို့လိုက်တာလေ၊ ပုံကိုကြည့်ပြီး အကြ ကောင်က သူ့ဟာသူ တစ်ယောက်တည်း ကလေးချီထားဟန်နဲ့ ဓာတ် ရိုက် ခေတ်မီနည်းပညာတွေနဲ့ သူ့ညီပုံကိုဖယ်ပြီး သူ့ပုံကို အစားထို လိုက်တော့ ဒီဓာတ်ပုံကိုရတာ ဘကြီးရဲ့'

'ဟူး… သိပ်နားမလည်ပေမယ့် နားလည်ပြီလို့သာ ထာ လိုက်ပါတော့ကွာ၊ အင်း… မသိရင် မှော်ဆရာဖန်ဆင်းထားတ ကျနေတာပဲကွာ'

ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို လိုက်မမီသူများအနေနှင့်တေ အရာရာသည် ထူးဆန်းအံ့သြဖွယ်များသာဖြစ်နေမည်မှာ မလွဲပါ။ ပျ



သို့ပင်ဖြစ်စေ ဤဓာတ်ပုံကြောင့် ငွေမှုံ အလွမ်းဝေဒနာတို့ လျော့ပါး သွားရသည်က အမှန်။

လင်နှင့်သား အတူတွဲရိုက်ထားသော ပုံက မယားအတွက် အားတက်ဖွယ်ပင် မဟုတ်ပါလား။'

ပြင်ဆင်ကျွေးမွေးခြင်း ဟင်းလိုက်ခြင်းတို့ကို အောင်ဘနှင့် သာဂိအားလွှဲထားပြီး မင်းမြတ်တစ်ယောက် မျှော်တော်ဓာနှင့် မောနေ သည်။ ထော်လာဂျီသံကို နားစွင့်နေသည်။

မင်းမြတ် လည်ပင်း ပုံပျက်ပန်းပျက်မဖြစ်ခင် အကြိုလွှတ် ထားသော ထော်လာဂျီသံ ကြားလိုက်ရသဖြင့် ဝမ်းသာအားရနှင့် ခြံဝထွက်ကြိုဆို၏။ မင်းမြတ် ဦးဆောင်ခေါ်ယူလာပြီး အမေတို့ဝိုင်း တွင် နေရာချထားပေးလိုက်၏။

မြင်နေကျ သူနာပြု ယူနီဖောင်းနှင့်မဟုတ်သဖြင့် အမေက ရုတ်တရက် မမှတ်မိရှာ။ မင်းမြတ် ရှင်းပြမှ ပ်တေမိရှာ၏။

'အလိုတော် ဒါ ဆရာမလေးလား၊ လှချက်က ကမ်းကုန်နေ တာကိုး၊ ပြီးတော့ အဖြူအစိမ်းဝတ်လည်း မဟုတ်တော့ မမှတ်မိဘူးပေါ့'

အမေနှင့်ငွေမှုံတို့၏ ရင်းနှီးနွေးထွေးစွာ ကြိုဆိုညှို့ခံမှုကြောင့် ဆောင်းနှင့်ရန့်တို့ ကိုယ့်အိမ်ပြန်လာရသလို ခံစားကြရ၏။

'နောက်ကျလိုက်တာ ဆရာမတို့ရာ၊ ကျွန်တော်ဖြင့် လာမယ် တောင် မထင်တော့ဘူး'

'ဪ… ကိုမင်းမြတ်ကလည်း အဝတ်တွေလျှော် အိမ်သန့် ှင်းရေးလုပ်နဲ့၊ မနက်ခင်းမှာ အလုပ်ရှုပ်နေတာလေ၊ ပြီးတော့ ခရီးက လည်း နီးတာမှ မဟုတ်တာ'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ရောက်အောင်လာတဲ့အတွက် ကျေးဇူးပါပဲဗျာ'

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းနှင့်ရှုံ့ကို ညှော်ခံကျွေးမွေးတော့ အောင်ဘနှင့်သာဂိက တမင်ပင် ဟင်းလိုက်ချိုင့်ကိုင်ပြီး အနားကပ်စောင့်နေကြသဖြင့် မင်းမြတ်မှာ မသိမသာ အရက်ဖိုးထုတ်ပေးကာ ရှောင်နိုင်းရ၏။

အောင်ဘက…

'ဟော့ကောင်… မင်းမြတ် မင်းဆရာမ ရေလည်မှာ ဝွတ် တယ်ကွာ၊ မှုံရွှေရည်နဲ့ လဲမလား၊ အလိုက်ပေးမယ်' ဟု မကြားတကြား ကလိသွားသေး၏။ သားလေးကိုချီရင်း ငွေမှုံနှင့်အတူ ဆောင်းတို့အား ညှော်ခံရသည်။

ထိုအချိန်မှာပင် ဆက်သွယ်ရေးဝန်ထမ်းတစ်ယောက် ကြေး နန်းလာပို့၏။ မင်းမြတ် လက်မှတ်ထိုးယူလိုက်ရင်း ဖတ်ကြည့်လိုက် သည်။ သူ့ရင်ထဲ အိုက်စလန်ကျွန်းမှ မီးတောင်ပေါက်သလို ခံစား လိုက်ရ၏။ ဟန်၊

မျက်စိမျှ ပျက်နေသော မင်းမြတ်ထံ ဦးဟန်မြတ် ရောက် လာသည်။ ကြေးနန်းကို ဆွဲယူဖတ်ကြည့်၏။ အဖေ ယိုင်လဲသွားသဖြင့် မင်းမြတ် ထိန်းထားလိုက်ရ၏။ အားလုံး၏ အကြည့်က မင်းမြတ်တို့ထံ စုပြုံရောက်ရှိနေသည်။ အမေလည်း အနားသို့ ပြေးလာ၏။

'ရှင်တို့သားအဖ ဘာဖြစ်ကြတာလဲ၊ ပြောကြပါဦးတော်၊ ရင်ထိတ်လွန်းလို့'

အမေ့အမေးကို မင်းမြတ် မဖြေနိုင်။ အဖေက အမေ့ကို အားပြု ဖက်တွယ်လိုက်ရင်း…

'သား… သားကြီး မင်းသားကြီး ဆုံး… ဆုံးပြီတဲ့ကွ မြရိရ'

'ဟင်… ဘုရား… ဘုရား…'

အဖေ့စကားကို အားလုံးကြားလိုက်ကြရသည်မို့ အုန်းအုန်း ကြွက်ကြွက် ဖြစ်သွားကြသည်။ မင်းမြတ် ငွေမှုံအား သနားကရုဏာ



သက်စွာ လှမ်းကြည့်လိုက်၏။ ငွေမှုံ ကြောင်တောင်တောင်ဖြစ်နေ သဖြင့် စိုးရိမ်ကာ ပြေးသွားရသည်။ သားလေးကို ဆွဲယူပွေ့ချီထား မိ၏။

'မင်း… မင်းမြတ် ငါ… ငါကြားလိုက်တာ မ… မဟုတ် ဘူး မဟုတ်လားဟင်'

'ငွေမှုံရယ်… ငါ… ငါ ဘယ်လိုပြောရမလဲ၊ အစ်ကိုလေ အစ်ကို အလုပ်ခွင်မှာ ဆယ့်ငါးထပ်က ပြုတ်ကျသွားတာတဲ့'

'ဟီး… ဟီး… ဟီး… မဟုတ်ဘူး၊ မဟုတ်ဘူး၊ ငါ မယုံဘူး၊ အီး… ဟီး… ဟီး…'

မင်္ဂလာအလှူက ရုတ်ခြည်းပင် အမင်္ဂလာအဖြစ် ပြောင်း သွား၏။ ငိုသံယိုသံများ ဆူညံပွက်လောရိုက်သွားသည်။ အမေနှင့်ငွေမှုံ တို့ လူးလိမ့်ပြီး အသည်းအသန် ငိုကြွေးကြသည်။ ဆူညံနေသဖြင့် သားလေးလည်း ထိတ်လန့်ကာ အော်ဟစ်ငိုယိုတော့၏။

မင်းမြတ်လည်း သားငယ်နှင့်အတူ မျက်ရည်ပေါက်ပေါက် ကျအောင် ငိုနေလိုက်မိသည်။ လူမှန်းသိတတ်စမှာပင် ဖခင်မဲ့ရရှာသော တူလေး ဇော်မင်းသစ်အား ပွေ့ချီလျက်နှင့် မင်းမြတ်ပါ ချွံနဲ့ယိုင်လဲ သွားတော့၏။

ကံကြမ္မာအလှည့်အပြောင်းက ရက်စက်လွန်းလှသည်။ လောကဓံတရားက သူ့အားမေ့လျော့နေသော လူသားတို့အား ကိုယ် ထင်ပြသတိပေးခြင်းသာ ဖြစ်တော့သည်လေ။

www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သော အဖြစ်အပျက်တစ်ခုက ဘဝပေါင်းများစွာကို ပြုပြင်ပြောင်းလဲပေးနိုင်စွမ်း ရှိ၏။ ငွေမှုံနှင့် သားလေး ဇော်မင်းသစ် ဘဝမှာ လားရာကို မမှန်းဆနိုင်လောက်အောင် မှုံရီဝေသီသွားခဲ့လေသည်။

ကုမ္ပဏီမှတစ်ဆင့် ကိုမင်းသစ်၏ နောက်ဆုံးလစာနှင့် နစ်နာကြေး ကရုဏာကြေးအဖြစ် ငွေဆယ်သိန်းလာရောက်ပေးအပ်သွားခဲ့၏။ လူတစ်ယောက်အသက်အား ငွေဆယ်သိန်းနှင့် ကြေးဖြတ်ခဲ့တာ ရင်နာ...ပင်။ သို့သော်လည်း ထိုမျှ သိတတ်ပေးဆပ်ခြင်းကိုပင် ကျေးဇူးတင်နေရ၏။

အဖေနှင့်အမေ ဗုန်းဗုန်းလဲသွားသလို ငွေမှုံလည်း လူရုပ်ပင် မပေါ်တော့။ အစားပျက် အအိပ်ပျက် ဖြစ်ရသည့်ကြားထဲ ကလေးက နို့ဆွဲသဖြင့် ဂျုံးဂျုံးကျသွားခဲ့ရ၏။ ငွေမှုံအတွက် ကူဖော်လောင်ဖက်ရအောင် သူ့ညီမ ဖွေးတုတ်ကို ခေါ်ထားရသည်။

တစ်လပြည့် လလည်ဆွမ်းသွတ်အပြီးမှာ မိသားစုရှေ့ရေး ဆွေးနွေးဖြစ်၏။ အဓိကက ငွေမှုံနှင့်သားလေးအတွက်သာဖြစ်သည်။ ငွေမှုံက မိဘအိမ်ပြန်တော့မည်ဟု စကားစ၏။

'လင်သားမရှိတော့ ဒီမှာဆက်နေဖို့ မသင့်တော်ဘူး မဟုတ်လား အမေ၊ ဒါကြောင့် သမီး အိမ်ကိုပဲ ပြန်ပါရစေ'

ငွေမှုံ၏စကားကို အဖေနှင့်အမေက အပြင်းအထန်အကြောက် အကန် ကန့်ကွက်ကြ၏။

'မဟုတ်သေးပါဘူး သမီးရယ်၊ အဖေတို့ သားနဲ့စပ်မှ ချွေးမ တော်ရတယ်ဆိုပေမဲ့ သမီးရင်းလို သဘောထားခဲ့တာလေ၊ ပြီးတော့ ငါ့မြေးလေးရှေ့ရေးကို အဖေပဲ တာဝန်ယူရမှာ မဟုတ်လား၊ ပိုမြဲ ကျားနေမြဲပဲ နေသွားပါ သမီးရယ်'

'ဟုတ်တယ် သမီး၊ သမီးကိုမခွဲနိုင်သလို မြေးလေးကို ခေါ်သွားလို့လည်း မဖြစ်ဘူး၊ သားနဲ့သေကွဲကွဲခဲ့ရတာမှ မကြာသေးတဲ့ အချိန်မှာ သမီးတို့ကပါ ရှင်ခွဲခွဲသွားဦးမယ်ဆိုရင် အမေတို့ကို အသေသာ သတ်သွားပါတော့ကွယ်'

အမေ၏ ရေပိတ်စကားကြောင့် ငွေမှုံမှာ အတွန့်တက်ပြောဆိုဖို့ရာ မစွမ်းသာတော့သဖြင့် သားကိုပွေ့ဖက်မျက်ရည်စက်လက်ကျခြင်းဖြင့်သာ နှုတ်ဆိတ်သွားရရှာသည်။

'ဘာမှပူမနေပါနဲ့ သမီးရယ်၊ သမီးဘဝနဲ့ မြေးလေးရဲ့ဘဝကို အဖေတို့ပဲ တာဝန်ယူမှာမို့လို့ သမီး အိမ်မပြန်ပါနဲ့ကွယ်'

အဖေက အပိချုပ်သော စကားကို အပြီးအပြတ်ပြော၏။ ဒီပွဲမှာ မင်းမြတ် အနေနှင့် ဘာမှပြောဆိုပိုင်ခွင့်မရှိ။

သူ့အနေနှင့် တူလေးကို ချိုပိုးချော့မြူနေရလျှင်ပင် ကျေနပ်နိုင်ပြီဖြစ်သည်။

ထို့ပြင် ဂျူးဒိတ်တစ္ဆေကလည်း မင်းမြတ်အား အချိန်ရတိုင်း ခြောက်လှန့်နေသေး၏။ ကံကောင်းမည့်နေ့ဟု မုသားသုံးကာ ငွေမှုံအား အတင်းကာရော မွေးခိုင်းခဲ့ခြင်းက ဓားမပြစ်မှုကျူးလွန်ထားမိသူလို မလုံမလဲ ခံစားမှုနှင့် အမြဲထိတ်လန့်နေရ၏။

အင်္ဂါနေ့တွင် မမွေးဘဲ သူ့ဂျူးဒိတ်အတိုင်း ဗုဒ္ဓဟူးနေ့မှာ မွေးခဲ့လျှင် ဆောင်းထဲမှ အဖြေမရရုံမှလွဲပြီး ယခုကဲ့သို့ ဥပဒါန်ကြောင့် ဥပါဒ်ရောက်နေရမည်မဟုတ်ပေ။

ဒီကိစ္စကိုတော့ မင်းမြတ် တစ်သက်လုံး ရေငုံနှုတ်ပိတ်၍သာ နေရတော့မည်ဖြစ်သည်။ စိတ်ကျဉ်းကျပ်လာသဖြင့် သားလေးကိုချီပြီး ရွာထဲသို့ ထွက်လာခဲ့၏။ ဆည်းဆာအောက်မှာ ဆင်ဖေ့ရုပ်သည် လွမ်းစရာကောင်းအောင် လှနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရွာက အလယ်တန်းကျောင်းရှေ့ကွက်လပ်တွင် ကာလသားများ ခြင်းခတ်နေကြ၏။ ထိုဝိုင်းတွင် အောင်ဘနှင့်သာဂိတို့ကို တွေ့သဖြင့် အရိပ်ရသော သစ်မြစ်ဆုံတွင် ထိုင်ရင်း ငေးနေမိသည်။

ဘာဆိုဘာကိုမှ မသိတတ်ရှာသေးသော သားလေး ဇော်မင်းသစ်မှာ လက်ခုပ်တီးပြီး အထူးအဆန်း မြင်ကွင်းကို ငေးနေ၏။ အေးချမ်းပျော်ရွှင်နေသော ဇော်မင်းသစ်ဘဝကို အားကျကာ မနာလိုပင် ဖြစ်မိရသည်။

အမောမလုံသော သာဂိက ကစားဝိုင်းမှ စောစီးစွာထွက်လာရင်း မင်းမြတ်နား လာထိုင်ကာ ကလေးကို စနေသည်။ ခဏနေတော့ ကစားဝိုင်း ပျက်သွားပြီး အောင်ဘပါ အနားရောက်လာ၏။

'ဘယ်လိုလဲ မင်းမြတ်၊ လယ်ထဲမသွားဘူးလား'

'အင်း… အိမ်မှာ အခြေအနေက စိတ်မချရသေးဘူးလေ၊ ဖိုးကူးတို့ကိုပဲ တာဝန်ပေးထားရတာ၊ ရိတ်သိမ်းချိန်နီးနေပြီဆိုတော့ ပိုးမကျအောင် ဂရုစိုက်ရမယ့်ကာလမှာ ဘာမှ အာရုံမစိုက်နိုင်ပါဘူးကွာ'

'အေးပေါ့၊ ဖိုးကူးတို့လည်း စိတ်ချရပါတယ်ကွာ၊ ဒီအချိန်မှာ မင်းမိဘတွေ လဲမသွားဖို့က ပိုပြီးအရေးကြီးတာ မဟုတ်လား'

'ဟုတ်တယ် သာဂိ၊ ဒါကြောင့် ငါလည်း ဘယ်မှမထွက်နိုင်ဘဲ အိမ်မှာပဲ နေနေရတာ၊ ဆရာမလေးနဲ့ မတွေ့ရတာတောင် ကြာပေါ့'

'အောင်မလေးကွာ၊ အရေးထဲ အရာပေါ်နေသေးတယ်'

'ဒါက သဘာဝလေကွာ၊ သတိရတာကို ငါက ဘာတတ်နိုင်မှာလဲ၊ ဒါနဲ့ အောင်ဘ မင်းတို့အခြေအနေကော အိုကေပဲလား'

'အင်း… အခြေအနေ မကောင်းပါဘူးကွာ၊ သူ့အိမ်က ရိပ်မိ



နေတော့ သဘောမတူတဲ့အသံတွေ ထွက်နေတယ်ကွ'

'အဲဒါကြောင့် ငါပြောတာ နိုးပြေးလို့'

'နေစမ်းပါ သာဂိရာ၊ အဲဒါက နောက်ဆုံးအဆင့်မှ လုပ်ရမှာ'

အောင်ဘက စိတ်ညစ်သည့်လေသံနှင့်ပြောရင်း ကလေးကို လှမ်းယူချီပိုးကာ ချော့မြှူသည်။

'ဟေ့ကောင်ကြီး ဝတုတ်နေတာပဲကွာ၊ ဘာတွေ စားလို့လဲဟ၊ ဘယ်သူ့အားကိုးနဲ့ ဒီလောက်ထွားနေရတာလဲ ဟား… ဟား… ဟား…'

ထိုအခါမှ သတိရသွားဟန်နှင့် သာဂိက မေး၏။

'မင်းမြတ် ဒီကလေးကို မင်း ဖွတ်မွေးခိုင်းခဲ့တာဆို၊ အဲဒီကိစ္စ ငွေမှုံ သိလား'

'ဟား… သိလို့ဖြစ်မလားကွ၊ လုံးဝမဟာရဲဘူး၊ ဒီရွာမှာ မင်းတို့နှစ်ယောက်ပဲ သိတာ၊ ယောင်လို့မှ မဟာမိစေနဲ့နော်'

'အေးပါကွာ၊ ပြောလို့ဖြစ်မလား၊ စိတ်အနာရနေတဲ့ ငွေမှုံ တစ်သက်လုံး စိတ်ဆင်းရဲသွားမှာပေါ့၊ ဟုတ်တာ မဟုတ်တာ အသာထား၊ လူကြားလို့မကောင်းဘူး၊ ကံကောင်းတဲ့ သားလေးဖြစ်အောင် မင်းရဲ့တိုက်တွန်းမှုနဲ့ ဖွတ်မွေးခဲ့ပြီးမှ လင်ပါသေရတဲ့အဖြစ်လေ'

'ကဲပါ သာဂိရာ၊ တောစကားတောပျောက်၊ ဘာမှပြောမနေကြနဲ့တော့'

'တစ်သက်တာ ထိပ်တန်းလျှို့ဝှက်ကိစ္စအဖြစ် ဝိုင်းဝန်းထိန်းသိမ်းပေးဖို့ ငါ တောင်းဆိုပါရစေကွာ'

'စိတ်ချပါ မင်းမြတ်ရာ၊ ဒီကိစ္စက ပြောစရာလား၊ ဒီကောင်သာ အရက်မူးပြီး ကျွဲနိုးပေါ်မှာ'

www.burmeseclassic.com

'ဟော့ကောင် အောင်ဘ၊ မတရားမပြောနဲ့၊ အရက်နဲ့ပိတ်တဲ့ ပါးစပ်က ပိုလုံတယ်၊ သိရဲ့လား'

နှစ်ကောင်သား ဒေါနှင့်မောနှင့် ပြောနေကြသဖြင့် ကလေး ကလန့်ပြီး ငိုတော့၏။ အောင်ဘလက်မှ ကလေးကို လှမ်းယူကာ ချော့မော့ရင်း မင်းမြတ် အိမ်ပြန်ရတော့သည်။

❀

ဆေးရုံဝင်းထဲမှ စားသောက်ဆိုင်လေးထဲတွင် မျက်နှာချင်း ဆိုင်ထိုင်ရင်း မင်းမြတ်မှာ ဆောင်း၏ မျက်နှာလေးကို မချင့်မရဲကြည့် နေရှာ၏။

'သုံးလတောင် ဟုတ်လား ဆောင်း'

'ဟုတ်တယ် ကိုမင်း၊ သိပ်အဝေးကြီးလည်း မဟုတ်ပါဘူး၊ တောင်ငူတင်ပါ၊ မွမ်းမံသင်တန်းလေ'

'သင်းရန့် မပါဘူးဆိုတော့ ဆောင်း တစ်ယောက်တည်း ပေါ့'

'ဘာဖြစ်လဲ ကိုမင်းရယ်၊ တောင်ငူဆိုတာ ကိုယ့်မြို့ပဲပေါ့၊ ဟိုမှာ အဖေကော အမေပါ ရှိတာလေ၊ အိမ်ပြန်ပြီး ကျောင်းတက်ရ သလိုပဲဟာကို'

'သိပ်ပျော်နေတယ်ပေါ့၊ ဟုတ်လား ဆောင်း'

မကြည်မသာ မျက်နှာနှင့် လွမ်းလွမ်းဆွေးဆွေး လေသံ ကြောင့် ဆောင်းက

'မိဘတွေနဲ့ အတူပြန်နေခွင့်ရတာ မပျော်ရဘူးလား ကိုမင်း ရယ်'



'အဲလိုသဘောပြောတာ မဟုတ်ပါဘူး၊ ကိုယ် အရမ်းလွမ်းပြီး ကျန်ခဲ့မှာ'

'ကိုမင်းရယ် ဆောင်း ဒီမှာရှိနေတော့လည်း နေ့တိုင်းတွေ့ခွင့် ရတာမှ မဟုတ်ဘဲ၊ အလကား ပိုနေသည်းနေတာ သွားရမယ့်သူ စိတ်မဖြောင့်အောင်'

'ကဲပါ၊ ကဲပါ၊ ထားလိုက်ပါတော့၊ ဟိုကဖုန်းနံပါတ်ပေး'

'မသိသေးဘူးလေ ကိုမင်းရဲ့၊ ဟိုရောက်မှ ဖုန်းဆက်လှမ်း ပြောပေးမယ်'

'ပြီးရော… ပြီးရော'

လူကြီးတန်မဲ့ စိတ်ကောက်နေသော မင်းမြတ်ကို ဆောင်းက မြတ်နိုးစွာ ကြည့်နေမိသော်လည်း ရယ်ချင်စိတ်ကို ထိန်းမရသဖြင့် ပြုံးစိစိဖြစ်နေ၏။

ထိုအခိုက် သင်းရန့် ရောက်လာသည်။

'အင်း… ထင်တော့ ထင်သား၊ မနေ့က ကျီးတွေသာပါတယ် လို့'

'ဟင်း… ဟင်း… ထိုင် ရန့်၊ ဘာသောက်မလဲ၊ မှာလိုက် ပြီးတော့ သင်တန်းအတူတူတက်ခွင့်ရအောင် ကြိုးစားကြည့်ပါလား၊ ဆောင်းကို စိတ်မချလို့'

'အလိုတော်… တက်စရာလား၊ သင်တန်းတက်တယ်ဆိုတာ ပိုက်ဆံဘယ်လောက်ကုန်တယ်မှတ်နေလဲ၊ ပြီးတော့လည်း ဘာမှ စိတ် မချစရာမရှိဘူး၊ သူ့အိမ်သူပြန်ရတဲ့ဟာကို'

'အေးလေ ရန့်ရယ်၊ ငါလည်း ဒါပဲပြောနေတာ'

'ကဲပိုလုပ်နေတာလား ကိုမင်းမြတ်၊ စိတ်မချရင် တစ်ခါ တည်း လိုက်သွား၊ တောင်းရမ်းလက်ထပ်လိုက်ပြီးရော'

www.burmeseclassic.com

www.burmeseclassic.com

'လက်ထပ်ချင်တာပေါ့ဗျာ၊ အိမ်မှာ နာရေးဖြစ်ထားတာ မကြာသေးတော့ မကောင်းတတ်လို့ ငြိမ်နေရတာ'

'အဲ… ဟုတ်ပါရဲ့၊ ဒါနဲ့ မငွေမှုံရော အဆင်ပြေရဲ့လား၊ နေကောင်းရဲ့လား'

'ကောင်းပါတယ် ဆောင်း၊ ဒါပေမဲ့ အစ်ကိုမရှိတော့ဘူးဆိုတော့ ငွေမှုံ အိမ်မှာ မနေချင်တော့တဲ့ပုံပဲ၊ အဖေနဲ့အမေကလည်း ငွေမှုံနဲ့မြေးကို မခွဲနိုင်၊ အတင်းဆွဲ၊ သူ့မြေးဘဝသူပဲစောင့်ရှောက်မယ် ဆိုပြီး ဖွတ်တားထားလို့သာ'

'အင်း… ငွေမှုံနဲ့ ကလေးလေး သနားစရာကောင်းလိုက်တာ ကိုမင်းမြတ်ရယ်'

'ဟုတ်တယ် ရန့်၊ ကျွန်တော်က သားလေးကို ပိုသနားမိတာ၊ ကလေးက ဖအေကို မြင်တောင်မမြင်ဖူးလိုက်ရှာဘူးလေ'

'ပြီးတော့ မငွေမှုံက ငယ်ငယ်ချောချော ချစ်စရာလေး၊ တစ်ချိန်ချိန်မှာ သူ အိမ်ထောင်ပြုဦးမှာပဲ'

'အဲဒါ သူ့လွတ်လပ်ခွင့်လေ ဆောင်းရဲ့၊ သူနောက်အိမ်ထောင်ပြုတာ ကန့်ကွက်စရာမရှိပေမယ့် အဖေနဲ့အမေက ကလေးကို ထည့်မှာမဟုတ်ဘူး'

'ဒါပေါ့၊ မြေးအနှစ်လေ၊ ပြီးတော့ ဖတာဆိုးလေးမဟုတ်လား၊ အသည်းပေါက်အောင် ပုံချစ်နေရှာမှာပေါ့'

'စိတ်ရှုပ်ပါတယ် ဆောင်းရယ်၊ ငွေမှုံသာ အိမ်ထောင်ပြုသွားရင်တော့ ပြဿနာတွေက ရှင်းမထိဖြစ်ကုန်မှာ'

'သိပ်လည်း စိတ်ပူမနေပါနဲ့ ကိုမင်းရယ်၊ ဆောင်းတို့လက်ထပ်ပြီးရင် သားလေးကို မွေးစားလိုက်မယ်လေ'

'ဟာ… ကောင်းတယ် ဆောင်း၊ ကောင်းတယ်၊ ဒီလောက်



အဆင်ပြေတဲ့ကိစ္စ ကိုယ် မတွေးမိဘူးကွာ၊ ဆောင်းက သိပ်တော်တာပဲ'

'အောင်မလေး ဖြစ်နေလိုက်ကြတာ၊ ဒါ ဆေးရုံရှင့် ဆေးရုံ၊ စိတ်ထိန်းဦး'

မင်းမြတ်က အားရဝမ်းသာနှင့် ဆောင်း၏လက်အစုံကို ဆွဲယူလှုပ်ရမ်းနေသဖြင့် အမြင်မတော်သော ရန့်က ဝင်ပြောလိုက်ခြင်းဖြစ်၏။

ထိုအခါမှ မင်းမြတ်လည်း အမူအရာမပျက်အောင် ထိန်းရင်း ဆောင်း၏လက်ကို လွှတ်လိုက်ရသည်။

'ကဲ… ကဲ… ဒီလောက်တောင် ကဲနေသည်းနေရင်လည်း သင်တန်းပြီးတာနဲ့ လက်ထပ်လိုက်ကြတော့'

'အဟင်း… အခါပေးကောင်းတဲ့ ရန့်ရဲ့ အကြံအတိုင်း လိုက်နာပါ့မယ်ဗျာ'

'အောင်မလေးလေး လိမ္မာကျိုးနွံနေလိုက်တာနော်'

'ကဲ… ဆောင်း သင်တန်းသွားတဲ့နေ့ ကိုယ်လိုက်မပို့နိုင်တော့ဘူး၊ မနက်ဖြန်ကစပြီး စပါးတွေသိမ်းရတော့မှာ၊ ခုပဲ တစ်ခါတည်း နှုတ်ဆက်ခဲ့မယ်နော်၊ ဟိုရောက်ရင် ဖုန်းနံပါတ် လှမ်းပြောဖို့လည်း မေ့မနေနဲ့ဦး'

'အင်းပါ ကိုမင်းရဲ့၊ ကဲ… သွားတော့၊ ဆိုင်ကယ် သတိထားပြီး စီးနော်'

မင်းမြတ် ခေါင်းညိတ်ပြုံးပြရင်း ဆိုင်ကယ်ခွလိုက်စဉ် အမှားသို့ မာမူကြီးရောက်လာ၏။

'ဟရေး… ကန်ကလေး နှင် တအားလန်းနေပါလား၊ နှင်လန်းတယ်နော်၊ ငါလည်း လန်းချင်တယ် ကန်ကလေး'

www.burmeseclassic.com

www.burmeseclassic.com

'လန်းရမယ် မာမူ၊ လန်းရမယ်၊ ကဲ··· ရော့'

မင်းမြတ်က မာမူအား ငွေနှစ်ထောင် အရက်ဖိုးပေးလိုက်မှ မာမူ အမှန်တကယ် လန်းသွားရှာ၏။ အထပ်ထပ် ဆလံပေးရင်း ရင်ခွဲရုံဆီ ထွက်ခွာသွားတော့သည်။

မင်းမြတ်လည်း ဆောင်းနှင့် ရန့်အား နှုတ်ဆက်ထွက်လာခဲ့၏။

❀

## အခန်း(၁၁)

သားလေး မနားမနေ ငိုယိုနေသဖြင့် ရွာထဲမှ ဗိန္ဓောဆရာလှအား အပြေးအလွှား သွားပင့်ခဲ့ရသည်။ အဖေ၊ အမေနှင့် ငွေမှုံတို့ စိုးရိမ်ပူပန်စွာဖြင့် သားကို ဝိုင်းကြည့်နေကြ၏။

ဆရာလှက မုံညှင်းဆီနှင့် ဆေးမှုန့်များ သမအောင် မွှေကာ ကလေးရင်ခေါင်းဆီမှစ၍ ဝမ်းဗိုက်အား သပ်ချပေး၏။ လေဆေးကို ရေကျက်အေးနှင့် ဖျော်၍တိုက်၏။

'မပူပါနဲ့ဗျာ၊ လေထတာပါ၊ ကလေးအမေ လေစာတွေ မစားနဲ့'

'ဟုတ်ကဲ့ ရှင့်'

ဆေးတိုက်ပြီးတော့ ကလေးကို အနှီးနှင့်ထွေး၍ ငွေမှုံလက်ထဲ ထည့်ပေးလိုက်၏။ ငွေမှုံက ကလေးကို ပေါင်ပေါ်တင်ချော့ရင်း နို့ချို တိုက်ပြီး သိပ်နေသည်။

'ကလေး ဝမ်းသွားလိမ့်မယ်၊ စိတ်မပူနဲ့၊ ဟုတ်လား၊ လူးဆေးလေးသာ မှန်မှန်လူးပေး၊ သက်သာသွားလိမ့်မယ်၊ ဟုတ်ပြီလား'

'ဟုတ်ကဲ့၊ ကျေးဇူးပါပဲ ဆရာရယ်'

www.burmeseclassic.com

www.burmeseclassic.com



ဆရာပြန်သွားတော့ အဖေက မင်းမြတ်အား ကလေးကို ဂရုစိုက်ရန် မှာပြီး လယ်ထဲဆင်းသွား၏။ ရိတ်သိမ်းချွေလှေ့စက်များနှင့် လုပ်ကြကိုင်ကြရသည်မို့ စောင့်ကြည့်ရှုမျှသာမို့ မင်းမြတ်လည်း မတားတော့။

မကြာခင် ကလေးအိပ်ပျော်သွားသဖြင့် မင်းမြတ်က ပွေ့ချီကာ ပုခက်ထဲ ရွှေ့ပေးရ၏။ တစ်ညလုံး အိပ်ရေးပျက်ခဲ့သော ငွေမှုံနှင့် အမေအား အိပ်နိုင်းပြီး မင်းမြတ် ပုခက်လွှဲပေးနေလိုက်သည်။

အမေနှင့်ငွေမှုံ ဘုရားစင်ရှေ့မှာ ယှဉ်၍ လှဲနေကြ၏။ မင်းမြတ် ကရုဏာသက်စွာနှင့် ငွေမှုံကို လှမ်းကြည့်မိသည်။ အိပ်ရေးပျက်ပြီး နွမ်းနယ်နေသော်လည်း ငွေမှုံမျက်နှာနုနုလေးက လှပနေဆဲ ဖြစ်၏။ ဆောင်းနှင့်ရန်နှံ့တို့မှတ်ချက်ကို ပြန်ကြားပြီး မျက်နှာလွှဲလိုက်ရသည်။

'နှင်ဘ၀ သာယာဖြောင့်ဖြူးပါစေ ငွေမှုံရယ်၊ ငါ့အနေနဲ့ကတော့ ဝိုင်းဝန်းပံ့ပိုးစောင့်ရှောက်ရုံပဲ တတ်နိုင်တော့တယ်ဟာ'

အတွေးထဲမှာ တီးတိုးတောင်းပန်ရင်း ပုခက်လွှဲပေးနေရာမှ မင်းမြတ်လည်း ငိုက်လာပြီး မှေးခနဲ အိပ်ပျော်သွား၏။ မည်မျှကြာသွားသည်မသိ။ ကလေးငိုသံကြားမှ လန့်နိုးရသည်။

ပုခက်ထဲ ငုံ့ကြည့်တော့ ငိုနေရင်းနှင့် ပြုံးပြသော ကလေးကို တွေ့ရ၍ ကောက်ချီလိုက်သည်။ ချီပြီးမှ ကလေး အီးတွေပါထားတာ သိလိုက်ရသည်။

'ဟာ… သားလေး အီးအီးတွေ ပါထားတာကိုးကွ၊ ဒုက္ခပါပဲ'

မင်းမြတ်၏ ညည်းညူသံကြောင့် ငွေမှုံ နိုးလာ၏။

'မင်းမြတ် သား ဘာဖြစ်လို့လဲ'

'အီးတွေ ပါထားလို့ဟ'

'ဟယ်… ဟုတ်လား၊ ပေး… ပေး… ပေး…'

ငွေမှုံ ပြေးလာပြီး ကလေးကိုပွေ့ယူ၏။ မင်းမြတ်လည်း ကလေးကို ဆေးကြောသုတ်သင်ပေးနိုင်ရန် ရေခပ်ပေး ကူညီလုပ်ကိုင်ပေးနှင့် အလုပ်များသွားရသည်။ ကလေးမှာ လေနာသက်သာသွား၍လား မပြောတတ်။ ကြည်သာရွှင်ပျစွာနှင့် ချစ်စရာကောင်းအောင် ပြုံးပြနေသဖြင့် ငွေမှုံနှင့် မင်းမြတ် မချင့်မရဲ ဖြစ်ပြီး ပြိုင်တူငုံ့နမ်းမိလိုက်ကြသည်။

ထိုအခါ ငွေမှုံနှင့်မင်းမြတ် နဖူးချင်းဆောင့်မိသွား၏။ ကြည်နူးစွာ ရယ်မောလိုက်ရင်း မင်းမြတ်က ငွေမှုံ့နဖူးကို ပွတ်သတ်ပေးပြီး…

'ဥုံဖွ… ဥုံဖွ… အီးတုန်း မတ်တတ်ထ ဟား… ဟား… ဟား…'

ထိုမြင်ကွင်းကို အိမ်ဝမှ လူနှစ်ယောက် လှမ်းကြည့်နေသည်ကို မင်းမြတ်တို့ သတိမပြုမိလိုက်ကြ။ ချောင်းဟန့်သံကြားမှ လှည့်ကြည့်ဖြစ်ကြ၏။ မင်းမြတ်လည်း အံ့သြပြီး မျက်နှာပျက်သွား၏။ တွေ့လိုက်ရသည်က ငွေမှုံ၏အမေ ဒေါ်ငွေရီနှင့် အစ်မအေးညိုတို့ ဖြစ်နေသည်လေ။

'ဟယ်… အမေတို့ပါလား၊ လာ… လာလေ အမေ အိမ်ပေါ်တက်'

'ဟုတ်ပါတယ် အိမ်ပေါ်တက်ပါဦး ဒေါ်လေး၊ အစ်မလည်း လာလေ'

ဒေါ်ငွေရီနှင့်အေးညိုတို့ မကြည်မသာနှင့် အိမ်ပေါ်တက်လာကြ၏။

'အမေ့မြေးလေး လေထိုးလို့ တစ်ညလုံး မအိပ်ရဘူး၊ ခုမှ ငြိမ်းသွားပြီး သက်သာသွားတာ အမေရဲ့'

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ပ ဒေါ်လေးရယ်၊ ငိုသံကြားလို့ ကောက်ချိုလိုက်တော့ အီးတွေပေပွနေကာလေ၊ ခုပဲ သန့်ရှင်းရေးလုပ်ပေးနေကြတာ၊ အဟဲ… ထိုင်ကြဦးနော်၊ ကျွန်တော်လည်း ရေသွားချိုးလိုက်ဦးမယ်'

မင်းမြတ် အိမ်အောက်ဆင်းရင်း ရှောင်ထွက်လာခဲ့၏။ အမှန် တကယ်လည်း ရေချိုးဖို့ လိုအပ်နေပြီလေ။ စောစောက ငွေမှုံ နဖူးပွတ် ပေးနေတာ ဒေါ်လေးတို့ မြင်သွားမှာပဲဟုတွေးရင်း စိတ်မသက်မသာ ဖြစ်မိသည်။ အချိန်ဆွဲ ရေချိုးရင်း ပြန်တက်လာတော့ ခမည်းခမက် တွေ စကားကောင်းနေတာ တွေ့ရ၏။ အဝတ်အစားလဲပြီး ပြန်ထွက် လာတော့ ဒေါ်လေးပြောသည့် စကားကြောင့် မင်းမြတ် စိတ်မောသွား ရသည်။

'အဲလိုလည်း မဟုတ်ဘူးလေ မြရီရယ်၊ ညည်းတို့ရဲ့သား သူ့လင်သားမရှိမှတော့ ဒီမှာဆက်နေလို့ မသင့်တော်ပါဘူးကွယ်၊ ပြီး တော့ ညည်းရဲ့သားငယ်ကလည်း လူပျိုလူလွတ်လေး မဟုတ်လား၊ မတော်တရော် ပြောကြဆိုကြ မေးငေါ့ကြမှာ မကြားပါရစေနဲ့'

'မဟုတ်သေးပါဘူး မငွေရီရယ်၊ ဘယ်သူက ဘာပြောကြ လို့လဲ၊ ကျုပ်တို့မှာ ညည်းသမီးကို ချွေးမလို ဆက်ဆံနေတာ မဟုတ် ဘူး၊ သမီးအရာ ထားတာ၊ မြေးလေးဆိုလည်း ချစ်လိုက်ရတာတဲ့လို့ ငါ့သားကလည်း ငွေမှုံကို အစ်မလို သဘောထားတာပါအေရယ်'

'ဒါတွေ မသိလို့မှ မဟုတ်ဘဲအေ၊ နေလို့မသင့်တော်တော့ ပါလို့ ပြောနေရင် သဘောပေါက်မှပေါ့၊ ငါ့သမီးက မုဆိုးမဖြစ်နေ လေ၊ သူများလက်ညှိုးထိုးတော့ မခံနိုင်ဘူး'

'ဟုတ်ပါတယ်၊ သမီး အိမ်မှာပဲ ပြန်နေပါရစေ၊ ခွင့်ပြု နော် အမေ'

ငွေမှုံကပါ ဝင်ပြောလာတော့ အမေ တွေသွားသည်။ သို့သော်



မြေးလေးကို တစ်ချက်လှမ်းကြည့်ပြီး မလျော့သောစွဲနှင့် ပြောပြန် သည်။

'မဟုတ်သေးပါဘူးအေ၊ ညည်းတို့မှာ ကြောတောက်နောက်ခံ လည်းမရှိဘဲနဲ့ ငွေမှုံနဲ့ငါ့မြေးလေး ပင်ပန်းဆင်းရဲကြမှာပေါ့၊ ငွေမှုံနဲ့ မြေးလေးတာဝန်က ကျုပ်တို့တာဝန်ပါအေ၊ ကျုပ်သားနဲ့ ညားခဲ့ကြ တာပဲ မဟုတ်လား'

'ကျုပ်တို့ မြရီလောက် မချမ်းသာပေမယ့် လုပ်တတ်ကိုင် တတ်ပါတယ်၊ ဒီရွာမှာ တစ်ဝမ်းတစ်ခါးက မခက်ပါဘူး၊ ခုဟာက မသင့်တော်လွန်းလို့ ပြောနေရတာပါ'

နှစ်ဖက်မိဘတို့ အနိုင်ကြဲနေရာသို့ မင်းမြတ် ဝင်မပြောသာ ဖြစ်နေရသည်။ အဖေ့ကို ပြေးခေါ်ရကောင်းမလားဟု တွေးမိသေး၏။ ကလေးက မင်းမြတ်အား လှမ်းကြည့်ရယ်ပြရင်း ကျောကော့ထိုးနေ သည်မို့ တူလေးကို ကောက်ချီချော့မြူရသေး၏။

'တစ်ရွာတည်းနေ နေကြတာပဲ အမေရယ်၊ အမေ့မြေးကို လွမ်းတော့လည်း လာခေါ်ပေါ့၊ သမီးလေ အမေ့မြေးအတွက် ခုတည်း က အလုပ်လုပ်ချင်လို့ပါ'

'အလုပ်လုပ်စရာမလိုပါဘူး ငွေမှုံရယ်၊ ငါတို့တာဝန်ထားပါ ဆိုနေမှဟာကို'

'ကဲ… မြရီ ရှည်ရှည်ဝေးဝေး ပြောမနေပါနဲ့တော့၊ ကလေး က ကျုပ်တို့နှစ်ယောက်ရဲ့ မြေးပါ၊ ကလေးအတွက် တာဝန်ယူတာ မပြောသာပေမယ့် ငွေမှုံကတော့ မိဘအုပ်ထိန်းမှုအောက်မှာပဲ ရှိမှဖြစ် မှာ၊ ကျုပ် ခေါ်သွားပါရစေ၊ ကဲ… ငွေမှုံ အဝတ်အစားပြင်ချည်'

ငွေမှုံက အမေ့ကို လှမ်းကြည့်ပြီး အိမ်ထဲဝင်သွား၏။ အမေ ဘာမှမပြောဘဲ မျက်နှာလွှဲနေလိုက်၏။ ဒါ အရှုံးပေး ခွင့်လွှတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com

သည့်သဘောသာ ဖြစ်မည်။ မင်းမြတ်မှာ ချီထားသော သားလေးကို အားပါးတရ နမ်းရှိုက်ပြီး အေးညိုလက်ထဲ ထည့်ပေးလိုက်၏။

ပြီးတော့ ကလေးအဝတ်အစား အနှီး အသုံးအဆောင်ပစ္စည်းများ ဆေးများကို စုစည်းပေးထားလိုက်၏။ ငွေမှုံ သေတ္တာတစ်လုံးဆွဲ၍ ထွက်လာသည်။

အမေ့ကို ထိုင်ကန်တော့သည်။

'သမီးရင်းလို စောင့်ရှောက်ပေးခဲ့တဲ့ ကျေးဇူးကို တစ်သက်မမေ့ပါဘူး အမေ၊ သမီး သွားမယ်နော်'

အမေက မင်းသစ်အတွက် ရထားသော ငွေဆယ်သိန်းထုပ်ကို ငွေမှုံအားပေးရင်း အိမ်ထဲဝင်သွားတော့၏။

'မင်းမြတ် ငါ သွားမယ်နော်၊ အမေ့ကို နားလည်အောင် ရှင်းပြလိုက်ပါ'

'အေးပါ၊ အေးပါ၊ မြန်မြန်သွားကြ၊ ကလေး နေပူဦးမယ်'

ငွေမှုံတို့မိသားစု ခပ်သုတ်သုတ် ဆင်းသွားကြသည်။ ကလေးက မင်းမြတ်အား ပြုံးရယ်ပြနေသေး၏။ မင်းမြတ် မျက်နှာလွှဲလိုက်ရသည်။ အားလုံးထွက်သွားကြသောအခါ အိမ်သည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်ကျန်ခဲ့တော့၏။

မင်းမြတ် စိတ်ပျက်လက်ပျက်နှင့်လှဲအိပ်နေလိုက်သည်။ ရုတ်တရက် အစ်ကို့အား လွမ်းလွမ်းဆွေးဆွေး သတိရမိ၏။ 'အသေဖော်လိုက်တာ အစ်ကိုရယ်' အတွေးတွေ ဟိုရောက်ဒီရောက်နှင့် စိတ်ဂဏာမငြိမ် ဖြစ်နေခိုက်…

'ငါ့မြေးရေ အဘိုးပြန်လာပြီ'

အဖေ့အသံကြားတော့ အဖြစ်ကို ပြောမပြရက်သဖြင့် အိပ်ချင်ယောင်ဆောင်နေလိုက်၏။



'ဟ… တစ်အိမ်လုံး ဘယ်ရောက်နေကြတာလဲ၊ မြေးလေးရေ… ငါ့မြေး အဘိုး ပြန်လာပြီ၊ ထွက်ကြိုပါဦးဟ ငါ့မြေးရဲ့'

မြေးလေးအစား အမေ ထွက်လာပုံရ၏။

'အော်မနေနဲ့၊ ခေါ်မနေနဲ့တော့ သူ့အမေလာခေါ်လို့ ငွေမှုံတို့အိမ်ပြန်သွားကြပြီ၊ ဘယ်လိုမှ တားမရဘူး'

'ဘာ… ဒါ… ဒါဆို ငါ့မြေးကော'

'အမေ သွားမှတော့ ကလေးကိုထားခဲ့မလားရှင်'

'ဟား… ဟာကွာ၊ မင်းတို့ကလည်း တားထားကြတာမဟုတ်ဘူး၊ မဖြစ်ပါဘူး၊ ငါ သွားခေါ်မယ်'

'ခေါ်မနေပါနဲ့တော့၊ ပြန်လိုက်မှာလည်း မဟုတ်ဘူး၊ သူတို့သဘောက မုဆိုးမသူ့သမီး အပြောအဆိုခံရမှာစိုးလို့ အစ်ကိုပြီးတော့ ညီကို တွယ်ကပ်မျှော်မှန်းနေတယ် ထင်မှာစိုးနေကြတာ၊ သူတို့ပြောတာလည်း ဟုတ်တာပဲ၊ သားမရှိတော့တဲ့အတွက် ဆက်နွယ်မှုက ပြတ်သွားပြီ'

အဖေ အရုပ်ကြိုးပြတ် ထိုင်ချလိုက်ပုံရ၏။ အိမ်က သိမ့်ခနဲတုန်သွားသည်။

'ဒါဆိုလည်း မြေးလေးကို ခေါ်ထားလိုက်ပါလား မြရီရာ'

'နို့မှမပြတ်သေးတဲ့ဟာကို တော်ကလည်း'

'ခက်လိုက်တာဟာ၊ ခက်လိုက်တာ၊ ငါ့မြေး မရှိရင် ငါ နေနိုင်ဘူး'

'ကျုပ်လည်း မနေတတ်ဘူး၊ ဒါပေမဲ့ အဲဒီသံယောဇဉ်ပြတ်ကို ရအောင်ဖြတ်၊ အဲဒါပဲ ရှိတော့တယ်၊ ကိုယ့်စိတ်ကိုယ်ထိန်း'

စကားသံများ တိတ်သွား၏။ မင်းမြတ် အသာအယာ မျက်လုံးဖွင့်ကြည့်လိုက်သည်။ အမေက ပြောင်းဖူးဖက် ဆေးလိပ်အား မီးညှိ

www.burmeseclassic.com

ထောင်းထောင်းထအောင် ဖွာရှိုက်နေ၏။ အဖေက မဖြုတ်ရ မသိမ်းရ သေးသော စောင်ပုခက်လေးကို တွေတွေကြီး စိုက်ကြည့်နေရှာသည်။ မင်းမြတ် သက်ပြင်းကိုသာ ချလိုက်ရတော့၏။

ဖုန်းကို ချလိုက်ပြီး ကုန်စုံဆိုင်ထဲမှ ပြန်ထွက်လာခဲ့၏။ ဆောင်းထံမှ ဖုန်းကိုလာစောင့်ပြီး အခြေအနေအကျိုးအကြောင်း ဆက် သွယ်ပြောဆိုကာ ဖုန်းနံပါတ်ပေးတာမှတ်ပြီး စကားဖြတ်ခဲ့သည်။ စိတ် ထဲမှာ မကြည်မသာ ဖြစ်နေ၍ ဆောင်းနှင့်ပင် ဟက်ဟက်ပက်ပက် စကားပြောချင်စိတ် မရှိခဲ့။

ရောက်လက်စနှင့်မို့ ကျင်တိတ်ရုံရှေ့မှ လက်ဖက်ရည်ဆိုင်သို့ ဆက်လျှောက်လာခဲ့သည်။ ညနေစောင်းပင်ရှိသေးသော်လည်း သာ ကို သူ၏အမှတ်တံဆိပ် ဖြစ်သော ပါဝါပုလင်းနှင့်အတူ တွေ့ရ၏ မင်းမြတ် ဝင်ထိုင်လိုက်သည်နှင့် သာဂိက ဝန်းကျင်ကို လျှပ်တပြက် အကဲခတ်ပြီး တီးတိုးလေသံနှင့် ထူးခြားသတင်းအား အရေးတကြီး ပြောပြလေသည်။

'ဟေ့ကောင်... ဒီည သူခိုးကြီးညကွ'

'ခုမှ သီတင်းကျွတ်ရှိသေးတဲ့ဟာကို'

'အဲဒါ ပြောတာ မဟုတ်ဘူး၊ အောင်ဘာ ဒီည ထုံဝေစည် ခိုးမှာ'

'ဟေ... ဟုတ်လား၊ အားလုံး စီစဉ်ပြီးပြီလား'

'အေး... စီစဉ်ပြီးပြီ၊ ခုပဲ မင်းကို လာခေါ်တော့မလို့'

'ငါ ဘာကူညီပေးရမလဲ'



'ဒီည ဆယ့်နှစ်ခွဲမှာ ချန်ဝီယံလိဂ်ဘောလုံးပွဲကြည့်ရင်းနဲ့ ကူညီ ရုံပဲ'

'ဘာတွေလဲ သာဂိရာ'

'အိုင်ဒီယာ အသစ်တွေပေါ့ကွာ၊ ဆယ့်နှစ်နာရီမှာ ထုံဝေစည် ကို ခိုးပြီး ဆယ့်နှစ်ခွဲမှာ ဘောလုံးပွဲကြည့်မယ်၊ ယောက္ခမကြီးကို မျက် လှည့်ပြမလို့'

'ဟား... အစီအစဉ်တွေကတော့ ကောင်းနေပြီ'

'ကိုယ်တိုင် ပါဝင်ကပြရင် ဒီထက်ကောင်းပြီး ရင်ခုန်ရမှာ'

'အိုကေကွာ၊ အစအဆုံးဝင်ပါမယ်'

လမိုက်ညမို့ တစ်လောကလုံး ပိန်းပိတ်အောင် မှောင်နေ၏။ ရံဖန်ရံခါ ကျင်တိတ်ဘောလုံးရုံမှ လွင့်ပြန့်လာသော မီးစက်သံ တဖုတ် ဖုတ်မှလွဲ၍ ဘာသံမှ မကြားရ။ တိတ်ဆိတ်သော မှောင်မိုက်သော ထိုညတွင် ရွာလမ်းအတိုင်း အရိပ်မည်းသုံးခုက နင်ဂျာများလို မှောင် ရိပ်ခိုလျှက် ပြေးလာကြသည်။

ဆင်ဇလုပ် နင်ဂျာများ ဥက္ကာ့ အိမ်ခြံဘေးသို့ ပြေးကပ်လာကြ ၏။ နင်ဂျာခေါင်းဆောင်ဖြစ်ဟန်တူသော သူက ဖောင်တိန်ဓာတ်မီး အသေးနှင့် နာရီကို အုပ်ဆိုင်း၍ ထိုးကြည့်လိုက်သည်။ အချိန်ကား ဆယ့်တစ်နာရီ ငါးဆယ့်ငါး။

ခေါင်းဆောင်က နောက်လိုက်နှစ်ယောက်အားလက်ငါးချောင်း ထောင်ပြ၏။ ဘာကိုဆိုလိုမှန်း မသိသော်လည်း ရုပ်ရှင်ထဲကအတိုင်းနောက် လိုက်များက ခေါင်းညိတ်ပြကြသည်။ ရွာတောင်ဖျားဆီမှ ခွေးတစ် ကောင် ဆွဲဆွဲငင်ငင် အူလိုက်သည်။ ခွေးတို့ဘာသာဘာဝ တစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com

အလိုက်သည်နှင့် ကြားသမျှ ခွေးအပေါင်း လိုက်အူကြ၏။ သို့နှင့် ခွေးအူသံကြီးက ရွာတောင်ဖျားဆီမှ နင်ဂျာများရှိရာဆီသို့ ပြေးလာသလို ကြားလိုက်ရသည်။

နင်ဂျာထဲတွင် သရဲကြောက်သူတစ်ယောက် ပါလာပုံရ၏။

'ခွေးအူသံကြီးက အသည်းထိတ်စရာ ကောင်းလိုက်တာကွာ၊ အဲဒါ သရဲမြင်လို့ အူတာကွ၊ ငါကြောက်တယ်'

'ကြောက်ရင် ပြန်ကွာ'

'တစ်ယောက်တည်း မပြန်ရဲဘူးဟ၊ ကြောက်တယ်'

'အဲဒါဆိုလည်း စောင့်နေ၊ မိန်းမ လာခိုးပါတယ်ဆိုမှ မင်းကို အိမ်ပြန်ပို့ပေးနေရဦးမှာလား'

နင်ဂျာအချင်းချင်း သရဲကိစ္စနှင့် စိတ်ဝမ်းကွဲကာ စကားများနေ ခိုက် တစ်ယောက်က လက်တို့သတိပေးလိုက်သည်။ အားလုံး၏ အာရုံက ဥက္ကဋ္ဌအိမ်ကြီးဆီသို့ ရောက်သွားကြ၏။

အိမ်ကြီး၏ တစ်နေရာဆီမှ ဓာတ်မီးရောင်လက်လာ၏။ ဖွင့်ချိ ပိတ်ချိ သုံးကြိမ်လုပ်ပြတာ မြင်ကြရသည်။ နင်ဂျာခေါင်းဆောင်က သူ့ဓာတ်မီးနှင့် ဖွင့်ပိတ်သုံးကြိမ် ပြန်လုပ်ပြလိုက်၏။ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်မှုက ကြီးစိုးနေသည်။ နင်ဂျာများမှာ စိတ်စောခြင်း၊ စိုးရိမ်ခြင်းတို့နှင့် ချွေးပြိုက်ပြိုက်ကျနေကြ၏။

ခဏအကြာတွင် ခြေသံတဖုတ်ဖုတ်ကြားရပြီးနောက် ခြံစည်းရိုးကျော်၍ မည်းမည်းပျော့ပျော့ အရာကြီးတစ်ခု ဗုန်းခနဲ ပြုတ်ကျလာ၏။

'အောင်မလေး'

သရဲကြောက်တတ်သော နင်ဂျာ ထအော်လိုက်ရာ အနီးရှိ နင်ဂျာက အချိန်မီပါးစပ်ကို အုပ်လိုက်နိုင်သဖြင့် ဗျာဟူသော နောက်ဆုံးစကားလုံးကိုပင် မအော်လိုက်နိုင်ရှာ။ ခေါင်းဆောင်က ဓာတ်မီးနှင့် ထိုးကြည့်သောအခါ ထဘီထုပ်ကြီးဖြစ်နေတာတွေ့ရ၏။

စက္ကူနံ့ပိုင်းအတွင်း ထုံဝေစည် ခြံပြင်ထွက်လာတာ မြင်ရသည်။ နင်ဂျာခေါင်းဆောင်က ဆီးကြိုလိုက်၏။

'ကိုအောင်'

'ရွှေရည်'

'အဖေကောင်းကောင်း မအိပ်ဖူးထင်တယ်၊ မြန်မြန်သွားမှ ဖြစ်မယ် ကိုအောင်'

'ဟုတ်တယ် ရွှေရည်၊ ပေး... သေတ္တာပေး'

နင်ဂျာခေါင်းဆောင် အောင်ဘက မှုံရွှေရည် လက်ထဲမှ သေတ္တာကို ယူကာ သရဲကြောက်သော နင်ဂျာ မင်းမြတ်လက်ထဲ ထည့်၏။ သူကိုယ်တိုင်ကမူ ခေါင်းဆောင်ပီသစွာ ကောင်မလေးလက်ကိုဆွဲကာ ရှေ့မှဦးဆောင်ပြေးတော့သည်။

သူတို့နောက်မှ သေတ္တာဆွဲသောနင်ဂျာနှင့် ထဘီထုပ်ထမ်းသောနင်ဂျာတို့ ပြေးလိုက်သွားကြသည်။

ရွာထဲသို့ ဦးတည်ပြန်ပြေးနေသဖြင့် မင်းမြတ်က နားမလည်နိုင်စွာမေး၏။

'ဟေ့ကောင်... ဘယ်ကိုသွားနေတာလဲ၊ မြို့ကိုပြေးမှာ မဟုတ်ဘူးလား'

'ဟင့်အင်း... ငါ့အိမ်ကို'

'ဟာ... ဖြစ်မလား၊ ချက်ချင်းမိမှာပေါ့'

'အဲဒါ နောက်ဆုံးပေါ် မိန်းမခိုးနည်း၊ မသိရင် အသာနေ'

မင်းမြတ် နားမလည်နိုင်စွာဖြင့် ဆက်ပြေးနေရ၏။ မကြာမီ အောင်ဘ အိမ်သို့ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com


အောင်ဘ အမေနှင့်အစ်မက ဆီးကြို၏။ ရွှေရည် ရှက်နေပုံ ရသည်။

'ရွှေရည် ထပ်ခိုးက ဘီရိုထဲ ဝင်ပုန်းနေ၊ ကိုယ် အဆင်သင့် လုပ်ထားတယ် သိလား၊ အိမ်မှာ စာကောရေးထားခဲ့ရဲ့လား'

'ရေးထားခဲ့တယ် ကိုအောင်'

'ကဲ... အမေ သား စိတ်ချမယ်နော်၊ ဥက္ကဋ္ဌက သေချာ ပေါက်လာရှာမှာပဲ၊ သားကို အဓိကမေးမှာ၊ ဘောပွဲသွားကြည့်တယ်လို့သာ ပြောလိုက်၊ အိမ်ပေါ်တက်မှာတောင် မဟုတ်ဘူး'

'အေးပါ စိတ်ချပါ၊ ကဲ... ကဲ... သွားကြတော့'

အောင်ဘ မိသားစုနှင့် ရွှေရည် အိမ်ထဲဝင်သွားတော့ မင်းမြတ်တို့သုံးယောက် ကျင်တိတ်ဘောလုံးရုံဆီ ပြန်ပြေးကြရပြန်သည်။ ရှာတောင်ဖူးနှင့်မြောက်ဖူးနှစ်ပြန်ပြေးရသဖြင့် အားလုံးလျှာထွက်နေကြ၏။

ဘောပွဲကစနေပြီမို့ အားလုံး ရုံထဲဝင်ထိုင်နေလိုက်ကြသည်။ ဂျူဗင်တပ်နှင့် အေစီမီလန် ဘာ(ဂ)ဘယ်လိုကန်နေကြမှန်းမသိ။ သုံးယောက်လုံး စိတ်ဝင်စား၍ မရဘဲ ဥက္ကဋ္ဌ ရောက်လာပြီး ပွဲကြမ်းမည့်အချိန်ကိုသာ ရင်တထိတ်ထိတ်နှင့် စောင့်စားနေကြရ၏။

ထင်သည့်အတိုင်း ပထမပိုင်း ပြီးခါနီးတွင် ပြဿနာစတော့သည်။ ပွဲမပြီးခင် ရုံထဲကလူတွေ အကုန်ထွက်ခိုင်း၍ အားလုံးပွည်ပွည်ဖြစ်ကုန်ကြ၏။

အောင်ဘ ထွက်လာသောအခါ ဥက္ကဋ္ဌက အောင်ဘဂုတ်ကို လှမ်းဆွဲပြီး...

'ဟေ့ကောင် ဘယ်မလဲ ငါ့သမီး'

'ဗျာ... ဥက္ကဋ္ဌ ဘာတွေလာပြောနေတာလဲ'

'အူကြောင်ကြောင် လုပ်မနေနဲ့ အောင်ဘ၊ မင်း ငါ့သမီးကို ခိုးသွားတာ မဟုတ်လား'

'ဟာ... ဥက္ကဋ္ဌသမီး လင်နောက်လိုက်သွားလို့လား၊ အဲဒါ ကျွန်တော် မဟုတ်ဘူး၊ ကျွန်တော်နဲ့ မဆိုင်ဘူး၊ ကျွန်တော် ခိုးသွားရင် ဒီမှာ ဘောပွဲလာကြည့်နေပါ့မလား၊ အဓိပ္ပာယ်မရှိတာကို'

'ဟေ့ကောင်... ဒီမှာ စာရေးထားခဲ့တာကွ'

ဥက္ကဋ္ဌက မှုံရွှေရည် ရေးသွားသောစာကို ထုတ်ပြ၏။ အောင်ဘ ယူဖတ်လိုက်သည်။

'ဟာ... သူရေးသွားတာ အရှင်းကြီးဥစ္စာ၊ အဖေနဲ့အမေ သမီးကိုခွင့်လွှတ်ပါ၊ သမီး ကညွတ်ကွင်းက ချစ်သူနောက်လိုက်သွားပါပြီ၊ လိုက်မရှာပါနဲ့၊ သမီးမိုက်တဲ့၊ ကညွတ်ကွင်းကကောင်နဲ့ လိုက်သွားတာလေ၊ ကျွန်တော့်ကို ဘာလို့လာစွပ်စွဲနေတာလဲ၊ အိမ်ကိုကော သွားရှာကြည့်သေးလား'

'ရှာတယ်၊ အိမ်ထဲတောင် ဝင်ရှာတယ်၊ မင်းအမေက ဘောပွဲသွားတယ်ဆိုလို့ ဒီကိုလိုက်လာတာ'

'ဒီလောက် ရှင်းနေတာကိုများဗျာ၊ ကျွန်တော့်ကို သဘောမတူဘူးလို့ ပြောကတည်းက မှုံရွှေရည်နဲ့ အဆက်အသွယ်မရှိတော့တာ၊ ဒီကိစ္စ ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး၊ ဥက္ကဋ္ဌသမီးမှာ ရည်းစားဘယ်နှစ်ယောက်ရှိနေမှန်းမှ မသိတာ'

'ဟေ့ကောင်... ဟေ့ကောင်... ငါ့သမီးက မျက်နှာမများဘူး'

အခြေအနေက ရှင်းမထိ ပတ်လည်ရိုက်နေ၏။ ဥက္ကဋ္ဌနှင့် အတူ အတွင်းရေးမှူး ဆယ်အိမ်ခေါင်းတို့အပြင် မှုံရွှေရည်၏ မောင်တစ်ယောက်လည်း ပါလာသည်။ ရွှေရည့်မောင်က ရှာနေသည်ထင်၏။

www.burmeseclassic.com

www.burmeseclassic.com

'အဖေရာ တော်ပါတော့ဗျာ၊ ကညွှတ်ကွင်းကို လိုက်ရအောင်ပါ၊ မမသူငယ်ချင်းတွေ သားသိပါတယ်၊ အချိန်မီရှာရအောင်'

'အေး… ငါ့သားပြောတာ မှန်တယ်၊ မသွားခင် ရုံထဲ အရင်ဝင်ရှာလိုက်ဦး'

ဥက္ကဋ္ဌအမိန့်အရ ဆယ်အိမ်ခေါင်းနှင့်အဖွဲ့ ရုံထဲဝင်ရှာကြသည်။ ဒီကို လာမှမလာတာ။ ဘယ်လိုလုပ် တွေ့ပါ့မလဲ။ နောက်ဆုံး ဥက္ကဋ္ဌနှင့်အဖွဲ့ ကညွှတ်ကွင်းသို့ ခရီးဆက်ရန် ထွက်ခွာသွားကြ၏။

ထိုအခါမှ ရွာသားများလည်း ပွစိပွစိနှင့် ပြောဆိုကာ ဘောလုံးပွဲ ဆက်ကြည့်ရန် ရုံထဲပြန်ဝင်သွားကြ၏။ မင်းမြတ်၊ အောင်ဘနှင့် သာဂိတို့ ရုံထဲ ပြန်မဝင်တော့ဘဲ လက်ဖက်ရည်ဆိုင် ထိုင်ကြသည်။

လက်ဖက်ရည် မရတော့ဟုဆိုသဖြင့် သာဂိထုံး နှလုံးမူပြီး ပါဝါနှင့်ဖေကို ရောသမမွှေ၍ မျှော့ချနေကြ၏။

ဆိုင်ရှင်ဘုတ်အီးက မျက်မြင်အခြေအနေကိုပင် ထပ်ပြီး အံ့တာဗျူးလုပ်နေပြန်သည်။ အောင်ဘက ခပ်တည်တည်နှင့် သတင်းစာရှင်းလင်းပွဲလုပ်၏။

'မင်းနဲ့ တကယ်မပတ်သက်ဘူးပေါ့ ဟုတ်လား အောင်ဘ'

'ကိုဘုတ်အီးကလည်းဗျာ၊ ကျော်တော့ လေ့သူကြီး ညားတော့ လှေထိုးသား၊ နာမည်ကြီးထမင်းငတ်တဲ့ အောင်ဘပါဗျာ၊ ကိုယ့်ဟာလေး သူများနောက်ပါသွားလို့ စိတ်ညစ်ညစ်နဲ့ အရက်သောက်နေပါတယ်ဆို၊ ငိုချင်လျက်လက်တို့ လာလုပ်နေရလား'

တကယ်တော့ဘုတ်အီးမှာ ဥက္ကဋ္ဌ၏သတင်းပေးတစ်ယောက်သာဖြစ်၍ အောင်ဘကပင် မင်းသေသေနှင့် ထပ်လိမ့်နေတာပဲ ဖြစ်သည်။

'အေးပါကွာ၊ ငါက မင်းကို သနားလို့ပါ'



'ဥက္ကဋ္ဌကလည်း အထူအပါး နားမလည်ဘူး၊ မိန်းမခိုးတဲ့လူက ဘောလုံးပွဲလာကြည့်ပါ့မလား၊ သူ့မိန်းမအသစ်နဲ့ သူ့ဟာသူ အိပ်နေမှာပေါ့'

'ဒါလည်း ဟုတ်တာပဲကွ'

အောင်ဘက ဝမ်းပန်းတနည်း အမူအရာနှင့် ဖေပါဝါကို ဒလစပ်သောက်မော့နေ၏။ ဘုတ်အီး အတော်သနားပြီး ယုံကြည်သွားရှာသည်။

'မိန်းမတွေ သစ္စာမရှိဘူးကွာ၊ တောက်… ရက်စရာကောင်းလိုက်တာ၊ ဒါ… ထိပေါက်ပြီး လက်မှတ်က ရေစိုစုတ်ပြဲပျက်စီးသွားတာ'

'တရားနဲ့ဖြေပါ အောင်ဘရာ'

အိုက်တင်ကောင်းလှသော အောင်ဘ၏သရုပ်ဆောင်မှုအောက်တွင် ဘုတ်အီးမှာ မျက်ရည်ပင် စို့လာရ၏။ မင်းမြတ်နှင့်သာဂိလည်း အောင်ဘကို ချော့မော့ဟန်ဆောင်ကာ တွဲခေါ်ပြီး ထပြန်လာကြသည်။ အတော်လှမ်းလှမ်းရောက်မှ သုံးယောက်သား ဟားတိုက်ရယ်ကြ၏။

'ဟေ့ကောင်… မင်း ဘာဆက်လုပ်မှာလဲ'

'ဒီလိုပဲ ဟန်မပျက်ဆက်နေမှာပေါ့၊ ရွှေရည် အပြင်လုံးဝမထွက်ဘူး၊ ငါလည်း ပုံမှန်အလုပ်ဆင်းနေရင် ဥက္ကဋ္ဌ မျက်စိလည်သွားမှာလေ'

'အကြံပိုင်တဲ့ ငခွေးဆိုတာ မင်းပါပဲ အောင်ဘရယ်'

'ဟိုင်း… ကူညီတာတွေ သိပ်ကျေးဇူးတင်တယ်ကွာ၊ ဒါပေမဲ့ ငါ မှီရွှေရည်နဲ့ ထုံဝေစည်ချင်လှပြီကွ၊ အားလည်းနာတယ်၊ ခင်လည်းခင်တယ်၊ မင်းတို့ပြန်တော့'

'ဟား… ပေါ်တင်ကြီး နှင်ထုတ်နေပါလား အောင်ဘ၊ မရ

www.burmeseclassic.com

www.burmeseclassic.com

ဘူး၊ ငါကြောက်တယ်၊ အိမ်ပြန်ပို့ပေး၊ မပို့ရင် မင်းနဲ့ရွှေရည်ကြား ငါဝင်အိပ်မှာ'

'ဟာကွာ၊ သရဲကြောက်တဲ့ကောင်ကတစ်မျိုး၊ ဒီလိုမှန်းသိရင် မင်းကို မခေါ်ခဲ့ပါဘူး၊ ငါ အိပ်ချင်ပြီကွ'

'အဲဒါဆို ငါလည်း ဒီမှာပဲ အိပ်မယ်'

အောင်ဘ အိမ်ရှေ့မှာ ဆူညံဆူညံ ဖြစ်နေသဖြင့် သာဂိက ဝင်၍ ညာညှိရသည်။

'မရဘူး အောင်ဘ၊ မင်းမြတ်ကိုပြန်ပို့ပြီးမှ မင်း ဒီည နှစ်ပါး သွားလို့ရမှာ၊ ရွှေရည်က အိမ်ထဲရောက်နေပါပြီကွာ'

'ဟမ်… ဘာကိစ္စ ငါက ရိုက်သတ်ရမှာလဲ၊ ဘူမပိတ်အောင် အတူအိပ်မှာ၊ ရှင်းလား'

'ရှင်းတယ်၊ ဒါပေမဲ့ ပိုရှင်းသွားအောင် မင်းမြတ်ကို အရင် ရှင်းလိုက်၊ ဒါမှ မင်းလည်း ထင်ထင်လင်းလင်းနဲ့ ဝင်… ဝင်… ဟိုဒင်း… အဟဲ… အိပ်လို့ရမှာ'

'အေးပါကွာ၊ အေးပါ၊ မင်းတို့နှစ်ကောင်နဲ့နော်၊ ဟင်း…'

## အခန်း(၁၂)

အဖေတစ်ယောက် မြေးကိုလွမ်းသည်စိတ်နှင့် အိပ်ရာထဲ ခွေ နေတော့၏။ နေ့စဉ်နေ့တိုင်း ငွေမှုံတို့အိမ်သွားကာ မြေးမျက်နှာကို ဖူးရသည်။ ကိုယ့်အိမ်မှာရှိနေသလို အချိန်မရွေး တွေ့ခွင့်မရသဖြင့် စိတ်အဆာမပြေဘဲ အိပ်ရာခွေသည့်အဆင့်သို့ ရောက်သွားရသည်။ လွမ်းဖျားလွမ်းနာကျသည့်သဘောပင် ဖြစ်၏။ မင်းမြတ်မှာလည်း စပါးများ ရိတ်သိမ်းခြွေလှေ့ရသည်နှင့် မအားလပ်အောင် အလုပ်များ နေရသဖြင့် အဖေ့ကို အမေကသာ ပြုစုနေရသည်။

သို့သော် အခြေအနေက ကောင်းမလာဘဲ ပိုပိုဆိုးလာသဖြင့် ဆေးရုံတင်ရန် ဆုံးဖြတ်လိုက်ကြရသည်။ သင်းရုံနဲ့ အကူအညီနှင့် အစစအရာရာ အဆင်ပြေခဲ့သော်လည်း အဖေနှလုံးရောဂါဖြစ်နေပြီဟု အထိတ်တလန့် သိလိုက်ကြရ၏။

ဆေးရုံတွင် နှစ်ပတ်ခန့် ဖိဖိစီးစီး ကုသပြီးနောက် ထူထူ ထောင်ထောင် ပြန်ဖြစ်လာသည်။ အဖေ ဆေးရုံတွင် ရှိနေစဉ်အတွင်း ငွေမှုံနှင့်ဇော်မင်းသစ် တစ်ခေါက်လာ သတင်းမေးကြသည်။ ဇော်မင်း သစ်က အမျိုးသိသလိုလို အဖေ့ပေါ်က မဆင်းတော့ လိုနေက အဖေ အသက်ဆုံးနှင့် ထူထူထောင်ထောင်အဖြစ်ဆုံးနေ့ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မြေးကို လွမ်းသည့်စိတ်နှင့် နှလုံးရောဂါ ခံစားနေရကြောင်း သိရသောအခါ ငွေမှုံလည်း မျက်နှာမကောင်းရှာ။

သို့သော်လည်း ဘာမှမတတ်နိုင်သည့် ကိစ္စ ဖြစ်နေသည် မဟုတ်လား။ ကလေးနှိပြတ်ရင် ခေါ်ထားပါဟုသာ အားနာစွာ ပြော သွားရှာ၏။

သင်းရန့်က လူရင်းပီပီ မင်းမြတ်အား ပွင့်လင်းစွာ အကြံပေး သည်။ နှလုံးရောဂါဆိုတာ ရှောင်ရှားနိုင်ကြောင်း၊ လူနာကို စိတ်ချမ်းသာ အောင် ထားဖို့လိုကြောင်း၊ အဓိကက မြေးကိုခင်တွယ်စိတ်ပင်ဖြစ် ကြောင်း၊ မြေးနှင့်တွေ့ခွင့်ရအောင် စီစဉ်ပေးသင့်ကြောင်း၊ ထိုချဉ်းချင် ကို ဖြည့်ဆည်းနိုင်လျှင် ဆေးကုဆေးသွင်းတာထက် ပိုမိုထိရောက်နိုင် ကြောင်းများ ရှင်းပြ၏။

သို့နှင့် အမေနှင့်မင်းမြတ်လည်း စိတ်လေစွာနှင့် အဖေ့ထံ အိမ်ပြန်ခေါ်လာခဲ့ကြရသည်။

ငွေမှုံလည်း တတ်အားသရွေ့တော့ ဖြည့်ဆည်းပေးရှာသည် ကလေးကို နို့ဝအောင်တိုက်၍ လာလာပို့ထား၏။

အတူမနေသည့် ရက်ပိုင်းအတွင်းမှာ ကလေးက အမေ့ ပိုခင်သွားသည်လား မပြောတတ်။ အမေပျောက်သွားသည်နှင့် အေ မရအောင် ငိုတော့၏။ နောက်ဆုံးတော့ ကလေးပင်ပန်းတာ မကြ ရက်သဖြင့် လာမပို့တော့ရန် တားထားလိုက်ရတော့သည်။

စိတ်ညစ်စရာများ ဆက်တိုက်ကြုံတွေ့နေရသဖြင့် မင်းမြ တစ်ယောက် စိတ်ပြေလက်ပျောက် ကျင်တိတ်ညစျေးတန်းသို့ လျှော ခဲ့၏။

ထုံးစံအတိုင်း ဖောပါဝါသာဂိကို ဘုတ်အီးဆိုင်တွင် အခန့်သ တွေ့ရသည်။ ထိုအခါမှ အောင်ဘတို့ကိစ္စကို သတိရ၏။ ကိုယ့်ဒု



နှင့်ကိုယ် အလုပ်ရှုပ်နေသဖြင့် အောင်ဘ သတင်းတောင် နားမစွင့်မိ ချေ။ သာဂိနှင့်တွေ့မှပင် မေးရတော့၏။

'ဟိုကောင်တွေ ပြန်အပ်ပြီးကြပြီလား သာဂိ'

'အပ်ပြီးပြီလေကွာ၊ မင်းအဖေဆေးရုံတက်နေတဲ့ရက်မှာ'

'ဘယ်လိုဖြစ်သွားကြတာလဲ'

'အိမ်မှာ ဖွက်ထားတာ တစ်ပတ်ပြည့်တဲ့နေ့မှာပေါ့၊ မှုံရွှေရည် ရေဆင်းချိုးနေတုန်း သူ့မောင်ဖြတ်အလျှောက်မှာ တွေ့သွားတာလေ'

'ပြဿနာတွေ ဘာတွေ တက်သေးလား'

'မတက်ပါဘူးကွာ၊ သူ့သမီးကို ဒစ်စကောင့်ချရင်တောင် ယူမယ့်သူမှ မရှိတော့တာ၊ အောင်ဘလက်ပဲ ထိုးအပ်ရတော့တာပေါ့'

'ဟား… ဟား… ဟား… ကောင်းတယ်၊ ပြီးတော့လည်း ပြီးသွားတာပဲ မဟုတ်လား၊ ဟား… ဟား… ဟား'

'ဒါနဲ့ မင်းအတိုးကြီး အခြေအနေ ဆရာမနဲ့ အခြေအနေတွေ ကော'

'အဖေကတော့ ဒီလိုပါပဲ၊ တရှောင်ရှောင်နဲ့ပေါ့၊ ဆောင်းက သင်တန်းမပြီးသေးလို့ တောင်ငူမှာပဲ'

'အင်း… မင်းတို့လည်း ယူသင့်ပြီနော်'

'အဖေ့ကျန်းမာရေးကောင်းမှ စဉ်းစားလို့ရမှာပါကွာ၊ အဝေး ကြီးလိုပါသေးတယ်'

'မင်းတို့ ပိုက်ဆံရှိတာပဲ၊ ရန်ကုန်တာ ကြာကုပါလား'

'ရန်ကုန်တက်ကုစရာမလိုဘူး၊ သူ့ဖြေ တက်ကုမှ ရမှာ'

'အင်း… မင်းတို့အဖြစ်ကလည်း မပွယ်ပါလား၊ ငါတစ်ခု ပြောကြည့်မယ်ကွာ၊ မင်း ငွေမှုံကို ယူပေါက်လို့မဖြစ်ဘူးလား'

'ဘာကွ၊ ဟောကောင် မင်း ဘာ ပြောတာလဲ'

www.burmeseclassic.com

www.burmeseclassic.com

'စိတ်ထိန်း သူငယ်ချင်း၊ ငါက အားလုံးအဆင်ပြေမယ့်နည်းကို စဉ်းစားကြည့်တာ'

'အင်း… ငါ့မှာ ဆောင်းမရှိရင်တော့ တစ်မျိုးပေါ့၊ ငါ ဆောင်းကို သိပ်ချစ်တယ်ကွာ'

'အေးလေ၊ ဟုတ်တော့လည်း ဟုတ်ပါတယ်၊ ဘေးကကြည့်လို့ အကွက်မြင်ပေမယ့် ကိုယ်တိုင်ဝင်ကစားရတဲ့ ဘောသမားက စွမ်းဆောင်နိုင်ဦးမှကိုး'

သာဂိနှင့်ဆွေးနွေးပြီးမှ မင်းမြတ် စိတ်တို့ ပိုရှုပ်သွားရသဖြင့် အိမ်ပြန်လာခဲ့ရသည်။ ဆင်ဇလုပ်သည် တမင်လုပ်ထားသော စိမ်းကားခြင်းမျိုးနှင့် မင်းမြတ်အား ခပ်စိမ်းစိမ်းလှမ်းကြည့်လျက်ရှိ၏။

အိမ်ပြန်ရောက်တော့ အဖေအိပ်နေတာတွေ့သဖြင့် ခြင်ထောင်ချပေးခဲ့ပြီး အမေနှင့်အတူ ထမင်းစားလိုက်သည်။

ထမင်းစားရင်း အမေက မင်းမြတ်ကိုသာ အရိပ်တကြည့်ကြည့်လုပ်နေသဖြင့် မနေတတ် မထိုင်တတ် ဖြစ်လာတော့၏။

'အမေ ဘာပြောစရာရှိလို့လဲဟင် ပြောလေ'

'ပြောရင်လည်း မတရားရာ ကျနေမလားလို့'

အမေ့စကားကြောင့် မင်းမြတ် စိတ်လေးသွားရ၏။ ဘာကို ရည်ရွယ် ပြောချင်နေမှန်းမသိ၍ သိရအောင် စကားတောက်လိုက်သည်။

'ဘာကိုပြောချင်တာလဲ အမေ၊ အဖေ့ရောဂါအတွက် ဆေးဖိုးလိုလို့လား၊ ငွေလုံလုံလောက်လောက်ရှိပါတယ်၊ မပူနဲ့အမေ'

'အင်း… အဖေ့ရောဂါအတွက်ဆိုတာ မှန်ပေမယ့် ငွေမလိုဘူး'

'ရှင်းရှင်းပြောပါ အမေရယ်'

www.burmeseclassic.com



'ဒါဆိုလည်း အားမနာဘဲ ပြောတော့မယ်၊ သားအဖေအတွက် ငွေမှုံကို လက်ထပ်ပြီး မြေးလေးကို ပြန်ခေါ်ပေးပါကွယ်'

'ဗျာ'

မထင်မှတ်သော အချိန်တွင် မမျှော်လင့်သော စကားကိုကြားလိုက်ရသဖြင့် အထိတ်တလန့် ဖြစ်သွားရ၏။

'အမေတို့ ငွေမှုံကိုလည်း ချစ်တယ်၊ မြေးလေးကိုလည်း မခွဲနိုင်ဘူး၊ မိသားစု ဥမကွဲသိုက်မပျက် နေထိုင်ခွင့်ရဖို့ သားအနစ်နာခံပေးလို့ မရဘူးလားကွယ်၊ ဒါဆို အဖေ့အသက်ကိုပါ ကယ်ခွင့်ရမှာ'

အမေ့စကားက ငြင်းလို့မရလောက်အောင် ပြီးပြည့်စုံနေသည်။ ဘယ်လိုအကြောင်းပြ ငြင်းရမှန်းမသိဖြစ်နေ၏။ ခုနေမှ ရည်းစားရှိသည်ပြောလျှင်လည်း ငွေမှုံကို မယူချင်၍ အကြောင်းပြသည်ဟု ထင်ဦးမည်။ ကျဉ်းထဲကြပ်ထဲ ရောက်ကာ မလှူးသာမလွန့်သာ ဖြစ်နေရ၏။ ရုတ်တရက်အကြံရသွား၍ အကောင်းဆုံး မေးခွန်းဖြင့် တုန့်ပြန်လိုက်သည်။

'ဒီကိစ္စ ငွေမှုံကိုရော အသိပေးပြီးပြီလား အမေ၊ ငွေမှုံဆန္ဒကကော ဘာတဲ့လဲ'

'ငွေမှုံကို မပြောရသေးပါဘူး၊ ဒါပေမဲ့ သူ့အစ်မအေးညိုကိုတော့ ရိပ်ဖမ်းသဲဖမ်း ပြောကြည့်ဖူးတယ်၊ အေးညိုကတစ်ဆင့် ငွေမှုံ သိနေမှာပဲ'

'အင်း… သားလည်း မိဘကျေးဇူးဆပ်ချင်ပါတယ် အမေ၊ ဒါပေမဲ့ လူကြားလို့ကော ကောင်းပါ့မလား'

'မဆိုင်ပါဘူး သားရယ်၊ ကိုယ့်ဘဝ ကိုယ့်အကြောင်းပဲဟာ၊ လူတွေပြောမှာဆိုမှာ ကြောက်နေရင် အီးတောင်ကျယ်ကျယ်ပေါက်ဝံ့

www.burmeseclassic.com

မှာ မဟုတ်ဘူး၊ မင်းအဖေအသက်ရှည်ဖို့ ငွေမှုံနဲ့ မြေးလေးဘဝ အဆင်ပြေဖို့ပဲ အရေးကြီးတာ'

'ဒါဆိုလည်း ငွေမှုံဆီက အဖြေသိရမှ သားရဲ့ဆန္ဒကို ပြောပါရစေ၊ အဖေ့ကို ကယ်ချင်စိတ်ရှိပေမယ့် ငွေမှုံကို ဘယ်လိုမျက်နှာနဲ့ လက်ထပ်ရမှာလဲဆိုတာ သားစဉ်းစားလို့ကို မရဘူး အမေ'

'ငါ့သားပြောတာလည်း ဟုတ်ပါတယ်၊ အမေပြောမိတာ များများမှားသွားပြီလား၊ သိပ်တစ်ကိုယ်ကောင်းဆန်နေပြီလားဆိုတာ တောင် မပြောတတ်တော့ပါဘူးကွယ်'

'ရပါတယ် အမေ၊ စိတ်ထဲ မထားပါနဲ့၊ မိသားစုအရေးဆိုတာ မိသားစုဝင်အားလုံး ဆွေးနွေးညှိနှိုင်းတိုင်ပင်ကြရမှာပဲ မဟုတ်လား'

'အေးလေ၊ အဖြေတစ်ခုခုရဖို့ဆိုတာ ကာယကံရှင်တွေအပြင် ဆွေမျိုးအသိုင်းအဝိုင်းရဲ့ ထင်မြင်ချက်ကလည်း အရေးပါသေးတာ ကိုး'

'ကဲ… အမေ၊ သား စပါးတွေ အမိုးအကာအောက်ရောက်ဖို့ အစီအစဉ်တွေ ပြင်ဆင်စရာတွေ ရှိသေးလို့ အပြင်သွားလိုက်ဦးမယ်'

'ကောင်းပြီ သား'

မင်းမြတ် စိတ်ညစ်ညူးစွာနှင့် အိမ်ထဲမှ ထွက်ခဲ့၏။ စကားပြောချင်စိတ် မရှိသဖြင့် ကွင်းချောင်းစပ်သို့ ထွက်လာပြီး လူရှင်းရာ ချောင်းစပ်မှာ ထိုင်နေလိုက်၏။

တွေးမရသည့် အချက်တစ်ခုမှာ သာဂီ၏အတွေးနှင့် အမေ၏အတွေး ဘာကြောင့် သွားတူနေရသလဲဆိုတာပဲ ဖြစ်၏။ ဆင်ဖလုပ် တစ်ရွာလုံး ဤသို့တွေးနေကြပြီဆိုလျှင်တော့ တစ်ရွာလုံးနှင့်တစ်ယောက် ဖြစ်ချေတော့မည်။



'ဆောင်းရယ်… အမြန်ပြန်လာပါတော့၊ ကိုယ် ဆောင်းနဲ့ တွေ့ပြီး ဒီကိစ္စကို ဆွေးနွေးကြည့်ချင်တယ် ဆောင်းရယ်'

မနက် အိပ်ရာထသည်နှင့် သားလေး ဓော်ခင်သစ်၏ ဝူးဝူး ဝါးဝါးအသံကို ကြားလိုက်ရသဖြင့် ဝမ်းသာပြီး ပြေးထွက်လာခဲ့ရာ ငွေမှုံကိုပါ မြင်တွေ့လိုက်ရ၍ မင်းမြတ် ကြောင်အမ်းအမ်းဖြစ်သွားခဲ့ ရသည်။

ငွေမှုံ မျက်နှာကို မကြည့်ရဲသဖြင့် ကလေးကိုသာ မွှေးဖက် နှုတ်ဆက်ပြီး အဖေ့အခြေအနေကို အကဲခပ်ကြည့်မိ၏။ အဖေ့မျက်နှာ သည် လန်းဆန်းတက်ကြွပြီး သွေးရောင်လွှမ်းနေတာ တွေ့ရ၏။

အမေလည်း ပျော်နေပုံရသည်။ သို့သော် မရီးတော် စံယဉ်မှာစ သီးယောက်မအား မကြည့်ရဲ ရင်မဆိုင်ရဲသဖြင့် အားလုံးကိုခြုံငုံနှုတ် ဆက်ပြီးလယ်ထဲသို့ ထွက်လာခဲ့သည်။ သည်ကာလက စပါးပွဲစား တွေ အဝယ်တော်တွေ ခြေချင်းလိမ်သည့်အချိန် ဖြစ်၏။

မင်းမြတ်လည်း ဘယ်သူ ဈေးပိုပေးနိုင်မလဲဆိုသည့် သတင်း ကိုသာ နားစွင့်ရူးစမ်းနေ၏။ အနိမ့်ဆုံးဈေးသည်ပင် မနှစ်က ဈေး ထက် မြင့်နေသဖြင့် မင်းမြတ် အားတက်ရွှင်လန်းနေမိသည်။

နေ့ခင်းလောက်တွင် ဆိုင်ကယ်နှင့် လိုက်ရှာနေသော သာဂီ ကိုတွေ့ရ၍ အကျိုးအကြောင်း မေးကြည့်ရသည်။

'ရှာလိုက်ရတာကွာ၊ မင်းအဖေ ရှော့ခ်ဖြစ်သွားလို့ [illegible] ပြီး ဆေးရုံပို့လိုက်ရပြီကွ'

'ဟင်… ဘယ်… ဘယ်လိုဖြစ်သွားရပြန်တာလဲကွာ၊ မနက် ကပဲ အကောင်းကြီးဟာကို'

www.burmeseclassic.com

www.burmeseclassic.com



'အေး... ဟုတ်တယ်၊ ငွေမှုံနဲ့ သူ့မြေးပြန်သွားမှ ထဖြစ်တာ'

'ဟား... ဒုက္ခပါပဲကွာ၊ ဘယ်သူ လိုက်ပို့တာလဲ'

'အောင်ဘနဲ့ မင်း အမေကွ၊ ကဲ... တက်တက် တို့တွေ လိုက်သွားရအောင်၊ အားလုံး စိတ်ပူနေလိမ့်မယ်၊ မင်းကိုရှာပြီး ခေါ် လာခဲ့မယ်ပြောထားတာ'

မင်းမြတ် ဘာမှထပ်မပြောတော့ဘဲ သာဂိဆိုင်ကယ်ကို ခွ လိုက်ရ၏။ အဖေ၏ မြေးအပေါ် စွဲလမ်းစိတ်က သူ့ဘဝကို စီရင်ချက် ချလိုက်ပြီလားဟု အထိတ်တလန့် တွေးဖြစ်သည်။

ဆေးရုံရောက်တော့ အဖေ့အခြေအနေက အားရစရာမရှိတာ တွေ့ရသည်။ သင်းရနံ့က တစ်ရက်လောက်စောင့်ကြည့်ပြီး အခြေအနေ တိုးတက်မှု မရှိခဲ့လျှင် ရန်ကုန်ပို့တာ ကောင်းမည်ဟု အကြံပေး၏။

ဆေးသွင်းပြီး အောက်ဆီဂျင်ပေးထားသဖြင့် အဖေ မှိန်းနေ သည်။ ထိုအခွင့်အရေးကို အမိအရယူပြီး သင်းရနံ့အား လက်ဖက်ရည် စားသောက်ဆိုင်သို့ ခေါ်လာခဲ့သည်။

ရက်ပိုင်း လပိုင်းအတွင်း အကြီးအကျယ်ပြောင်းလဲသွားသော အကြောင်းချင်းရာများကို ရင်ဖွင့်ရှင်းပြရတော့၏။ အကြောင်းစုံကို သိလိုက်ရသော သင်းရနံ့မှာ မျက်လုံးအဝိုင်းသားနှင့် အံ့သြနေရှာ ၏။

'ဒီလိုတွေထိတောင် ဖြစ်ကုန်တော့တာကိုး၊ ကိုမင်းမြတ် ဘယ်လို ဆုံးဖြတ်ထားလဲ၊ ဘယ်လို အဖြေပေးမလဲ'

'ကျွန်တော်လည်း မပြောတတ်တော့ပါဘူး ရနံ့ရယ်၊ ဆောင်း အမြန်ပြန်လာပါစေလို့ပဲ ဆုတောင်းနေတာ၊ သူနဲ့တိုင်ပင်ကြည့်မလား လို့'

'ကိုမင်းမြတ်ကလည်း ဒါ တိုင်ပင်လို့ရတဲ့ ကိစ္စမှ မဟုတ် တာ၊ စဉ်းစားကြည့်လေ၊ မိန်းမယူသင့် မယူသင့်ဆိုတာ ရည်းစားကို ဆုံးဖြတ်ခိုင်းမလို့လား၊ ဆောင်းက ဘာပြန်ဖြေရမှာလဲ'

'အဲ... ဟုတ်သားပဲ၊ ကျွန်တော် အဲဒါကို မတွေးမိဘူး၊ ဒါဆို အကြံပေးပါဦးဗျာ၊ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'မငွေမှုံနဲ့ကိစ္စက ကျွန်မလည်း အကြံမပေးတတ်ဘူး ကိုမင်း မြတ်၊ ဆောင်းလည်း သဘက်ခါလောက် ဒီမှာအလုပ်ပြန်ဝင်မယ်လို့ ဖုန်းဆက်တယ်၊ ဟိုကိစ္စ သူ့ဟာသူပဲ သိပါစေ'

'ဖြစ်ပါ့မလားဗျာ၊ တော်ကြာ မပြောရကောင်းလားဆိုပြီး'

'ပြောလိုက်ရင် ဆောင်းက ရှောင်သွားမှာပေါ့'

'ဟား... ခေါင်းစားလိုက်တာဗျာ၊ ဘာလုပ်ရမှန်းတောင် မသိ တော့ပါဘူး'

'ကျွန်မ တစ်ခုတော့ အကြံပေးလို့ရမယ်၊ အကြံပေးတယ် ဆိုတာထက် ဖြစ်သင့်တာကို ထောက်ပြတယ်ဆိုရင် ပိုမှန်မှာပါ'

'ပြောပါ ရနံ့'

'တကယ်တော့ ကိုမင်းမြတ်နဲ့ဆောင်းက သူစိမ်းတွေပါ၊ ကြား ထဲမှာ အပြန်အလှန် တပ်မက်မှုဆိုတာလေးနဲ့ပဲ နှောင်တဲထားကြတာ လေ၊ တစ်ဖက်မှာကျတော့ မိဘ၊ မရီးနဲ့ လူမမယ်တူဆိုတဲ့ သံယောဇဉ် ကြိုးလေးချောင်းနဲ့ ဆက်နွယ်ယှက်သွယ်ထားတာလေ'

ရနံ့၏စကားအဆုံးမှာ မင်းမြတ်တစ်ယောက် ခေါင်းငိုက်စိုက် ကျသွားရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ငွေမှုံနှင့် ဇော်မင်းသစ်တို့ ဆေးရုံသို့ လိုက်လာကြ၏။ မြေးလေး၏ အသံကြားသည်နှင့် ဆေးသွင်းထားသဖြင့် မှိန်းနေသော အဖေ့မျက်ခွံများ ပွင့်လာသည်။ မျက်ဝန်းတို့လည်း တောက်ပအရောင်ထွက်လာခဲ့၏။

ဆန်းကျယ်လှသော ထိုစွမ်းအားကို အားလုံး တအံ့တသြ ဖြစ်ကြရသည်။ ငွေမှုံလက်ပေါ်မှ သားလေးက ခုတင်ပေါ် ကုန်းကုန်းဆင်းနေသဖြင့် သူ့အဘိုးဘေးမှာ တင်ပေးထားရ၏။ မြင်ရသော ဆေးစွမ်းကြောင့်လည်းကောင်း မမြင်ရသော ဆေးစွမ်းကြောင့်လည်းကောင်း ထိုနေ့မှာပင် ထူထူထောင်ထောင် ဖြစ်လာခဲ့သည်။

အားလုံး၏ တောင်းပန်တိုးလျှိုးမှုနှင့် ငွေမှုံ မပြန်ဖြစ်တော့။ နှလုံးအတူးတုထက် မြေးအတူးတုက ပို၍ အရေးကြီးနေသည်မဟုတ်လား။ နေရေးထိုင်ရေး အဆင်ပြေစေရန် မာမူကြီး အကူအညီနှင့် ဆေးရုံနားမှာ အိမ်တစ်လုံးအား တစ်ရက်တစ်သောင်းနှင့် ငှားပေးထားလိုက်၏။

ညဘက် လူနာစောင့်အဖြစ် မင်းမြတ် တာဝန်ယူပြီး နေ့ခင်းဘက်တိုတော့ အမေနှင့်ငွေမှုံတို့ တာဝန်ယူကြ၏။ များသောအားဖြင့် ဆေးရုံတွင်းမှ စားသောက်ဆိုင်လေးတွင် မင်းမြတ် အမြဲရှိနေတတ်၏။

ငွေမှုံတို့ ရောက်လာပြီး နှစ်ရက်မြောက်နေ့တွင် အဖေ ကျန်းကျန်းမာမာပြန်ဖြစ်လာသည်။ ခုတင်ပတ်၍ လမ်းလျှောက်နိုင်လာသည်။ အမေက မင်းမြတ်အားလက်တို့ခေါ်၍ ကော်ရစ်ဒါတွင် တီးတိုးစကားဆို၏။

'တွေ့တယ်မဟုတ်လား သား၊ မင်းအဖေအတွက် ဆေးအစွမ်းနဲ့ မြေးအစွမ်း ဘယ်ဒင်းက ပိုသာသလဲဆိုတာ'



'ဟုတ်ပါပြီ အမေရယ်၊ အမေသာ ငွေမှုံကို ရအောင်စည်းရုံးကြည့်ပါဦး'

'စည်းရုံးစရာ မလိုပါဘူးကွယ်၊ ငွေမှုံက မင်းလက်ခံရင် သူ မငြင်းပါဘူးတဲ့'

'ဗျာ'

ထိုစကားက မင်းမြတ်နှလုံးသားအား အကျယ်ချုပ် ကျသွားစေတာပဲဖြစ်သည်။

'ဒါ… ဒါဆို ငွေ… ငွေမှုံက သားနဲ့ကိစ္စကို သဘောတူတယ်ပေါ့၊ သူ့အမေတွေ သူ့အမျိုးတွေကကော'

'ငွေမှုံ သဘောတူတယ်ဆိုတာကလည်း မင်းအဖေကို အသက်ရှည်စေချင်တာ တစ်ခုတည်းနဲ့ပါ၊ သူ့အမေကတော့ သဘောမတူဘူး၊ အစ်မတွေ ညီမတွေကတော့ သဘောတူကြသတဲ့'

'ဟူး'

မင်းမြတ် သက်ပြင်းကိုသာ ချလိုက်ရတော့၏။ သူ့ဘက်တွင် ဘယ်သူမှ ရှိမနေပါလားဆိုသော အသိက သူ့ကိုဝါးမျိုသွားခဲ့ချေပြီ။ ကော်ရစ်ဒါမှ လူနာဆောင်ထဲ ပြန်ဝင်လာသောအခါ အဖေ့အား ခေါက်ဆွဲပြုတ်ခွံ့နေသော ငွေမှုံအား တွေ့ရ၏။

'အဖေ နေကောင်းတယ်နော်'

'ကောင်းပါတယ် သားရယ်၊ ငါ့မြေးနဲ့ချွေးမက ပြုစုနေကြတော့ မြန်မြန်နလန်ထလာတော့တာပေါ့ကွာ'

အဖေပြောလည်း ပြောချင်စရာပါ။ ငွေမှုံက ခန္ဓာအတွက် အာဟာရဖြည့်ပေးနေသလို ဇော်မင်းသစ်လေးက ခေါင်းအုံးနှင့်အဖေ့လက်ကြားတွင် ဝင်ထိုင်ရင်း အဖေ့လက်မှာ ထောင်ထနေသော သွေးကြောများကို ကစားစရာလို စမ်းသပ်ကိုင်တွယ်ဆိတ်ဆွဲနေသည်က

www.burmeseclassic.com

www.burmeseclassic.com

စိတ်အာဟာရဖြည့်တင်းပေးနေခြင်းပင် မဟုတ်လား။

ထိုမြင်ကွင်းက မင်းမြတ်၏နှလုံးသားကို ဆုပ်ဆွဲလိုက်သလိုလို၊ ပျော်ရွှင်ကြည်နူးချစ်ရည်လူးနေကြသော မြေးအဘိုးကို ကြည့်ရင်း အမေသည်လည်း ပီတိဖြစ်နေရှာသည်။

'သား'

'ဗျာ… အဖေ'

'အဖေတို့လည်း အသက်တွေကြီးလာတော့ ကျန်းမာရေးက ချုချာလာပြီကွ၊ နေရထိုင်ရတာ သိပ်မနိုင်ချင်တော့ဘူး၊ အဖေ မသေခင် အဖေ့ရဲ့နောက်ဆုံးဆန္ဒကို လိုက်လျောမပေးနိုင်ဘူးလား သား'

'အဖေ့ဆန္ဒကို ပြောပါ၊ တတ်နိုင်သမျှ လိုက်လျောပေးပါ့မယ် အဖေ'

အဖေက မင်းမြတ်အား စူးစူးနစ်နစ်ကြည့်ရင်း…

'အချိန်မတန်ခင် လောကထဲက ထွက်သွားရတဲ့ သားရဲ့အစ်ကိုကြောင့် နွမ်းနယ်နေရတဲ့ ဘဝနှစ်ခုကို ဖေးမပေးပါ၊ ငွေမှုံရဲ့အနာဂတ်ကို တာဝန်ယူပြီး မြေးလေး အဖေ့နားက ထွက်မသွားအောင် တားပေးပါ'

မျှော်လင့်ထားသောစကားသည် ထက်ရှသော ဓားသွားအလားနားထဲသို့ ဝင်သွား၏။ မင်းမြတ် ငွေမှုံအားကြည့်လိုက်မိသည်။ ငွေမှုံ မျက်လွှာချထား၏။ မင်းမြတ်ပါးစပ် အာစေးထည့်ထားသလို ဖြစ်နေရသည်။

မင်းမြတ် ဇော်မင်းသစ်အား ပွေ့ချီလိုက်၏။ ကလေးက မင်းမြတ်နှာခေါင်းပေါက်ထဲ သူ့လက်လေးထည့်ကြည့်၏။ နှာခေါင်းကို ဆွဲညှစ်၏။ နှုတ်ခမ်းများကို ပွတ်သပ်ကိုင်တွယ်၏။ မင်းမြတ် ယားကျိကျိဖြစ်လာသည်။



မင်းမြတ် တင်းမထားနိုင်တော့ဘဲ ပြုံးမိ၏။ အားလုံးက မင်းမြတ် စကားကို မျှော်လင့်နေကြပြီ…

'အဖေ့မြေး အဖေ့နားက ထွက်မသွားအောင် သား အမြဲပွေ့ချီထားပါ့မယ် အဖေ'

'ဝမ်း… ဝမ်းသာလိုက်တာ သားရယ်၊ ဝမ်းသာလိုက်တာ၊ မြေးလေး လာပါဦး အဘိုးဆီကို'

အဖေက လက်ဆန့်တန်း လှမ်းခေါ်နေသဖြင့် သားလေးကို ကမ်းပေးလိုက်၏။ အဖေက မြေးကို ထွေးပွေ့ထား၏။ မိသားစုအားလုံး ပြုံးပျော်နေကြတာ တွေ့ရ၏။ မင်းမြတ် အနေနှင့် ပျော်မပျော်ဆိုတာ သူ့ကိုယ်သူပင် မသေချာ။

ထိုမိသားစုဆွေးနွေးပွဲအား ကော်ရစ်ဒါမှ ဖြတ်လာရင်း အစအဆုံး ကြားလိုက်ရသူတစ်ယောက်ရှိနေ၏။ ထိုသူမှာ ဆရာမလေး ဆောင်းနှင်းဝေသာ ဖြစ်သည်။ သင်တန်းပြီးသွား၍ ဒီနေ့မှ အလုပ်ပြန်ဝင်ရန် ရောက်လာခြင်းပင်။ သင်းရနံ့ သတင်းပေး၍ ချစ်သူ မင်းမြတ်၏ဖခင် နှလုံးရောဂါနှင့် ဒုတိယအကြိမ်မြောက် ဆေးရုံရောက်နေတာ သိရပြီး တွေ့လိုဇောနှင့် လာခဲ့သော်လည်း…

ဆောင်းနှင်းဝေ နံရံကိုမှီရင်း မလှုပ်မယှက် ဖြစ်နေ၏။ ချစ်ရသူမိသားစု၏ ကြည်ကြည်နူးနူး ရယ်မောသံက သူမအား ခြောက်လှန့်နေခဲ့သည်။ ဆောင်းနှင်းဝေ ဆုံးဖြတ်ချက်တစ်ခု မဖြစ်မနေချလိုက်ရ၏။

ပြတင်းတံခါးမှ အတွင်းသို့ မသိမသာ ခိုးကြည့်မိသည်။ မင်းမြတ်၏ဖခင်က မြေးကိုချီရင်းပျော်နေသလောက် မင်းမြတ်မျက်နှာ မလန်းမဆန်းဖြစ်နေတာ တွေ့ရသည်။ ဒီလောက်ဆိုလျှင်ပဲ ဆောင်းနှင်းဝေ ဖြေသာသွားပြီဖြစ်၏။ သားလိမ္မာ၏ မိဘကျေးဇူးဆပ်ပွဲကို ဖျက်

www.burmeseclassic.com

www.burmeseclassic.com

လိုဖျက်ဆီး ပြုလုပ်ရန်ဆန္ဒများ သူမထံတွင်ရှိမနေပါ။ သို့ဖြစ်၍ လေးကန်ဖင့်နွဲ့သော ခြေလှမ်းများနှင့် သူမ ထွက်ခွာလာခဲ့ရလေတော့၏။

❀

အလုပ်ရှုပ်နေသော သင်းရန့်ကို လှမ်းမျှော်ကြည့်ရင်း သူ့ကို မြင်နိုင်စေရန် လှုလုံးပြနေမိ၏။ ဆယ့်ငါးမိနစ်ခန့်ကြာမှ သင်းရန့် သူ့ကိုမြင်တွေ့သွားသည်။

နာရီကို ကြည့်ရင်း သင်းရန့် ထွက်လာ၏။

'ရန့် ဒီနေ့ ဆောင်းပြန်ရောက်မယ်ဆို'

'အင်း... ကိုမင်းမြတ် စားသောက်ဆိုင်က စောင့်ပါလား။ ကျွန်မ လာခဲ့မယ်၊ ပြောစရာလေးရှိလို့'

'ဩော်... ဟုတ်ကဲ့'

ဘာများပါလိမ့်။ ပြောစရာစကားဆိုတာ ဘာပါလိမ့်။ အဖြေမရှိသော အတွေးကြောင့် ညစ်နွမ်းသော စိတ်နှင့် စားသောက်ဆိုင်ထဲ ဝင်ထိုင်နေလိုက်သည်။ သူ့ရင်ထဲမှာတော့ ငွေမှုံအား လက်ထပ်ရန် ယခုထိ ယုံကြည်ချက်မရှိသေး။ ဖခင် ကျန်းမာရေးအတွက် နှစ်သိမ့်ပေးခဲ့ခြင်းမျှသာဖြစ်၏။

ကော်ဖီမစ် တစ်ဝက်ကျိုးချိန်တွင် သင်းရန့် ရောက်လာသည်။ မင်းမြတ်က သင်းရန့် ဘာပြောမလဲ စောင့်စားရင်း ရင်တွေခုန်လာ၏။

'မနက်က ဆောင်းရောက်လာတယ် ကိုမင်းမြတ်'

'ဟင်... ဟုတ်လား၊ သူ... သူ ဘယ်မှာလဲ ဟင်'

'အဲဒါတွေ ကျွန်မ ပြောပြချင်နေတာ၊ ဆောင်းကို ကိုမင်းမြတ် အဖေ ဆေးရုံတက်နေတယ်၊ ကိုမင်းမြတ်လည်း ရှိနေတယ်



ပြောလိုက်လို့ သူလည်း ဝမ်းသာအားရ လူနာဆောင်ဘက် ထွက်သွားတယ်လေ'

'ဟင်... မလာပါဘူး၊ ကျွန်တော်နဲ့လည်း မတွေ့ဘူး'

'ဟုတ်မှာပါပဲ၊ ဒါပေမဲ့ သူတစ်ခုခု သိလာခဲ့ပုံပဲ၊ မျက်စိပျက်မျက်နှာပျက်နဲ့ ပြန်ရောက်လာတယ်လေ၊ ပြီးတော့ ဒီနာရီလေး ကိုမင်းမြတ်ကို ပေးလိုက်ပါဆိုပြီး ထွက်သွားတော့တာပဲ'

'ဗျာ'

ဆောင်းနှင်းဝေအတွက် ချစ်သက်လက်ဆောင်အဖြစ် မင်းမြတ်ဝယ်ပေးခဲ့သော နာရီလေးမှန်း မြင်ရုံနှင့် သူသိသည်။

အဖြေက ရှင်းနေပြီလေ။

သူနှင့်ဆောင်း၏ ချစ်ပုံပြင်က ဒီမှာပဲ နိဋ္ဌိတံသွားပြီပေါ့။

'ကျွန်မ လိုက်ရှာကြည့်တော့မှ ခွင့်တင်ပြီး ပြန်သွားတယ်တဲ့၊ ဒါနဲ့ စိတ်ပူပြီး အိမ်ကိုလိုက်သွားတော့မှ ကိုမင်းမြတ် အဖေ ငွေမှုံ့ကို လက်ထပ်ဖို့ တောင်းဆိုနေတာကို သူကြားခဲ့တာတဲ့'

'ဟာ'

'ဒီနာရီလေး ပြန်ပေးခဲ့ပြီး တောင်ငူကို ပြန်သွားတယ် ကိုမင်းမြတ်၊ ခွင့်ရက်ရှည်ယူသွားတာ'

'ဟား... သွားပါပြီဗျာ'

မင်းမြတ် နာရီလေးကို ကိုင်ရင်း ဖုန်းဖုန်းလဲမသွားအောင် ထိန်းထားလိုက်ရ၏။

သူ သင်းရန့်၏ မျက်နှာကို မကြည့်ရဲတော့။

'ဒီအဖြစ်မှာ အပြစ်ရှိတာက ကံကြမ္မာပါ ကိုမင်းမြတ်ရယ်၊ ဖြစ်ချင်တာတွေချည်းပဲ အဆင်ပြေပြေ ဖြစ်နေရင် မျက်ရည်ဆိုတာ ရှိနေမှာ မဟုတ်ပါဘူး၊ ကဲ... ကျွန်မ သွားမယ်နော်'

www.burmeseclassic.com

www.burmeseclassic.com


သင်းရနံ့ ထွက်သွားသော်လည်း မင်းမြတ် နှုတ်မဆက်မိတော့ချေ။

ရင်ညွန့်အရပ်၌ မြေပြို့ခဲ့ပြီ။

နှလုံးသွေးတို့ ယိုစီးခဲ့ပြီ။ မင်းမြတ်တစ်ယောက် အချစ်အား မြေမြုပ်သင်္ဂြိုဟ်ခဲ့ရပြီလေ။

ဟန်ဆောင်မျက်နှာဖုံးကို စွပ်၍ လူနာဆောင်သို့ ပြန်လာခဲ့သည်။ အဖေက မြေးလေးနှင့် ဆော့၍မဝသေး။ ဇော်မင်းသစ်က အဖေ့ဗိုက်ပေါ်ခွထိုင်၍ အဖေနှင့် စကားပြောနေသည်။ အသက်ခြောက်ဆယ်နှင့် ခြောက်လသားတို့၏ ဘာသာဗေဒက တူညီနေသည်ထင်၏။ ဝူးဝူးဝါးဝါးနှင့်ပင် တစ်ယောက်ပြောသမျှ တစ်ယောက် နားလည်နေကြ၏။

အမေနှင့်ငွေမှုံက စကားကောင်းနေကြသည်။

'ဘာတွေပြောနေကြတာလဲ အမေရဲ့'

'သားနဲ့ငွေမှုံရဲ့ မင်္ဂလာကိစ္စ ဆွေးနွေးတိုင်ပင်နေကြတာလေ၊ ငွေမှုံက မင်္ဂလာမဆောင်ချင်ဘူး၊ မင်္ဂလာဆွမ်းကျွေးလောက်ပဲ လုပ်ပါတဲ့'

'အဲဒါ ကောင်းသားပဲ အမေရဲ့၊ သားလည်း ငွေမှုံဆန္ဒနဲ့ တစ်ထပ်တည်းပဲ'

'အောင်မလေးတော် ခုကတည်းက အတိုင်အဖောက်ညီနေ လိုက်ကြတာ၊ ဟင်း... ဟင်း... ဟင်း... ကိုဟန်မြတ် ကြားတယ်နော်၊ တော့်သားသမီးတွေရဲ့ဆန္ဒကို'

'ကြားပါတယ်ကွာ၊ သူတို့ဆန္ဒက ကျုပ်ဆန္ဒပဲပေါ့ကွ၊ ဟုတ်တယ်နော် ငါ့မြေး'

'ဝူး... ဝူး... ဝါး... အာဘူး'

'ဟော... ငါ့မြေးကလည်း ဟုတ်တယ်တဲ့'

အားလုံးကြည်သာရွှင်ပျ ရယ်မောကြစဉ် အဖေက အောင်မလေး အဘလေး တသည်။

မင်းမြတ်တို့ စိတ်ပူသွားကြရပြန်၏။

'အဖေ... ဘာဖြစ်လဲ၊ ဘာဖြစ်လို့လဲ'

'ဟာကွာ၊ ငါ့မြေး ငါ့ကို ရှူးရှူးနဲ့ ကန်တော့ပြန်ပြီကွ'

'ဟား... ဟား... ဟား... ဟား...'

မင်းမြတ်နှင့် ငွေမှုံ ခုတင်တစ်ဖက်တစ်ချက်ဆီမှ ပြိုင်တူလိုပင် သားလေးကို လှမ်းချီလိုက်ကြ၏။ မင်းမြတ်နှင့်ငွေမှုံ၏ နဖူးဖူးစာ ဆုံကြရပြန်သည်။ အကြည့်ချင်းဆုံတော့ ရင်မခုန်သော်လည်း နွေးထွေးမှုကို ခံစားရ၏။ အမေက အဖေ့ကို အဝတ်အစားလဲပေးနေသည်။

ငွေမှုံက ကလေးချီရင်း မင်းမြတ်အား မော့ကြည့်သည်။

မင်းမြတ် ရင်ညွန့်အရပ်၌ တွဲလွဲခိုနေသော အသည်းပုံနာရီလေးအား သတိရသွား၏။ အိပ်ကပ်ထဲမှ နာရီလေးကို ထုတ်ယူလိုက်ရင်း...

'ငွေမှုံ ဒီနာရီလေးကို အမြဲပတ်ထားနော်၊ တို့တွေအတွက် အမှတ်တရ သင်္ကေတလေးပေါ့'

မင်းမြတ်၏လက်ဆောင်ကြောင့် ငွေမှုံ၏ မျက်နှာလေး ဝင်းပ သွားသည်ဟု သူ ထင်မိ၏။

'စံပယ်ဖူးစ ဆီးယောက်မလေးရယ် တို့တွေကြားမှာ ပဒုမ္မာ ယုန်တောင်လို့တောင် စကားထာ ဖွက်ခွင့်မရခဲ့ဘူးနော်'

www.burmeseclassic.com

www.burmeseclassic.com

သားလေးက မင်းမြတ်ထံ ကော့ထိုးနေ၍ လှမ်းချီလိုက်သည်။ သားကိုထိန်းထားသော ငွေမှုံ၏လက်များကို မင်းမြတ်လက်များ အုပ်မိုးသွား၏။

နွေးထွေးသောခံစားမှုများက လက်များမှတစ်ဆင့်…။

တန်ခူးလေပြေ